

www.burmeseclassic.com
တက္ကသိုလ်
ဝင်းကြွယ်
ကုလုံ၏ရှုလွှတောင်း
အမုန်းနွယ်ယှက်
အရိပ်မဲ့
ဒုတိယပိုင်း
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းကြွယ်

# အာမုန်းနွယ်ယှက်အာရီပြမ်မဲ့

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၃၂၁၀၇
၂၀၀၇ - ခုနှစ်

ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဇင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

# ထိပ်တိုက်

နေမှာ ခြစ်ခြစ်တောက် ပူပြင်းနေပါသည်။

ထိုပူပြင်းသော နေရောင်ခြည်အောက်၌ လူနှစ်ယောက် ရပ်လျက်ရှိ၏။

ထိုလူနှစ်ယောက်မှာ ငွေဒင်္ဂါးနှင့် ရောက်လုံတို့ပင် ဖြစ်ပါသည်။

ငွေဒင်္ဂါးသည် ရောက်လုံထံသို့ ဖြည်းဖြည်းချင်း လျှောက်သွားရင်း စိတ်ထဲ ချီတုံ ချတုံ ဖြစ်နေသည်။

ယခု...

သူ ရင်ဆိုင်ရမည့်သူမှာ ဝိညဉ်အလံနှင့် ပတ်သက်နေသည်။

ငွေဒင်္ဂါးမှာ ဝိညဉ်အလံဟူသော အသံ ကြားလိုက်ရသည်နှင့် ခေါင်းနပန်း ကြီးသွားမိသည်က အမှန်ဖြစ်၏။

ရောက်လုံမှာလည်း အခြေအနေအရ လှုပ်ရှားနေရသော်လည်း စိတ်ထဲတွင်တော့ တုန်လှုပ်မိ၏။

တစ်ဖက်လူမှာ ကြောက်စရာကောင်းလှသူ တစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေဒဂ်ါးမှာ လူတစ်ယောက်၏ အသက်အား အသံလုံးဝ မထွက်ဘဲ နုတ်ယူနိုင်၏။

ထိုစဉ် ငွေဒဂ်ါးထံမှ စကားသံ ထွက်လာ၏။

"မိတ်ဆွေရဲ့ အမည်က အမည်မဲ့ အဘိုးအိုဆိုတာ ဟုတ်လား"

ရှောက်လုံက ငွေဒဂ်ါးအား အလစ်မပေးဘဲ ကြည့်နေရင်းမှ...

"ဟုတ်တယ်"

သံပြတ် ပြောလိုက်၏။

ငွေဒဂ်ါး မျက်မှောက်ကြုတ်ကာ...

"ကျုပ်အရင်က ဒီနာမည်ကို မကြားမိပါလား"

ရှောက်လုံက...

"ခင်ဗျားက သိုင်းလောကနဲ့ အဆက်အသွယ် ပြတ်နေလို့ ဖြစ်ပါလိမ့်မယ်"

ငွေဒဂ်ါးက တည်ငြိမ်စွာဖြင့် မေးလိုက်သည်။

"နေပါဦး... ကျုပ်ကို ဒီနေရာအထိ ဘာကြောင့် ခေါ်လာခဲ့ရတာလဲ"

ရှောက်လုံသည် ငွေဒဂ်ါး၏ အမေးကို မဖြေဘဲ စကားလွှဲ ပြောလိုက်သည်။

"မိတ်ဆွေကြီးက ဘာကြောင့် ကျောက်စိဂိုဏ်းချုပ် ကုန်းမိကို ချောင်းပြီး လုပ်ကြံရတာလဲ"



ထိုစကားကြောင့်...

ငွေဒဂ်ါးမှာ အံ့သြထိတ်လန့်သွားသည်။

"ကုန်းမုနဲ့ ခင်ဗျားတို့က ဘယ်လိုများ ပတ်သက်နေပါသလဲ"

ရှောက်လုံက အေးစက်သော အမူအရာဖြင့် ပြန်ပြောသည်။

"ဘယ်လိုမှတော့ မပတ်သက်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားဟာ အရိပ်မဲ့လက်သည်း ရှောက်လုံရဲ့ အခွင့်အရေးကို လုယူသွားလို့ပါ"

ဤတွင်...

ငွေဒဂ်ါးမှာ ငေးကြောင်သွား၏။

ထို့နောက် ရှောက်လုံအား တည့်တည့်ကြည့်၍ မေးလိုက်၏။

"ခင်ဗျားက ဘာပြုလို့ ဒီကိစ္စမှာ ဝင်ရှုပ်ချင်ရတာလဲ"

ရှောက်လုံက ချက်ချင်း ပြန်ဖြေသည်။

"ဘာကြောင့်လဲဆိုတော့ ရှောက်လုံဟာ ကျုပ်တို့ ညီနောင်နဲ့ ပတ်သက်နေလို့ပါ"

ငွေဒဂ်ါးက ရှောက်လုံအား ခက်ထန်စွာ ကြည့်လိုက်၏။

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်ချင်လို့လဲ"

ရှောက်လုံက စဉ်းစားသလို တစ်ချက် ငြိမ်နေလိုက်ပြီးမှ ပြောလိုက်သည်။

"ခင်ဗျား အနေနဲ့ ကုန်းမုကို ဘာကြောင့် သတ်ရတယ် ဆိုတာ သာ ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



ငွေဒင်္ဂါးက…

"တကယ်လို့ ကျုပ်က မပြောနိုင်ဘူးဆိုရင်ကော"

ရှောက်လုံက သဘောကျစွာ ရယ်မောလိုက်၏။

"ဟဲ…ဟဲ…ကျုပ်က အဲဒီလို ခေါင်းမာတဲ့ စကားကို မကြားချင်ဆုံးပဲ"

ငွေဒင်္ဂါးက အသံမာမာဖြင့်…

"ကျုပ်ကလဲ သူများရဲ့ အမိန့်ကို နားထောင်တဲ့ လူစားမျိုး မဟုတ်ဘူး"

ရှောက်လုံက…

"ဒါဆို သိပ်ကောင်းတာပေါ့၊ ခုချိန်ကစပြီး ခင်ဗျားနဲ့ကျုပ် ဘယ်သူက ကျား ဘယ်သူက သမင် ဆိုတာ သိရအောင် ယှဉ်ကြည့်ကြတာပေါ့"

ပြောလိုက်လေသည်။

ငွေဒင်္ဂါးက သံပြတ်ဖြင့် ပြန်မေးလိုက်သည်။

"ကျုပ်ကို မတုံ့ပြန်ဖို့ စေခိုင်းနေတာလား"

ရှောက်လုံက အထက်စီးရသည့် လေသံမျိုးဖြင့် ခပ်ကြွားကြွား ပြန်ပြောသည်။

"ခင်ဗျား သိရင် ပြီးတာပဲ"

ငွေဒင်္ဂါးက အားပါးတရ ရယ်မောလိုက်ပြီး…



"သိပ်ရယ်စရာ ကောင်းတယ်၊ ဒါပေမဲ့…"

ရှောက်လုံက ချက်ချင်း မေးလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကျုပ်ကို ခင်ဗျားနဲ့ ရိုက်ရန် မဖြစ်ဖို့ တစ်စုံတစ်ယောက်က မှာထားတယ်"

ရှောက်လုံက တစ်ချက် ပြုံးလိုက်သည်။

"ဒါဆိုရင်လည်း အေးအေး သက်သာ ကျုပ် မေးတာကို ဖြေလိုက်ရင် ပြီးရောပေါ့"

ငွေဒင်္ဂါးက ခေါင်းခါယမ်းလိုက်ပြီး…

"ဒီလိုတော့ မဖြေနိုင်ဘူး"

ရှောက်လုံက တမင် အချိန်ဆွဲ၍ ပြောနေခြင်း ဖြစ်၏။

စင်စစ် ငွေဒင်္ဂါးအား ဤကဲ့သို့ မထုတ်လာခြင်းမှာ အသံရှင်၏ ဆန္ဒအရသာ ဖြစ်သည်။

ရှောက်လုံမှာ မည်ကဲ့သို့ ဆက်လက် ပြုလုပ်ရမှန်း ယခုတိုင် စဉ်းစား၍ မရဘဲ ရှိနေသည်။

ငွေဒင်္ဂါး၏ စကားအရ ကုန်းမှုအား လုပ်ကြံလိုက်ခြင်းမှာ လျှို့ဝှက်ချက် မပေါက်ကြားစေလိုသဖြင့် တမင် နှုတ်ပိတ်လိုက်ခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင်…

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံအတွက် ရန်စတစ်ခုကို တိုး၍လာပြန်ပြီ ဖြစ်၏။

ထို့ကြောင့်...

ယခုကဲ့သို့ ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချရန် ဆုံးဖြတ်လိုက်၏။

ရောက်လုံက ဓားကို မထုတ်တော့ဘဲ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လိုက်၏။

"ကဲ...စတိုက်နိုင်ပြီ"

ရောက်လုံ ရုတ်တရက် ပြောလိုက်သော စကားကြောင့် ငွေဒဂါးမှာ ဇဝေဇဝါ ဖြစ်သွား၏။

ရောက်လုံအား ကြည့်လိုက်သောအခါ လက်ချည်း ယှဉ်ပြိုင်ရန် ဖြစ်နေသောကြောင့် ဖြစ်၏။

ငွေဒဂါးက မယုံကြည်နိုင်သော လေသံဖြင့်...

"တကယ်ပဲ စတိုက်ရတော့မှာလား"

မေးလိုက်၏။

ရောက်လုံက...

"ကျုပ်က ခင်ဗျားကို နောက်စရာအကြောင်း လုံးဝမရှိဘူး၊ ခင်ဗျားနဲ့ ကျုပ် တစ်ယောက်ယောက် လဲကျသွားရင်တော့ အဖြေရှင်းသွားပါလိမ့်မယ်"

ငွေဒဂါးက အသံသေး အသံကြောင်ဖြင့် ရယ်လိုက်၏။



ပြီးမှ...

"ကောင်းပြီလေ ကျုပ်ကလည်း ခင်ဗျားရဲ့ ပညာစွမ်းရည်ကို ကြည့်ရသေးတာပေါ့"

ပြောပြီးသည်နှင့် တစ်ပြိုင်နက် လက်ဝါးနှစ်ဖက်ကို ရှေ့သို့ တွန်းထုတ်လိုက်၏။

ငွေဒဂါး၏ လှုပ်ရှားမှုကို အစဉ်မပြတ် စောင့်ကြည့်နေသော ရောက်လုံကလည်း လက်ဝါးနှစ်ဖက်ဖြင့် တန်ပြန်ရိုက်ချလိုက်၏။

"ဝုန်း"

လက်ဝါးနှစ်စုံ ထိတွေ့သံ ထွက်ပေါ်လာ၏။

နှစ်ဦးစလုံး၏ ကိုယ်များသည် တုန်ခါသွား၏။

ခန္ဓာကိုယ်နှစ်ခုလုံးသည် မူလနေရာမှ လုံးဝ မရွေ့ရှားဘဲ တည်ငြိမ်စွာ ရပ်နေ၏။

ပြင်းထန်သော အတွင်းအားနှစ်ခုက ထိပ်တိုက် တွေ့ဆုံနေပေပြီး တူညီနေကြောင်း သိသာနိုင်၏။

ငွေဒဂါးသည် ရုတ်တရက် နောက်သို့ ခုန်ဆုတ်သွားပြီး ချက်ချင်း ပြင်းထန်သော လက်ဝါးရိုက်ချက် တစ်ခုကို သုံးလျက် ဝင်လာပြန်သည်။

ရောက်လုံက ပြင်းထန်သော လက်ဝါးဖြင့် ပြန်လည်ခုခံလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ်တွင် နှစ်ဦးစလုံးမှာ အပြင်းထန်ဆုံးသော အတွင်းအားကို ထုတ်၍ သုံးလေတော့သည်။

နှစ်ဦးစလုံးမှာ ပြင်းထန်သော အတွင်းအားများဖြင့် ယှဉ်ပြိုင်နေခြင်းဖြစ်၍ ဘေးမှ သာမန် လူတစ်ယောက်က ဤမြင်ကွင်းအားတွေ့လိုက်ရပါက အသက်ထွက်လုမတတ် ကြောက်ရွံ့တုန်လှုပ်သွားစေနိုင်၏။

လက်ဝါးရိုက်ချက်များမှာ လေထုကို ထိုးဖောက်၍ တဝိုးဝိုးမြည်နေလေတော့၏။

✻ ❖ ✻

တိုက်ပွဲမှာ ပြင်းထန်လှပေသည်။

တိုက်ကွက်ပေါင်း နှစ်ဆယ်ကျော်သည်အထိ ယှဉ်ပြိုင်ပြီးသွားခြင်း မရှိသေးပါ။

တစ်ဦးနှင့်တစ်ဦး လက်ရည်တူညီနေ၏။

နှစ်ဦးစလုံး၏ စိတ်ထဲတွင် ထိတ်လန့် တုန်လှုပ်မှု ဖြစ်ပေါ်လာလေသည်။

ဤသို့ဖြင့် ...

တိုက်ပွဲပေါင်း တစ်ရာကျော်လာသည့်တိုင် တစ်ဖက်နှင့်တစ်ဖက် အနိုင်မတိုက်နိုင်ဘဲ ရှိနေ၏။



ရှောက်လုံမှာ စိတ်မရှည်တော့ပါချေ။

ထို့ကြောင့် ...

ဉာဏ်ကစား၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ရှောက်လုံက အကြိတ်အနယ် တိုက်ခိုက်နေရင်းမှ ရင်တစ်ခြမ်းဖွင့်၍ ဟာကွက်ကို လှစ်ပြလိုက်၏။

ထိုအခါ ...

"ဖြန်း"

"ဖြန်း"

လက်ဝါးရိုက်ချက်က တစ်ယောက်တစ်ပြန်ဆီ ထိမှန်သွားလေသည်။

လက်ဝါးနှင့် ခန္ဓာကိုယ်ထိသံ နှစ်ချက်ဆင့်၍ ထွက်ပေါ်လာပြီး အရိပ်နှစ်ခုက ကွဲကွာသွား၏။

ရှောက်လုံ၏ လက်ဝါးနှစ်ဖက်အား ငွေအင်္ဂါး၏ လက်ဝါးရိုက်ချက်နှစ်ချက် ဆင့်၍ ဝင်သွား၏။

သွေးတို့သည် လည်မျိုဆီသို့ ပျို့တက်လာသည်။

သို့သော် ...

သံချပ်ကာ အင်္ကျီနှင့် အတွင်းအားကို ကြိုတင်စုစည်းသော ခံထားလိုက်သဖြင့် အနည်းငယ် အအောင့်သက်သာလျက် သွေးပြို သွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေအင်္ဂါ;မှာ မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ကြိုတင်ကာကွယ်မှု လုံးဝ မလုပ်နိုင်လိုက်ပေ။

ထို့ကြောင့် ရှောက်လုံ၏ လက်ဝါးရိုက်ချက်ကို ပြင်းထန်စွာ ထိမိလိုက်ပြီး သွေးသုံးပွက် ဆက်တိုက် အန်ချလိုက်တော့၏။

ထို့နောက် ...

ခန္ဓာကိုယ်မှာ ယိမ်းယိုင်သွားပြီး မြေပေါ်သို့ လဲကျသွား၏။

ငွေအင်္ဂါ;သည် လဲကျသွားရာမှ အားယူကာ လက်တစ်ဖက်ကို လှုပ်ရှားလိုက်၏။

မမျှော်လင့်သော လှုပ်ရှားမှုကြောင့် ရှောက်လုံမှာ ရှောင်တိမ်းရန် အချိန်မရလိုက်တော့ပေ။

သူ၏ ရင်ဘတ်အား ချွန်ထက်သော အရာတစ်ခုက ထိုးစိုက်သွားလေသည်။

စစ်စနဲ နာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

အကြောင်းရင်းကို ရှောက်လုံက ချက်ချင်း သိလိုက်၏။

အကယ်၍သာ သူ၏ ကိုယ်ကျပ်အင်္ကျီအောက်တွင် သံချပ်ပြား ခံမထားမိခဲ့လျှင် သူ၏ ခန္ဓာကိုယ်အား ထုတ်ချင်းပေါက်သွားနိုင်၏။

ရှောက်လုံက စိတ်ကို ထိန်းကာ တမင်ပင် ဟားတိုက်ရယ်မောလိုက်သည်။



"ဟား ... ဟား ... ဟား မိတ်ဆွေကြီးဆီမှာ နောက်ထပ်ငွေစ တော်တော်များများ ပါသေးတယ် ထင်တယ်၊ အားလုံးထုတ်လိုက်ပါ"

ငွေဒင်္ဂါ;မှာ အကြီးအကျယ် တုန်လှုပ်သွားသည်။

သူ၏ ငွေဒင်္ဂါး လက်နက်မှာ ပစ်တိုင်း တစ်ခါမှ မလွဲချေ။

ယခု ...

ရှောက်လုံက သူ၏ ငွေဒင်္ဂါး လက်နက်ပုန်း ထိမှန်သော်လည်း မည်သို့မျှ ဖြစ်မသွားဘဲ ရှိနေ၏။

ငွေဒင်္ဂါးက ထိုသို့တွေး၍ အံ့သြနေစဉ် ရှောက်လုံ၏ စိတ်ထဲတွင် ကျိတ်၍ တုန်လှုပ်နေသည်။

အကယ်၍ ...

ငွေဒင်္ဂါးမှာ ရင်ဘတ်တည့်တည့်သို့ မပစ်ဘဲ ဦးခေါင်းနှံ့ဆီသို့ ပစ်လာလျှင် မိမိအတွက် မတွေးရဲစရာပင် ဖြစ်သည်။

တုန်လှုပ်သွားသော စိတ်ကို ချက်ချင်း ချုပ်တည်းလိုက်ပြီး လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

ထိုအခါ ...

ပြင်းထန်သော လှိုင်းအားတစ်ခု လွင့်ပျံ့ထွက်သွားသည်။

အရိပ်မဲ့လက်ညှိုး သိုင်းကွက်ပင် ဖြစ်သည်။

ငွေအင်္ဂါ;မှာ ဒဏ်ရာပြင်းထန်စွာ ရနေသဖြင့် ထိုအရိပ်မဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးသိုင်းကြောင့် ထွက်ပေါ်လာသော အားလှိုင်းကို ရှောင်တိမ်းနိုင်ခြင်း မရှိတော့ချေ။

ထို့ပြင် တစ်ဦးနှင့်တစ်ဦးမှာလည်း သိပ်မကွာဝေးသောကြောင့် အရိပ်မဲ့ လက်ညှိုး အားလှိုင်းမှာ ငွေဒဂါးထံသို့ ရုတ်တရက် လျှင်မြန်စွာ ရောက်ရှိသွား၏။

"အင့်"

ငွေဒဂါးမှာ တစ်ချက်သာ ညည်းညူပြီး မှူးလဲကျနေသည့်နေရာမှ ရွေ့သွား၏။

ရှောက်လုံသည် ငွေဒဂါးထံမှ လက်နက်ပုန်း ထပ်ပစ်လာမည်ကို စိုးရိမ်သဖြင့် မျက်စိရှင်ရှင်ထားကာ ဆက်လက်၍ လက်ဝါးသုံးချက် ဆင့်ရိုက်လိုက်သည်။

ငွေဒဂါးမှာ လက်ဝါးရိုက်ချက်ကြောင့် ခန္ဓာကိုယ်သုံးလေးပတ်လည်သွားပြီး ခပ်လှမ်းလှမ်း နေရာတွင် ဖင်ထိုင်ရက် လဲကျသွား၏။

ရှောက်လုံက လျှပ်စီးလက်သကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ငွေဒဂါး၏ နောက်ကျောဆီသို့ ရောက်ရှိသွားကာ လက်ဝါးနှစ်ဖက်ဖြင့် ငွေဒဂါး၏ ဦးခေါင်းခွံအား ဆုပ်ကိုင်လိုက်သည်။

ထို့နောက် အေးစက်သော အသံဖြင့် ...

"ဒီမှာ ဟန်စန်း ပြောမလား မပြောဘူးလား၊ မပြောရင်တော့ ခင်ဗျား ဦးနှောက် တစ်ခုလုံး ကြေမွသွားအောင် လုပ်ပစ်လိုက်မယ်"



ငွေဒဂါးမှာ ဝေခနဲ သွေးတစ်ချက် အန်ထုတ်လိုက်သည်။

သူ၏ တစ်သက်တာတွင် ဤကဲ့သို့ အရေးနိမ့်သည့် အဖြစ်မျိုး မကြုံဘူးသေးချေ။

ရှောက်လုံက ဆုပ်ကိုင်ထားသော လက်ဝါးအတွင်းသို့ အတွင်းအား အနည်းငယ် ထည့်လိုက်၏။

"ပြောစမ်း ကုန်းမုကို ဘာကြောင့် သတ်ပစ်ရတာလဲ"

ဤတွင် ငွေဒဂါးမှာ မောဟိုက်လာသော အသံဖြင့် ...

"ကျုပ် ... ကျုပ် ပြောပါမယ်"

ရှောက်လုံက အံကြိတ်လိုက်ပြီး ...

"ဒါဖြင့် ... မြန်မြန် ပြောစမ်း"

ထိုစဉ် ...

ငွေဒဂါး၏ ခန္ဓာကိုယ်မှာ တုန်ရင်လာသည်။

ရှောက်လုံမှာ ရုတ်တရက် ကြောင်သွား၏။

မည်ကဲ့သို့ ဖြစ်သွားသနည်းဟု စဉ်းစားနေစဉ် ငွေဒဂါးမှာ အသံထွက်ကာ မြေပေါ်သို့ တစ်ကိုယ်လုံး အရုပ်ကြိုးပြတ်ပမာ လဲကျသွားတော့သည်။

ရှောက်လုံမှာ အကြီးအကျယ် အံ့သြသင့်သွား၏။

"ဟင် ... ဘယ်လို ဖြစ်တာပါလိမ့်"

ရှောက်လုံ၏ အံ့သြစွာ ပြောလိုက်သော စကားဆုံးမီ ငွေဒဂါး

www.burmeseclassic.com

www.burmeseclassic.com



မှာ တစောင်း အနေအထားမှ ခြေကို မြေကြီးတွင် ထောက်ကာ ရုတ်တရက် ခုန်ပျံထွက်သွား၏။

ရှောက်လုံမှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ရုတ်တရက် ကြောင်သွားသည်။

ယခုကဲ့သို့ ...

ဖြစ်လာလိမ့်မည်ဟုလည်း သူ လုံးဝ မထင်ခဲ့မိပေ။

ငွေဒဂ်ါး၏ လှုပ်ရှားမှုကလည်း အလွန်မြန်ဆန်နေသည်။

ယခုကဲ့သို့ ဖြစ်လာလိမ့်ဟုလည်း သူ လုံးဝ မထင်ခဲ့မိပေ။

ငွေဒဂ်ါး၏ လှုပ်ရှားမှုကလည်း အလွန်မြန်ဆန်နေသည်။

ယခုကဲ့သို့ ...

ဒဏ်ရာပြင်းထန်စွာ ရရှိထားသည့်ကြားက ဤမျှ မြန်ဆန်နေသေးသည်မှာ အံ့သြစရာ ကောင်းနေ၏။

ငွေဒဂ်ါးမှာ မြေပြင်ပေါ်တွင် မတ်တတ် ရပ်မိသည်နှင့် လက်တစ်ဖက်ကို လျင်မြန်စွာ ဖေ့ယမ်းလိုက်သည်။

ထိုအခါ ငွေဒဂ်ါးသုံးပြားမှာ လျှပ်စီးလက်သကဲ့သို့ ရှောက်လုံထံသို့ လျင်မြန်စွာ တိုးဝင်လာသည်။

ဤကဲ့သို့ လက်နက်ပုန်းမျိုးမှာ အသံလုံးဝ မထွက်ပေ။

ငွေဒဂ်ါးနှစ်ခုက ရှောက်လုံ၏ ရင်ဘတ်နှင့် ဝမ်းဗိုက်နေရာများသို့ ထိမှန်သွား၏။



ကျန်ငွေဒဂ်ါးတစ်ခုမှာ ပေါင်အရင်းဆီသို့ ထိမှန်သည်။

ဝမ်းဗိုက်နှင့် ရင်ဘတ်များသို့ ထိမှန်သော ငွေဒဂ်ါးများမှာ မည်သို့မျှ ဒုက္ခမပေးသော်လည်း ပေါင်အရင်းသို့ ထိမှန်သော နေရာမှ စစ်ခနဲ ဖြစ်ကာ အသဲနိုက်အောင် နာကျင်သွားလေသည်။

ရှောက်လုံက 'အင့်'ခနဲ တစ်ချက် ညည်းလိုက်ချိန်တွင် ငွေဒဂ်ါးက လက်ဝါးတစ်ဖက်ဖြင့် ဆက်ကာ ရိုက်ချလိုက်လေသည်။

ငွေဒဂ်ါး၏ လက်ဝါးရိုက်ချက်ကြောင့် ရှောက်လုံမှာ နောက်သို့ လေးငါးလှမ်းခန့် လိမ့်ထွက်သွား၏။

သို့သော် ...

ရှောက်လုံက အတွင်းအားကို ချက်ချင်း စုစည်းလိုက်ပြီး လူးလိမ့်ထလာသည်။

ထိုစဉ် ...

ငွေဒဂ်ါးမှာ ရှောက်လုံအား ဆက်လက်၍ မတိုက်နိုက်တော့ဘဲ နေရာမှ ရုတ်တရက် လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

❋ ❖ ❋

ရှောက်လုံမှာ ငွေဒဂ်ါးနောက်သို့ ချက်ချင်း ပြေးလိုက်သွားရန် ကြိုးစားသော်လည်း သူ့တစ်ကိုယ်လုံးမှာ တုန်ယင်လာသဖြင့် မလိုက်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တစ်ကိုယ်လုံးရှိ သွေးကြောများ ပေါက်ကွဲလုမတတ် ဖြစ်အောင် ခံစားရ၏။

ရှောက်လုံ၏ ပေါင်တွင်းသို့ ငွေဒင်္ဂါးတစ်ခုက ဖောက်ဝင် ရောက်ရှိနေပြီ မဟုတ်ပါလား။

ပေါင်မှဒဏ်ရာက ရှောက်လုံ၏ အတွင်းအားကို ထိခိုက်စေ သည်။

ယခု ...

လိုက်လျှင်လည်း ငွေဒင်္ဂါးအား မီနိုင်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ...

မူလရပ်နေသည့် နေရာတွင်ပင် မလှုပ်မရှား ဆက်၍ ရပ်တန့် နေလိုက်၏။

မိမိက တစ်ဖက်ရန်သူအား အထင်သေးသောကြောင့် ယခု ကဲ့သို့ ခံလိုက်ရခြင်း ဖြစ်၏။

အကယ်၍ တစ်ဖက်လူအား လုံးဝ မလှုပ်ရှားနိုင်သည်အထိ တိုက်ခိုက်လာခဲ့လျှင် ယခုကဲ့သို့ အခြေအနေမျိုး ဖြစ်လာလိမ့်မည် မဟုတ်ချေ။

ယခုမှ ...

နောင်တရလျှင်တော့ မထူးတော့ပြီမို့ နောက်တစ်ကြိမ် ရရှိ လာမည့် အခွင့်အရေးကိုသာ စောင့်နေရပေတော့မည်။



ရှောက်လုံမှာ အံတင်းတင်း ကြိတ်လိုက်ပြီး ပေါင်မှ ဒဏ်ရာ ကို လှန်ကြည့်လိုက်၏။

ထို့နောက် ...

ထွက်နေသော သွေးများကို တိတ်အောင် သွေးကြောပိတ် လိုက်သည်။

မူလ သစ်တောအုပ်ရှိရာ နေရာသို့ ထော့နင်း ထော့နင်းဖြင့် လျှောက်လာခဲ့လေတော့သည်။

❋ ❖ ❋

မူလသစ်တောအုပ် အနီးသို့ ရောက်လာစဉ် ရှောက်လုံမှာ ခပ်ဝေးဝေးဆီမှ အသံရှင်၏ အော်ဟစ်မေးသံကို ကြားလိုက်ရ၏။

"မင်း ပြောမလား ... မပြောဘူးလား"

တစ်ဖက်လူ၏ ပြန်လည် ဖြေကြားသံက ချက်ချင်းပေါ်လာ သည်။

"မပြောဘူး"

ဤအသံမှာ တုကုယင်၏ အသံ ဖြစ်သည်။

"မင်း မပြောရင် တစ်သက်လုံး လူစဉ်မမီအောင် လုပ်ပစ်မယ်"

"အို ... ရှင်ကြိုက်သလို လုပ်နိုင်တယ်၊ ကျွန်မ အတွက်က ဘာမှ မထူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

အသံရှင်၏ ရယ်မောသံမှာ တစ်တောလုံး ဟိန်းထွက်သွားတော့၏။

ရှောက်လုံက သစ်ပင်တစ်ပင်အောက်တွင် ဝင်ရပ်လိုက်ပြီး အသံကို နားစွင့် ထောင်လိုက်၏။

အသံရှင်မှာ သူ၏ ကိုယ်ရေးကိုယ်တာ ပြဿနာအား ဖြေရှင်းနေခြင်းဖြစ်၍ မိမိဝင်၍ မစွက်ဖက်သင့်ချေ။

ထို့ကြောင့် ...

ခပ်လှမ်းလှမ်းမှ ရပ်ကာ နားထောင်နေခြင်း ဖြစ်သည်။

အသံရှင်၏ အသံမှာ ဆက်လက် ထွက်ပေါ်လာပြန်၏။

"နင်တကယ် မပြောဘူးလား၊ မင်းကို ကျုပ် သတ်ပစ်မှာနော်"

"အို ... မပြောဘူး၊ ရှင့်တို့ ကြိုက်သလို လုပ်နိုင်တယ်လို့ ကျွန်မ ပြောပြီးပြီပဲ"

ရှင်တို့ဆိုသော စကားကြောင့် ရှောက်လုံ မျက်မှောင်ကုပ်၍ သွားသည်။

သူတို့နှစ်ဦးမှာ အစက မည်သည့်ပြဿနာများ ရှိနေခဲ့သနည်း။

ယခု ...

အသံရှင်က သူမအား မည်သည့်အကြောင်းကို အတင်းအဓမ္မ မေးမြန်းနေရသနည်း။



ထိုစဉ် ...

"အား"

နာကျင်စွာ အော်လိုက်သံတစ်ချက် ထွက်ပေါ်လာပြီး လူတစ်ယောက် မြေပေါ်လဲကျ သွားသံကိုပါ ကြားလိုက်ရ၏။

ထိုအော်သံမှာ တုကုယင်၏ အသံမှန်း ရှောက်လုံ ကောင်းစွာ သိလိုက်သောကြောင့် ကိစ္စပြီးပြတ် သွားလေပြီဟု မှတ်ချက် ချလိုက်၏။

ထို့ကြောင့် ...

အသံရှင် ရှိရာသို့ လျှောက်လာခဲ့လေသည်။

❋ ❖ ❋

အသံရှင်မှာ တုတ်ကောက်သဏ္ဍာန် လက်နက်ကို ကိုင်လျက် ရပ်နေသည်။

တုကုယင်၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျနေ၏။

သူမ၏ ဦးခေါင်းတစ်ခုလုံးမှာ ကြေမွနေသည်။

ရှောက်လုံက ...

"ဆရာကြီးရဲ့ကိစ္စ ပြီးပြတ်သွားပြီလား"

အသံရှင်က ခေါင်းကို ခါပြလိုက်ပြီး သက်ပြင်းတစ်ချက် ချကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြီးပြတ်သေးဘူး၊ ဒါပေမဲ့ ပြီးပြတ်ကာနီးပြီလို့ ပြောရမှာပေါ့လေ၊ မင်းကော ငွေဒင်္ဂါးကို မိရဲ့လား၊ အခု သူ ဘယ်ရောက်သွားပြီလဲ"

ရှောက်လုံက ဒေါသ သံဖြင့် ပြန်ဖြေလိုက်သည်။

"ကျွန်တော် အမိဖမ်းတဲ့ကြားက လွတ်ထွက်သွားပါတယ်"

အသံရှင်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... မောင်ရင် ကျုပ်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားကြစို့"

ရှောက်လုံက ပြန်လည် ခေါင်းညိတ်ပြလိုက်ကာ နှစ်ဦးသား ထွက်ခွာလာခဲ့တော့သည်။

✻ ❖ ✻

# မမျှော်လင့်သူ

ရှောက်လုံနှင့် အသံရှင်တို့ နှစ်ဦးမှာ သစ်တောအုပ်မှ ထွက်လာကြပြီး အတန်ငယ် ခရီးပေါက်လာသောအခါ ခေတ္တ ရပ်နားလိုက်ကြ၏။

ရပ်နားနေစဉ် ရှောက်လုံက စတင်၍ စကားပြောလိုက်၏။

"အခု လူတွေ အသတ်ခံရတဲ့ ကိစ္စမှာ ထူးဆန်းနေတဲ့ အချက်တစ်ခုရှိတယ်၊ လူတွေကို သတ်တာဟာ ငွေဒင်္ဂါး မဟုတ်ဘဲ တုကုယင်က သတ်တာ ဖြစ်နေတယ်၊ ဒါပေမဲ့ သူတို့ နှစ်ဦးကြားမှာ တစ်ယောက်ယောက်က ဝင်ပြီး ငွေဒင်္ဂါး အမှတ်အသားတွေကို ဘယ်သူတွေက ထားသွားသလဲဆိုတာ စဉ်းစားလို့ မရအောင် ဖြစ်နေတယ်"

အသံရှင်က တစ်ချက် ပြုံးလိုက်ပြီး ...

"ဒီ ငွေဒင်္ဂါး အမှတ်အသားကို ကျုပ်က ကြားဝင်ပြီး ထားပေးလိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ မမျှော်လင့်သော စကား ကြားလိုက်ရသဖြင့် အကြီးအကျယ် အံ့သြသွားရသည်။

"ဟင် ... ဒီငွေဒင်္ဂါး အမှတ်အသားကို ဆရာကြီး ထားသွားတာ ဟုတ်လား။ ကျွန်တော်တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

အသံရှင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ရှောက်လုံက နားမလည်နိုင်စွာဖြင့် ထပ်မေးလိုက်သည်။

"ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

အသံရှင်က ...

"မောင်ရင်က နားမလည်သေးပဲကိုး၊ မဟာမိုးမြေဂိုဏ်းနဲ့ နဂါးဂိုဏ်းဟာ ကျားနဲ့ ဝံပုလွေလို တောင့်တင်းတဲ့ အင်အားနဲ့ သိုင်းလောကတစ်ခုလုံးကို အုပ်စိုးဖို့ ကြိုးစားနေကြတယ်၊ ဒါကြောင့် ဒီဂိုဏ်းနှစ်ဂိုဏ်းကို အထင်လွဲမှုဖြစ်အောင် တမင်ဖန်တီး ပေးလိုက်တာပဲ၊ ကျုပ် ဒီလိုလုပ်ခဲ့တာ ဒီတစ်ကြိမ်တည်း မဟုတ်ဘူး"

ရှောက်လုံက အံတင်းတင်း ကြိတ်ရင်း ပြောလိုက်၏။

"ငွေဒင်္ဂါးကို နောက်တစ်ကြိမ် တွေ့အောင် ရှာမယ်၊ ဒီလူဟာ ကျောက်စိမ်းဓား လုယူတဲ့ အဖွဲ့ထဲမှာ တစ်ယောက် အပါအဝင် ဖြစ်နိုင်တယ်"

အသံရှင်က စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။



"သူ့ကို နောက်ထပ် တစ်ကြိမ် ရှာတွေ့ဖို့ဆိုတာ မလွယ်တော့ဘူး၊ ဒီကျောက်စိမ်းဓား အကြောင်းကို တခြားသူတွေဆီက သိချင်သိနိုင်မယ်၊ ဒါနဲ့ သူက ငွေဒင်္ဂါးနဲ့ မောင်ရင့်ကို မပစ်ဘူးလား"

ရှောက်လုံက သူ့ပေါင်ကို တစ်ချက် ငုံ့ကြည့်လိုက်ပြီး ပြောသည်။

"ဟာ ... ပစ်တာပေါ့ ဆရာကြီး၊ ကျွန်တော့် ပေါင်ကိုတောင် တစ်ချက် ထိမှန်သွားတယ်"

အသံရှင်မှာ မျက်လုံးပြူးသွားပြီး ...

"ဟင် ... တော်တော်ပဲ စိုးရိမ်ရသလား"

ရှောက်လုံက ချက်ချင်း ပြန်ဖြေသည်။

"အရိုးကို မထိခိုက်တဲ့အတွက် စိုးရိမ်စရာ မရှိတော့ပါဘူး"

ထိုသို့ပြောပြီး ...

ရှောက်လုံမှာ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မူလနေရာဆီသို့ တစ်ဟုန်ထိုး ပြေးထွက်သွားပြန် လေသည်။

အသံရှင်မှာ နားမလည်နိုင်စွာဖြင့် နောက်မှ ချက်ချင်း ပြေးလိုက်သွား၏။

နှုတ်မှလည်း အော်ဟစ်ကာ မေးလိုက်သည်။

"ဘယ်လို ဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံက ပြေးနေရင်းမှ ပြန်ဖြေသည်။

"ငွေဒင်္ဂါးကို လိုက်ရှာမလို့ ကျွန်တော် ဒီအချက်ကို စောစောကတည်းက မစဉ်းစားမိတာ နာတယ်"

စင်စစ် ရောက်လုံ၏ စိတ်ထဲတွင် ရုတ်တရက် စဉ်းစားလာမိသည်မှာ ငွေဒင်္ဂါးသည် သူနှင့် တိုက်ခိုက်နေရင်းမှ ထွက်ပြေးသွားသော်လည်း အဝေးကြီးသို့ တစ်ယောက်တည်း ပြေးသွားလိမ့်မည် မဟုတ် သူ၏ အဖော် တုကုယင်ကို လိုက်ရှာပေလိမ့်မည်။

အသံရှင်လက်ချက်ဖြင့် တုကုယင် ဆော်လိုက်သံကို ငွေဒင်္ဂါး ကြားသွားနိုင်လောက်သည်။

သို့ဆိုလျှင် ...

ငွေဒင်္ဂါးသည် တုကုယင် ရှိသည့်နေရာသို့ မလွဲမသွေ ရောက်ရှိလာပေလိမ့်မည်။

ဤအချက်ကို စောစောကတည်းက ဘာကြောင့် မစဉ်းစားမိသနည်း။

❋ ❖ ❋

ရောက်လုံ ထိုသစ်တောအုပ် အတွင်းသို့ ပြန်လည် ရောက်ရှိလာသောအခါ တုကုယင် လဲကျသေဆုံးသည့် နေရာတွင် တုကုယင်၏ အလောင်းအား မတွေ့ရတော့ပါချေ။



ရောက်လုံ ထင်သည့်အတိုင်း တုကုယင်၏ အလောင်းအား ငွေဒင်္ဂါး သယ်ယူသွားပြီမှာ သေချာနေသည်။

မမျှော်လင့်ဘဲ ရရှိခဲ့သည့် အခွင့်အရေး တစ်ခုသည် လက်လွှတ်၍ သွားပြန်လေပြီ။

ရောက်လုံ၏ အတွေးကို အသံရှင်က ချက်ချင်း သဘောပေါက်သွားသည်။

"ဆရာကြီး ... ကျွန်တော်တို့အတွက် မှားသွားပြီ၊ အမှန်က ကျွန်တော်တို့ ဒီနေရာကပဲ သူ့အလာကို စောင့်နေဖို့ သင့်တယ်"

ရောက်လုံကပင် စတင်၍ စကားပြောလိုက်ခြင်း ဖြစ်သည်။

ထို့နောက် ...

တစ်ချက်စဉ်းစားလိုက်ကာ ဆက်၍ ပြောလိုက်သည်။

"ဆရာကြီး ... ကျွန်တော်တို့ လူစုခွဲပြီး ရှာကြရင် ကောင်းမလား၊ ဒီအလောင်းကောင်ကို ဝေးဝေး သယ်သွားနိုင်မှာ မဟုတ်ဘူး၊ လမ်းခရီး တစ်နေရာမှာပဲ မြေမြှုပ် ပစ်ခဲ့လိမ့်မယ်"

အသံရှင်က ခေါင်းညိတ်ပြလိုက်ပြီး ...

"မှန်တယ် လိုက်ကြစို့"

ပြောပြီးသည်နှင့် အချိန်ဆွဲမနေတော့ဘဲ နှစ်ယောက်သား သစ်တောအုပ်အတွင်းသို့ ပြေးဝင်သွားကြလေတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



ညသည် မှောင်မိုက်ဆဲ မှောင်မိုက်နေ၏။

ရှောက်လုံမှာ ငွေဒင်္ဂါးအား ရှာရင်းဖြင့် မည်သည့်နေရာသို့ ရောက်ရှိမှန်းပင် မသိတော့ပေ။

ယခုတိုင် ...

ငွေဒင်္ဂါး၏ အရိပ်အယောင်ကို မတွေ့ရသေးချေ။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် တောတောင်တို့ကသာ အုပ်စိုးနေ၏။

ရှောက်လုံသည် ငွေဒင်္ဂါး ရှာရင်းနှင့် မိုးစင်စင်ပင် လင်းလာခဲ့သည်။

မိုးလင်း၍ ကြည့်လိုက်သောအခါ ကျောက်ဖြူတောင်မှာ မည်သည့်နေရာတွင် ကျန်ခဲ့မှန်း မသိတော့ချေ။

ရှောက်လုံမှာ မကြံတတ်အောင် ဖြစ်လာပြီး ရှေ့သို့သာ ခရီးဆက်နှင်ရန် ဆုံးဖြတ်လိုက်၏။

ဤတောင်တန်းမှ ထွက်နိုင်ရန် သူ ပထမ ကြိုးစားရပေလိမ့်မည်။

ထို့ကြောင့် ...

ရှောက်လုံမှာ ဦးတည်ချက် မရှိဘဲ ခြေဦးတည့်ရာ လျှောက်ပြေးတော့သည်။



သို့သော် ...

ပြေးလေလေ လမ်းမကြီးနှင့် ဝေးလေလေပင် ဖြစ်နေ၏။

တောသည်လည်း နက်သည်ထက် ပို၍ နက်လာသည်။

ရှောက်လုံမှာ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို ပို၍ မခန့်မှန်းနိုင်အောင် ဖြစ်နေသည်။

နေမင်းကြီးသည် ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်လာ၏။

ရှောက်လုံမှာ တဖြည်းဖြည်း လမ်းလျှောက်ရင်း ချုံနွယ်များ ပိတ်ဆို့နေသည့် တောင်ကြားလမ်း တစ်ခုသို့ ရောက်လာသည်။

ရှောက်လုံက ခေတ္တ ရပ်တန့်လိုက်ကာ ပတ်ဝန်းကျင် အနေအထား အားလုံးကို ကြည့်လိုက်၏။

သို့တိုင် ...

မည်သည့်နေရာမှန်း သူမသိ။

ထို့ကြောင့် ...

အနီးရှိ တောင်ကုန်းပေါ်သို့ တက်ကြည့်ရန် စဉ်းစားလိုက်လေ၏။

ထို့သို့ စဉ်းစားလိုက်ပြီး အနီးရှိ တောင်ကုန်းပေါ်သို့ ပြေးတက်ရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ဟင်း"

သက်ပြင်းချသံလိုလို ညည်းညူသံ လိုလို အသံတစ်သံကို ကြားလိုက်ရ၏။

ရောက်လုံမှာ ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ကာ တုန်လှုပ်သွားတော့လေသည်။

ဤကဲ့သို့ ...

အလွန်ခေါင်လှသော တောတောင်ထဲတွင် မည်သူက ရောက်ရှိနေသနည်း။

ရောက်လုံမှာ ထိတ်လန့် တုန်လှုပ်စွာဖြင့် ပတ်ဝန်းကျင်အား လှည့်ပတ် အကဲခတ်ကာ ကြည့်ရှုလိုက်မိ၏။

သို့သော် ...

မည်သူတစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရချေ။

သေချာအောင် ထပ်မံ၍ နားထောင်ကြည့်ပြန်၏။

မည်သည့် အသံမျှ မကြားရ။

ရောက်လုံ စိတ်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး အသံကျယ်ကျယ်ဖြင့် အော်ဟစ်မေးလိုက်၏။

"ဘယ်သူလဲဟေ့"



အသံက တစ်တောလုံး ဟိန်းထွက်သွားသည်။

ထိုစဉ် ...

"ဟင်း"

ခနဲ သက်ပြင်းချသံ တစ်ခုက ထပ်မံ၍ ထွက်ပေါ်လာ ပြန်သည်။

ဤတစ်ကြိမ်တွင် ရောက်လုံက သက်ပြင်းချသံအား သေချာစွာ နားထောင်ကြည့်လိုက်၏။

အသံမှာ ယာဘက် တောင်ကြားဆီမှ ဖြစ်ကြောင်းသိလိုက်၏။

ထိုသို့ ...

သိလိုက်သည်နှင့် ရောက်လုံသည် အသံလာရာဆီသို့ဦးတည်၍ လျှောက်သွားလေတော့၏။

အသံလာရာ အနီးတစ်ဝိုက်တွင် ကျောက်ဆောင်များ ဝန်းရံလျက် ရှိနေသည်ကို တွေ့ရ၏။

ရောက်လုံမှာ ထိုကျောက်ဆောင်များကို ကွေ့ပတ်၍ လျှောက်လာရာတစ်ခုသော ကျောက်ဆောင်သို့ အရောက်တွင် အလွန်ထူးဆန်းသော လူတစ်ယောက်ကို တွေ့ရ၏။

ကျောက်ဆောင် တစ်ခုပေါ်တွင် လူကြီးတစ်ယောက် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ရှောက်လုံဘက်သို့ နောက်ကျောပေး ထိုင်နေသောကြောင့် မျက်နှာကို မမြင်ရချေ။

ရှောက်လုံက တမင် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အဟမ်း"

ထိုလူကြီးမှာ လုံးဝလှုပ်ရှား မလာချေ။

ကျောက်ရုပ်ကြီးကဲ့သို့ပင် မလှုပ်မယှက် ထိုင်မြဲထိုင်နေသည်။

ရှောက်လုံက ချောင်းတစ်ချက်ကို ထပ်မံ၍ ဟန့်လိုက်လေ၏။

"အဟမ်း"

မထေမ ထိုလူထူးဆန်းကြီးမှာ လုံးဝ လှုပ်ရှားမလာချေ။

နောက်မှ...

တဖြည်းဖြည်းချင်း နောက်ဘက်သို့ လှည့်လာလေသည်။

ထိုလူကြီး၏ မျက်နှာကို မြင်လိုက်ရသဖြင့် ရှောက်လုံ ငေးကြောင်၍ သွားသည်။

ထိုလူထူးဆန်းကြီး၏ မျက်လုံးအစုံမှာ လုံးဝလှုပ်ရှားချင်း မရှိဘဲ ကြောင်၍နေသည်။

ထိုလူထူးဆန်းကြီး၏ အသက်မှာ ငါးဆယ်ကျော်ခန့် ရှိသည်။

ရှောက်လုံသည် သတိကြီးစွာထား၍ အနီးသို့ ကပ်လိုက်သည်။

ထို့နောက်...



တိုင်းညင်းသော အသံဖြင့်...

"မိတ်ဆွေကြီးက ဘယ်သူပါလဲ၊ ဒီတောင်ကြားထဲက ဘယ်လို ရောက်နေတာလဲ"

ထိုလူထူးဆန်းကြီးက ရှောက်လုံအား အတန်ကြာသည်အထိ စိုက်ကြည့်နေလိုက်ပြီးမှ စိတ်မပါတပါ အသံဖြင့် ပြန်မေးလိုက်၏။

"ဆရာကြီး ဘာလာလုပ်တာလဲ"

ရှောက်လုံ ကြောင်၍သွားသည်။

ဤအသံကို နားထောင်ရခြင်းဖြင့် သာမန် လူတစ်ယောက် မဟုတ်ဘဲ အဆင့်မြင့် သိုင်းသမားတစ်ဦး ဖြစ်ကြောင်း သိနိုင်ပေ၏။

"ကျုပ်က မမျှော်လင့်ဘဲ လမ်းမှားပြီး ဒီနေရာကို ရောက်လာရတာပါ"

ရှောက်လုံက လူထူးဆန်းကြီး၏ အမေးကို ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

လူထူးဆန်းကြီးက အတန်ကြာ ငေးငိုင်နေပြီးမှ ရှောက်လုံအားကြည့်ကာ...

"ဆရာကြီး အမည်က ဘယ်လို ခေါ်သလဲ"

ဟု မေးသည်။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံသည် လူထူးဆန်းကြီးကို တစ်ချက် စိုက်ကြည့်လိုက်ပြီး...

"ကျုပ်နာမည်က အမည်မဲ့ အဘိုးအိုလို့ ခေါ်ပါတယ်ဗျာ"

လူထူးဆန်းကြီး၏ မျက်နှာတွင် အံ့ဩမှု အရိပ်အယောင် ပေါ်လာပြီ။

"ဘယ်လို...ဆရာကြီးရဲ့ အမည်က အရိပ်မဲ့ အဘိုးအို ဟုတ်လား"

ဟု မေး၏။

ရှောက်လုံ ခေါင်းညိတ်ပြကာ...

"ဟုတ်တယ်"

ဟု ပြောလိုက်လေသည်။

လူထူးဆန်းကြီးက ရှောက်လုံအား မယုံကြည်နိုင်သော မျက်နှာဖြင့်...

"ဒီနာမျိုးကို ကျုပ် တစ်ခါမှလဲ မကြားမိပါလား"

ရှောက်လုံ အားရပါးရ ရယ်မောပြီး...

"အခု ကြားရပြီ မဟုတ်လား၊ မိတ်ဆွေကြီးကလဲ သိုင်းလောကထဲကပဲနဲ့ တူတယ်"

လူထူးဆန်းကြီး ခေါင်းညိတ်ပြရင်း ပြောလိုက်လေသည်။



"ဟုတ်တယ်"

ရှောက်လုံက...

"နာမည်ကတော့ ဘယ်လိုများ ခေါ်ပါသလဲ"

လူထူးဆန်းကြီး၏ ခန္ဓာကိုယ်မှာ တုန်ယင်နေ၏။

ထို့အတူ...

တုန်ယင်နေသော အသံဖြင့် လူထူးဆန်းကြီးက ရှောက်လုံ အမေးကို ပြန်ဖြေသည်။

"ကျုပ်နာမည်က ဖုံးယီလို့ ခေါ်တယ်"

ရှောက်လုံမှာ ထိုအမည်ကို ကြားလိုက်ရသည်နှင့် အကြီးအကျယ် တုန်လှုပ်သွားသည်။

မိမိပင် နားကြားလွဲလေသလား ထင်မှား သံသယ ဖြစ်လာမိသည်။

ထို့ကြောင့်...

နောက်တစ်ကြိမ် ထပ်၍ မေးလိုက်သည်။

"မိတ်ဆွေကြီး နောက်တစ်ကြိမ် ထပ်ပြောပါဦး"

လူထူးဆန်း နောက်တစ်ကြိမ်ထပ်၍ ပြောသည်။

"ဖုံးယီပါ"

"ဘယ်လို ဖုံးယီ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

ရောက်လုံ၏ မျက်နှာတွင် ရုတ်ခြည်း အံ့သြမှု ပေါ်လာပြီး...

"ဒါဆို မိတ်ဆွေကြီးက နဂါးဂိုဏ်းချုပ်ကြီးပေါ့ ဟုတ်လား"

လူထူးဆန်းက ဖြည်းလေးစွာ ခေါင်းညိတ်လိုက်ပြီး ဖြေသည်။

"ဟုတ်ပါတယ်"

ရောက်လုံမှာ နောက်သို့ ခြေနှစ်လှမ်း အလိုလို ဆုတ်သွားမိသည်။

ထို့နောက်...

အံ့သြတကြီးဖြင့် နဂါးဂိုဏ်းချုပ်ကြီး ဖုံးယီအား ကြည့်နေမိတော့သည်။

❋ ❖ ❋

နဂါးဂိုဏ်း။

ဤနဂါးဂိုဏ်းမှာ သိုင်းလောကတွင် အင်အား အတောင့်တင်းဆုံးသော ဂိုဏ်းကြီး တစ်ဂိုဏ်း ဖြစ်သည်။

ယခု...

မိမိရှေ့တွင် ရောက်ရှိနေသော အကျီ ဖိုးရိုးဖားရား ဆံပင်ရှုပ်ပွနှင့် လူကြီးမှာ ထိုနဂါးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးဖြစ်နေသဖြင့် ရောက်လုံမှာ မအံ့သြဘဲ မနေနိုင်အောင် ဖြစ်နေ၏။



ဤအဖြစ်ကို မည်သူတစ်ဦး တစ်ယောက်ကရော ယုံကြည်ပါမည်နည်း။

ဤလူကြီးမှာ နာမည်ရှူး ရှူးနေသော လူတစ်ယောက် ဖြစ်လေမည်လား။

စိတ်ထဲတွင် သံသယ အမျိုးမျိုး ဖြစ်လာမိ၏။

ရောက်လုံက မယုံကြည်နိုင်သော မျက်နှာဖြင့် တတိယအကြိမ်ထပ်မံမေးလိုက်ပြန်သည်။

"မိတ်ဆွေကြီးဟာ တကယ်ပဲ ဖုံးယီ ဟုတ်ပါရဲ့လား"

ဟု မေးလိုက်မိသည်။

ဤတွင်...

လူထူးဆန်းကြီးက အသံမာမာဖြင့် ပြန်ဖြေသည်။

"ကျုပ် လိမ်ညာစရာ အကြောင်း လုံးဝ မရှိဘူးဗျ"

ရောက်လုံက လူထူးဆန်းကြီးအား စေ့စေ့ စိုက်ကြည့်လိုက်ပြီး...

"ဒါဆို ဘာပြုလို့ ဒီနေရာကို ရောက်နေတာလဲ"

"ဒီကိစ္စမှာ ခင်ဗျားနားလည်အောင် ကျုပ် အရှည်ကြီး ပြောပြရလိမ့်မယ် ထင်တယ်"

ထိုလူထူးဆန်းကြီးမှာ ထိုသို့ ပြောပြီးသည်နှင့် ခေါင်းငိုက်စိုက်ချသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ စဉ်းစား၍ မရနိုင်အောင် ထူးဆန်းနေသည့် ဖြစ်ရပ်ဆန်းကြောင့် စိတ်ထဲတွင် ရှုပ်ထွေးလာ၏။

"မိတ်ဆွေကြီးဟာ ဂိုဏ်းချုပ်တစ်ဦး ဖြစ်ပါလျက်နဲ့ ဘာကြောင့် ဒီလို ဖြစ်နေရတာလဲ"

လူထူးဆန်းကြီး မျက်နှာမှာ ချက်ချင်း နီရဲသွားသည်။

"ကျုပ် ဒီလိုဘာကြောင့် ဖြစ်နေသလဲ ဆိုတော့ ကျုပ်ဟာ အသက်ရှင်ရက်နဲ့ သေနေရတဲ့ လူတစ်ယောက် ဖြစ်နေလို့ပဲ"

ရှောက်လုံမှာ ပို၍ နားရှုပ်သွားပြီ။

"ဘယ်လို...မိတ်ဆွေကြီး မိတ်ဆွေကြီး စကားကို ကျုပ် မရှင်းဘူး"

လူထူးဆန်းကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"မိတ်ဆွေကြီးက ဘယ်နားလည် နိုင်ပါ့မလဲလေ၊ အားလုံးဟာ ဖြတ်သန်း လွန်မြောက်ခဲ့ ပြီးပြီပဲ၊ ဒါပေမဲ့ နောင်ကြီးဟာ နှစ်ပေါင်း နှစ်ဆယ်အတွင်းမှာ ပထမဆုံး တွေ့ရသူ အနေနဲ့ ကျုပ် မျိုသိပ် ထားခဲ့သမျှတွေကို ကျုပ် အကြောင်းစုံကို ပြောပြပါ့မယ်"

ရှောက်လုံ၏ စိတ်ထဲတွင် ထူးဆန်း အံ့သြမှုကို ပို၍ ခံစား လာရသည်။

"ဘယ်လို မိတ်ဆွေကြီး ဒီနေရာ ရောက်နေတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ ဟုတ်လား"



"ဟုတ်ပါတယ်"

"ဘာ့ဖြစ်လို့ ဒီက ထွက်မသွားရတာလဲ"

လူထူးဆန်းကြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ထွက်သွားဖို့ ဟုတ်လား...ဟင်း ထွက်သွားလို့ ရမှတော့ ကျုပ် ထွက်သွားတာ ကြာလှပြီ၊ ဟောဒီ နေရာကို ထွက်ပေါက်မဲ့ တောင်ကြားလို့ ခေါ်တယ်၊ ဒီတောင်ကြားထဲကို ဝင်ရောက်လာမိတဲ့ သူမှန်သမျှ ပြန်ထွက်ဖို့ လုံးဝ မလွယ်တော့ဘူး၊ ပြီးတော့ ကျုပ်မှာ ရှိခဲ့တဲ့ သိုင်းပညာတွေဟာလည်း အခု လုံးဝမရှိတော့ဘူး"

ရှောက်လုံမှာ ထိတ်လန့်တကြား ဖြစ်သွားပြီ။

"ဘယ်လို ဒီနေရာကို 'ထွက်ပေါက်မဲ့ တောင်ကြား'လို့ ခေါ်တယ် ဟုတ်လား"

လူထူးဆန်းကြီးက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ် ဒီတောင်ကြားထဲကို ရောက်လာမိရင် ပြန်ထွက်ဖို့ မလွယ်ဘူး၊ ဒီတောင်ကြားထဲမှာ လမ်းခွဲတွေ အများကြီးရှိတယ်၊ ဝင်္ကပါလမ်းလိုပဲ အထဲကိုသာ ဝင်မိရင် ပြန်ထွက်ဖို့ဟာ မလွယ်တော့ဘူး"

ရှောက်လုံက စိတ်ဝင်စားစွာ ထပ်မေးလိုက်သည်။

"ဒီတောင်ကြားထဲမှာ ဘယ်လို လူတွေ ရှိနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



လူထူးဆန်းကြီးက ရောက်လုံကို တစ်ချက် ကြည့်လိုက်ပြီး...

"ဒီတောင်ကြားရဲ့ အဆုံးမှာ လိုဏ်ဂူကြီး တစ်ခုရှိတယ်၊ အဲဒီ လိုဏ်ဂူကြီးထဲမှာ တစ္ဆေ သူတော်လို့ခေါ်တဲ့ သခင်ကြီးနဲ့ သူ့ရဲ့ တပည့်ရှစ်ဦးလည်း ရှိနေတယ်"

ရောက်လုံမှာ တစ်ခါမှ မကြားဖူးသေးသော စကားများကို ကြားနေရ၏။

လူထူးဆန်းကြီး ပြောစကားအရဆိုလျှင် မိမိမှာလည်း ဤတောင်ကြားထဲမှ ပြန်ထွက်ရန် မလွယ်ကူတော့ပါချေ။

ရောက်လုံက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်ပြီး စိတ်ကို တည်ငြိမ်နေအောင် ထိန်းချုပ်လိုက်လေ၏။

"မိတ်ဆွေကြီးက ဘယ်လိုကြောင့် ဒီနေရာမှာ ခြေချုပ်မိနေရတာလဲ"

လူထူးဆန်းကြီးက ချက်ချင်း ပြန်ဖြေသည်။

"တစ်ပါးသူ့ရဲ့ လုပ်ကြံမှုကြောင့်ပဲ"

"ဟင်...တယ်လဲ ထူးဆန်းလှချည်လား မိတ်ဆွေကြီးက ဒီမှာ နှစ်ပေါင်းနှစ်ဆယ်လောက် ပိတ်မိနေတယ် ဆိုတော့ ဒီနှစ်တွေ ကြားထဲ ဂိုဏ်းရဲ့ ကိစ္စအဝဝကို ဆောင်ရွက်ဖို့ ဘယ်သူက ဂိုဏ်းချုပ် ရာထူးကို ဆက်ခံထားသလဲ"



လူထူးဆန်းကြီးက...

"ဒါတော့ ကျုပ် မသိဘူး"

ရောက်လုံသည် လူထူးဆန်းကြီး (ဝါ) နဂါးကြီး ဖုံးယီအား မယုံသင်္ကာဖြင့် ထပ်မံကြည့်လိုက်ပြီး...

"မိတ်ဆွေက တကယ်ပဲ နဂါးဂိုဏ်းချုပ် ဖုံးယီ ဟုတ်ပါရဲ့လား"

ဖုံးယီက မျက်နှာတစ်ချက် မဲ့လိုက်ပြီး...

"ကျုပ်ရဲ့ ဘဝက ဆုံးနေပြီ၊ ကျုပ်က ဘာကြောင့် လိမ်ညာပြီး ပြောနေရမှာလဲ၊ ဒီနှစ်တွေ အတွင်းမှာ ကျုပ်ဟာ နည်းအမျိုးမျိုးနဲ့ လွတ်မြောက်ဖို့ ကြိုးစားခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှ ကြိုးစားလို့ မရခဲ့ဘူး၊ ကျုပ်အတွက် မျှော်လင့်စရာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ ကျုပ် အကြောင်းကို ကျုပ် အိမ်သားတွေ သိသွားဖို့ပဲ၊ ဒီကိစ္စကလည်း ဘယ်လိုနည်းနဲ့မှ သိနိုင်မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီတောင်ကြားထဲ ရောက်လာတဲ့ လူလည်း နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ မရှိခဲ့ဘူး၊ အခု ပထမဆုံးအကြိမ် ရောက်လာခဲ့တဲ့ ခင်ဗျားဟာလည်း ပြန်ထွက်ဖို့ မဖြစ်နိုင်တော့ဘူး၊ အဲတော့ ကျုပ် အိမ်သားတွေဆီ ဘယ်လိုနည်းနဲ့ သတင်း ပို့နိုင်တော့မှာလဲ"

ဖုံးယီ၏ စကားအရ ရောက်လုံအတွက်လည်း မျှော်လင့်ချက် ကုန်ဆုံးနေပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ရှောက်လုံက လုံးဝ မတုန်လှုပ်ပေ။

သူ၏ စိတ်ကူးထဲတွင် ဤတောင်ကြားအတွင်းမှ လူသားတစ်ဦးဦးကို တွေ့လျှင် မိမိပညာစွမ်းဖြင့် အမိဖမ်းမည်။

ထို့နောက်...

အကြပ်ကိုင်ကာ ထွက်ပေါက်ကို ပြခိုင်းမည် ဖြစ်သည်။

သို့ဆိုလျှင်...

ဤတောင်ကြားတွင် ပိတ်မိနေစရာ အကြောင်း လုံးဝ မရှိတော့ပါချေ။

❋ ❖ ❋

## တောင်ကြားသခင်

ရှောက်လုံက တောင်ကြားအတွင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကို ကြံဆနေ၏။

သို့သော်...

သူ စဉ်းစားရ ကြပ်နေသည့် အကြောင်းတစ်ခုမှာ နဂါးကြီး ဖုံးယီကိုပါ တစ်ပါတည်း ခေါ်သွားရ ကောင်းမကောင်း ဆိုသည့် အချက်ပင် ဖြစ်၏။

ထို့ပြင် ..

ရှောက်လုံ၏ ခေါင်းထဲတွင် မေးခွန်းပေါင်း များစွာက ဝင်လာပြန်သည်။

သူ နားမလည်နိုင်သည့် အချက်မှာ နဂါးဂိုဏ်းအား ယခု မည်သူက ဦးစီးချုပ်ကိုင်နေသနည်းဆိုသည့် အချက်ပင်ဖြစ်သည်။

စင်စစ် နဂါးဂိုဏ်းမှာ မဟာမိုးမြေဂိုဏ်းနှင့် ပြိုင်ဘက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ယခုတိုင် နားမလည် နိုင်သေးဘဲ နဂါးကြီး ဖုံးယီအား ပြောသည်။

"သိုင်းလောကမှာ နဂါးဂိုဏ်းချုပ် ဖုံးယီ ပျောက်ဆုံးတယ် လို့လဲ တစ်ခါမှ မကြားမိပါဘူး၊ ပြီးတော့ ဂိုဏ်းရဲ့ အင်အားလည်း လျော့မသွားခဲ့ဘူး၊ ဒါဟာ ဘာကြောင့်ပါလဲ"

နဂါးကြီး ဖုံးယီက မချိပြုံး တစ်ချက် ပြုံးလိုက်၏။

"ကျုပ်လည်း ဘယ်လိုမှ ရှင်းမပြနိုင်တော့ဘူး၊ နှစ်ပေါင်း နှစ်ဆယ်ရဲ့ နောက်ပိုင်းမှာ ကျုပ်ဟာ လူသေတစ်ယောက် ဖြစ်နေ ခဲ့ပြီပဲ"

ရှောက်လုံက အနည်းငယ် စဉ်းစားလိုက်ပြီး ဆက်၍ မေးမြန်း သည်။

"ခုနကပြောတဲ့ ဒီတောင်ကြားသခင်ဟာ တစ္ဆေသူတော် ဆိုတာ အမှန်ပဲနော်"

ဖုံးယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရှောက်လုံက...

"သူက ဘယ်လို လူစားမျိုးလဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သိုင်းလောက တစ်ခုလုံးကို ဂယ်က်ရိုက်သွားစေတဲ့ ဂြိုဟ်ဆိုးကောင်ပေါ့"



ရှောက်လုံက အံ့သြသင့်သွားပြီး...

"အို...ဟုတ်လား၊ သူ အခု ဒီတောင်ကြားထဲမှာရှိနေသလား"

ဖုံးယီက ခေါင်းကို ခါယမ်းလိုက်ပြီး...

"အခု သူမရှိဘူး၊ သူက ဒီတောင်ကြားထဲမှာ အနေနည်း တယ်"

ပြောလိုက်လေသည်။

ထိုစဉ်...

ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❋ ❖ ❋

ရှောက်လုံတို့ စကားပြောနေကြစဉ် ခြေသံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရ၏။

ရှောက်လုံက နားစွင့်ကာ...

"လူတချို့တော့ လာနေကြတယ်၊ ယာဘက် တောင်ကြား ဆီကလို့ ထင်တယ်"

ပြောလိုက်၏။

နဂါးကြီး ဖုံးယီမှာ သူ၏ သိုင်းပညာမှာ လုံးဝ မရှိတော့ သောကြောင့် ခပ်လှမ်းလှမ်းဆီမှ ခြေသံအား လုံးဝ ကြားနိုင်စွမ်း မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီး ဖုံးယီက…

"မိတ်ဆွေကြီး ဒီနေရာကနေ အမြန်ဆုံး ရှောင်ထွက်နေလိုက်ပါ"

ပြောလိုက်လေသည်။

ရှောက်လုံက…

"ကောင်းပါပြီ၊ ကျုပ် ရှောင်တိမ်းနေပါမယ်"

ပြောပြောဆိုဆို ကျောက်ဆောင် တစ်ခုဘေးသို့ ပြေး၍ ပုန်းကွယ်လိုက်၏။

မြေခြသံများမှာ တဖြည်းဖြည်းနှင့် နီးကပ်လာနေသည်။

မကြာမီ…

တောင်ကြားဂေါ်တွင် လူရိပ်သုံးခု ပေါ်လာ၏။

အဘိုးအိုတစ်ဦးနှင့် လူလတ်ပိုင်း နှစ်ဦး ဖြစ်သည်။

အဘိုးအိုမှာ အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။

လမ်းလျှောက်ပုံကို ကြည့်ခြင်းအားဖြင့် အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြောင်း သိနိုင်၏။

ဝတ်စုံညိုနှင့် အဘိုးအိုမှာ နဂါးကြီး ဖုံးယီ အနီးသို့ လျှောက်လာပြီး အေးစက်မာကျောသော အသံဖြင့် ပြောလိုက်လေသည်။

"ဖုံးယီ…မင်းကို ဘယ်မှ မသွားပါနဲ့လို့ ပြောထားရက်နဲ့



မင်း ငါ့စကား နားမထောင်ဘူး၊ မင်း အသားနာချင် ပြန်ပြီနဲ့တူတယ်"

နဂါးကြီး ဖုံးယီ မျက်နှာတစ်ချက် ပျက်သွား၏။

ပြီးနောက်…

အင်အားချိနဲ့သော အသံဖြင့် ပြန်ပြောသည်။

"ကျုပ် ဒီအထဲက မထွက်သွားနိုင်တာကို ခင်ဗျားတို့လဲ သိပြီးသားပဲ၊ ဒီလောက်ကလေးတောင် မလျှောက်ရတော့ဘူးလား"

ထိုအဘိုးအိုက ဖုံးယီအား တစ်ချက် စိုက်ကြည့်လိုက်ပြီး…

"အခုအမြန် တို့နဲ့လိုက်ခဲ့၊ သူတော် ခေါ်နေတယ်"

ဖုံးယီ၏ မျက်လုံးအစုံမှာ မှိုင်းဝေသွား၏။

"တစ္ဆေသူတော် ပြန်ရောက်နေတယ် ဟုတ်လား"

အဘိုးအိုက ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးနောက် ပြောလိုက်သည်။

"ဖုံးယီ မင်း ဒီမှာ နေခဲ့ရတာလဲ အနှစ်နှစ်ဆယ် ကျော်ခဲ့ပြီ၊ မင်းကို ကြည့်ပြီး ငါတို့လဲ သနားမိပါတယ်၊ တကယ်တော့ မင်းကလည်း သိပ်ခေါင်းမာတာကိုးကွ၊ မင်းကို ငါတစ်ခု ပြောမယ်၊ မင်း အနေနဲ့ ကျောက်စိမ်းဓား ဘယ်သူ့ဆီမှာ ရှိနေတယ်ဆိုတာကိုသာ ပြောလိုက်၊ မင်း ဒီဘဝက လွတ်မြောက်သွားတဲ့အပြင် မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်နေတဲ့ သိုင်းပညာတွေပါ ပြန်ရလိမ့်မယ်၊ ပြီးတော့ ငိုထ်ချူပ်ကြီး ရာထူးကိုလည်း မင်း ဆက်ပိုင်ခွင့်ရှိမယ်၊ ဒါကို မင်း သေသေချာချာ စဉ်းစားဖို့ ကောင်းပါတယ်”

ကျောက်စိမ်းစားဆိုသည့် စကားသံက ကျောက်ဆောင်ကွယ်တွင် ပုန်းအောင်းနေသည့် ရောက်လုံ၏ စိတ်အစဉ်အား လှုပ်ခါသွားစေ၏။

ဟကယ်တော့ ကျောက်စိမ်းစား ရှိသည့်နေရာကို မေးမြန်းလို၍ နဂါးကြီး ဖုံးယီမှာ အဖမ်းခံထားရခြင်း ဖြစ်သည်။

သို့ဆိုလျှင်...

နဂါးကြီး ဖုံးယီသည်လည်း တစ်ချိန်က ကျောက်စိမ်းစား ရလိုမှုနှင့် လုပ်ကြံသော လူသတ်မှုတွင် ပါဝင်ပတ်သက် နေပါလိမ့်မည်။

ဖုံးယီက အသံကျယ်ကြီးဖြင့်...

“ကျုပ် ပါးစပ်က ကျောက်စိမ်းစားအကြောင်း ပြောဖို့ ခင်ဗျားတို့ မစဉ်းစားကြနဲ့”

အဘိုးအိုက ရယ်မောလိုက်၏။

ပြီးမှ...

“ဒီမှာ ဖုံးယီ မင်းကို အမှန်အတိုင်း ပြောပြမယ်၊ သိုင်း



မောင်နံ့ရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့ အရိပ်မဲ့လက်သို့ ရောက်လုံဟာ ဒီသွေးကြွေးကို ဆပ်ဖို့ လိုက်ရှာနေပြီ၊ သူ့ရဲ့ သိုင်းပညာအဆင့်ဟာ အလွန်မြင့်နေတယ်၊ ပြီးတော့ ဝိညာဉ်အလံကလည်း သူ့ဘက်က အကူအညီ ပေးနေတယ်၊ ဒါတင်မကသေးဘူး၊ အဲဒီ ရောက်လုံဟာ အရိပ်မဲ့ သိုင်းဆရာ ယန်ဖန်းရဲ့ တပည့်လို့ ပြောတယ်၊ အရိပ်မဲ့ သိုင်းဆရာကို မင်း သိမှာ မဟုတ်ဘူး၊ အရိပ်မဲ့သိုင်းဆရာ သိုင်းလောကထဲကို ဝင်လာတဲ့အချိန်မှာ မင်းဟာ ဒီတောင်ကြားကို ရောက်နေပြီ”

အဘိုးအိုက စကားကို ခေတ္တ နားလိုက်သည်။

ထို့နောက်...

နဂါးကြီး ဖုံးယီကို ကြည့်ကာ ဆက်ပြောသည်။

“နောက်ဆုံး အနေနဲ့ မင်းကို ပြောလိုက်မယ်၊ မင်း ဖွင့်ပြောမယ်ဆိုရင် မင်းအတွက် သူတော်ဟာ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးလိမ့်မယ်၊ ဒီလိုမှ မင်း ဖွင့်မပြောဘူးဆိုရင် မင်းရဲ့ အိမ်သူအိမ်သားတွေနဲ့ တပည့်တွေအားလုံး အသက်ပျောက်သွားလိမ့်မယ်၊ တစ်ချိန်က ဒီပြဿနာထဲမှာ ပါဝင်ခဲ့ဖူးတဲ့ ကျောက်စီအား ကုန်းမတာလည်း အခု သေသွားပြီ၊ တခြား လူတွေလည်း မကြာခင်မှာ သူ့နောက်ကို လိုက်သွားကြရလိမ့်မယ်၊ ဒါကြောင့် သေသေချာချာ စဉ်းစားပါဦး ဖုံးယီ”

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် နဂါးကြီး ဖုံးယီက…

“ကျုပ်ဟာ ကျောက်စီဓားကို မမျှော်လင့်ဘဲ ရလာခဲ့တာ၊ သူတို့တတွေနဲ့ ပေါင်းပြီး လုပ်ကြံယူခဲ့တာ မဟုတ်ဘူး၊ သိုင်းမောင်နဲ့ရဲ့ ကိစ္စကိုလည်း မသိဘူး”

အဘိုးအိုက သက်ပြင်းချကာ…

“မင်း လျှောက်ပြောမနေနဲ့၊ ဒီသတင်းဟာ သိုင်းလောကဆီ ရောက်သွားရင်တော့ နဂါးဂိုဏ်းဟာ လွယ်မယ်မထင်ဘူး”

ကျောက်တုံးနောက်ကွယ်တွင် ပုန်းနေသော ရှောက်လုံ၏ စိတ်ထဲတွင် လှုပ်ရှားလာသည်။

ယခုအတိုင်းဆိုလျှင်…

ဖုံးယီသည် မိမိ၏ ရန်သူ မဟုတ်သေးချေ။

ကျောက်စိမ်းဓားအား မမျှော်လင့်ဘဲ ရခဲ့ခြင်းသာ ဖြစ်သည်။

ကျောက်စိမ်းဓားမှာ မိမိ၏ မိဘနှစ်ပါး ကျန်ရစ်ခဲ့သော ပစ္စည်းဖြစ်သဖြင့် မိမိသာ အရယူမည် ဖြစ်သည်။

ဖုံးယီမှာ ဤဓားအကြောင်း ပြောပြကောင်း ပြောပြနိုင်မည်။

သို့မဟုတ် လူသတ်သမားများအား ညွှန်ပြကောင်း ညွှန်ပြနိုင်လိမ့်မည်ဟု ရှောက်လုံက တွေးလိုက်မိ၏။

ထိုစဉ်…



ဖုံးယီက ခိုင်မာသော အသံဖြင့်…

“ကျုပ် သေရင် ဒါတွေ အေးသွားလိမ့်မယ်၊ ဒီတော့ ကျုပ်က ဘာကို ဂရုစိုက်စရာ လိုသေးလဲ”

ထိုအခါ အဘိုးအိုက…

“မင်းတကယ် သေရဲပြီလား”

မေးလိုက်၏။

ဖုံးယီက တဟားဟား ရယ်မောလိုက်ပြီးမှ…

“တစ်သက်မှာ တစ်ခါပဲ သေရတယ်၊ ဘယ်အချိန်ပဲ သေသေ သေတာ မဆန်းပါဘူး၊ ကျုပ် ကိုယ်တိုင်လည်း သေစာရင်း သွင်းထားပြီးပြီမို့ ခင်ဗျားတို့ ကျောက်စိမ်းဓား အကြောင်း နောက်ထပ်မေးဖို့ မကြိုးစားကြနဲ့၊ ကျုပ်ဟာ ကလေးတစ်ယောက် မဟုတ်ဘူးဆိုတာကို ခင်ဗျားတို့ အသိပါ၊ ကျုပ်ကို ကျုပ် မကျေမနပ် ဖြစ်နေတာက ကျုပ်ရဲ့ သိုင်းပညာနဲ့ ခင်ဗျားတို့ကို ဆုံးမခွင့် မရလိုက်တာကိုပဲ”

အဘိုးအိုက ခက်ထန်မာကျောသော အသံဖြင့် အော်ပြောလိုက်၏။

“ဟေ့…သူ့ကို ခေါ်ခဲ့”

လူလတ်ပိုင်းနှစ်ဦးက ချက်ချင်းပင် ဖုံးယီ အနီးသို့ တိုးကပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

"အားလုံး မလှုပ်နဲ့"

မာကျောခက်ထန်သော အသံတစ်သံက ချက်ချင်း ထွက်ပေါ်လာ၏။

ဖုံးယီသည် ထိုအသံရှင်ကို သိလိုက်ပြီ ဖြစ်၏။

ထို့ကြောင့်...

မျက်နှာလုံးဝ မပျက်ဘဲ တည်တည် ငြိမ်ငြိမ်ပင် ရှိနေ၏။

အဘိုးအိုနှင့် လူလတ်ပိုင်း နှစ်ဦးတို့သာ အကြီးအကျယ် မျက်နှာ ပျက်သွားကြသည်။

ဤတောင်ကြား အတွင်းသို့ လူစိမ်း တစ်စုံတစ်ယောက် ရောက်ရှိ နေလိမ့်မည်ဟု လုံးဝ မထင်ကြပေ။

အကယ်၍...

ဖုံးယီအား ဖမ်းချုပ်ထားသည့် သတင်းသာ သိုင်းလောကသို့ ပျံ့နှံ့သွားပါက လွယ်မည် မဟုတ်တော့ပေ။

အဘိုးအိုက ဟိန်းဟောက်သော အသံဖြင့် မေးလိုက်၏။

"ဘယ်သူလဲ"

ဤတွင်...

ဆံဖြူအဘိုးကြီးတစ်ဦး ကျောက်ဆောင် နောက်ကွယ်မှ ပေါ်လာပြီး ဖြည်းညင်းစွာ လျှောက်လာနေ၏။



သုံးဦးစလုံးမှာ ရောက်လုံကို မြင်လိုက်ရသည်နှင့် နောက်သို့ အလိုလို လေးငါးလှမ်းခန့် ဆုတ်ပြီးသား ဖြစ်သွားသည်။

❋ ❖ ❋

မျက်လုံးခြောက်လုံးက ရောက်လုံအား စူးစိုက်ကြည့်လျက် အကဲခတ်နေသည်။

ရောက်လုံအား မည်သို့မျှ သိပုံမပေါ်ချေ။

ရောက်လုံက လက်တစ်ဖက်ဖြင့် ဖြူဖွေးသော မုတ်ဆိတ်မွေးအား ပွတ်သပ်လိုက်သည်။

ထို့နောက် တဟဲဟဲ ရယ်မောလိုက်ပြီး...

"ကျုပ်က အဘိုးကြီးပါပဲ"

ခေါင်းဆောင်ဖြစ်သူ အဘိုးအိုက ရောက်လုံအား သေချာစွာ စူးစိုက်ကြည့်ရင်း မေးလိုက်သည်။

"နောင်ကြီးက ဘယ်သူပါလဲ"

ရောက်လုံက ခေါင်းကိုခါယမ်း လိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ မင်းတို့ သိဖို့ အချိန်မရောက်သေးဘူး"

အဘိုးအိုက ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒီနေရာဟာ ဘယ်လို နေရာမျိုးဆိုတာ ကော သိရဲ့လား"

ရှောက်လုံက မထိမဲ့မြင် ပြုံးလိုက်ပြီး ...

"ဘယ်လို နေရာမျိုးမို့လဲ၊ လူသူ မရှိတဲ့ တောင်ကြားမျိုးကို များ အထူးအဆန်း လုပ်ပြောနေတယ်"

အဘိုးအိုက အားရပါးရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ဒါဟာ ဝက်ပါတောင်ကြားလို့ ခေါ်တယ်၊ ဒီတောင်ကြားထဲကို ရောက်လာတဲ့ သူဟာ သေမင်းဆီ ရောက်လာတာနဲ့ အတူတူပဲဆိုတာကိုရော သိရဲ့လား"

ရှောက်လုံကလည်း ခပ်မှျင်းမှျင်း တစ်ချက် ရယ်လိုက်ပြီး ပြန်ပြောသည်။

"ဟဲ ... ဟဲ ... ဟဲ ကျုပ် ဒီနေရာကို ရောက်လာတာနဲ့ သေမင်း ဆီမှာရှိတဲ့ စာရင်း ပြောင်းလဲသွားပြီ ဆိုတာကိုရော ခင်ဗျားတို့ သိရဲ့လား၊ အခု သေမင်းဆီမှာ တခြားလူတွေအစား ခင်ဗျားတို့ နာမည်တွေ ရောက်သွားပြီ"

အဘိုးအိုမှာ ဒေါသ အကြီးအကျယ် ထွက်သွားပြီး ...

"ခင်ဗျား တယ်ရမ်းကားပါလား"

ရှောက်လုံက အေးဆေးစွာပင် ပြန်ပြောသည်။



"ကျုပ် ပြောတဲ့စကား လွဲခဲ့တယ်"

အဘိုးအိုမှာ စိုးထိတ်သလို ဖြစ်သွားပြီး ...

"ခင်ဗျားက ဘယ်သူပါလဲ"

ရှောက်လုံက လုံးဝဂရု မစိုက်သလို ကောင်းကင်ယံကို မော့ကြည့်လိုက်ပြီး အဘိုးအို၏ အမေးကို မဖြေဘဲ သူ ပြောချင်တာသာ ပြောလိုက်၏။

"ဒီနေရာဟာ ခင်ဗျားတို့ အပိုင်ရထားတဲ့ နေရာမှ မဟုတ်ဘဲ၊ ကျုပ်ဟာကျုပ် အလည်အပတ် လာလို့ရတာပဲ"

အဘိုးအိုက ရယ်ကာ ...

"အလည်အပတ် ဟုတ်လား ... ဟား ... ဟား ... ဟား အလည် အပတ် မဟုတ်ဘူး ဗျို့၊ သေမင်းနဲ့ စစ်ခင်းဖို့ ခင်ဗျား ရောက်လာတာ နားလည်ပြီလား"

ထိုစကားကြားလျှင် ရှောက်လုံက ...

"ပါးစပ်ရှိတိုင်း ပေါက်ကရတွေ လျှောက်ပြောမနေပါနဲ့၊ ကျုပ် ဒီကိုလာတာ အရေးကြီး ကိစ္စတစ်ခုနဲ့ လာခဲ့တာ ရှင်းပြီလား"

ရှောက်လုံက အားရပါးရ ရယ်မောလိုက်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

အဘိုးအိုက ချက်ချင်း စိတ်ဝင်စားသွားဟန် ပေါ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာအရေးကြီး ကိစ္စများလဲ"

ရှောက်လုံက...

"မိတ်ဆွေတို့ရဲ့ သူတော်ဆီက ပစ္စည်းတစ်ခု ယူမလို့"

တစ္ဆေသူတော် ဟူသောစကားကြောင့် ထိုလူသုံးဦးမှာ အကြီးအကျယ် မျက်နှာပျက်သွားသည်။

"ဘာပစ္စည်း ယူမလို့လဲ"

ရှောက်လုံက အေးဆေးစွာ ပြန်ဖြေလိုက်၏။

"သူရဲ့လည်ပင်းမှာ ဆွဲထားတဲ့ ပုတီးပါ"

ထိုပုတီးမှာ တစ္ဆေသူတော်၏ အဆောင်လက်ဖွဲ့တစ်ခု ဖြစ်သည်။

ထို့ကြောင့်...

အမြတ်တနိုးဖြင့် လည်ပင်းတွင် ဆွဲထားခြင်း ဖြစ်၏။

ယခု...

ဤဆံဖြူ အဘိုးကြီးက ဤလည်ဆွဲကို ယူမည်ဆိုသောအခါ ထိုလူသုံးယောက်မှာ အကြီးအကျယ် ဒေါပွသွားလေသည်။

❋ ❖ ❋

ထိုလူသုံးဦးစလုံးမှာ တိုက်ခိုက်ရန် နေရာယူလိုက်ကြ၏။



ထိုလူသုံးဦးစလုံး၏ လက်ဝါးများသည် ပြိုင်တူ လှုပ်ရှားသွားသည်။

လက်ဝါးအားလှိုင်း သုံးခုက ရှောက်လုံထံသို့ ရိုက်ခတ်လာသည်။

ရှောက်လုံကလည်း လက်ဝါးနှစ်ဖက်ကို စက်ဝိုင်းပုံသဏ္ဍာန် ဇွေ့ယမ်းလိုက်သည်နှင့် ရှောက်လုံထံသို့ ပြေးဝင်လာသော လက်ဝါးအားလှိုင်း သုံးခုစလုံးမှာ ချက်ချင်း ကွယ်ပျောက်သွားသည်။

ယခုမှ...

သူတို့သည် အဆင့်မြင့် ပုဂ္ဂိုလ်နှင့် တွေ့ပြီဖြစ်ကြောင်း သိလိုက်ကြ၏။

ထိုသို့...

သိလိုက်ရသည်နှင့် အားလုံးမှာ လိပ်ပြာလွင့်မတတ် တုန်လှုပ်ချောက်ချားသွားလေသည်။

ရှောက်လုံ၏ လက်ဝါးက လူသုံးဦးအနက် လူလတ်ပိုင်းအရွယ်ထံ တိုးဝင်သွားသည်။

ထိုလူမှာ ရုတ်တရက် မြောက်တက်သွားပြီး ကျောက်ဆောင်နှင့် ပြေးဝင်တိုက်သွားတော့၏။

"အား"

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စွာ အော်လိုက်သံတစ်ချက် ထွက်ပေါ်လာပြီး ထိုလူမှာ ငြိမ်သက်သွားသည်။

အဘိုးအိုနှင့် ကျန်လူတစ်ဦးတို့က နောက်သို့ လေးငါးလှမ်းခန့် ဆုတ်သွား၏။

"အား"

ငယ်သံပါအောင် အော်သံနှင့်အတူ ကျန်လူလတ်ပိုင်း တစ်ယောက်မှာ မြေပေါ်သို့ ထပ်မံလဲကျ သွားပြန်လေသည်။

အဘိုးအို၏ မျက်နှာနီရဲသွား၏။

အဘိုးအိုမှာ လက်ဝါးနှစ်ဖက်ကို ဇွေ့ယမ်း၍ ရှောက်လုံအား ဝင်ရောက် တိုက်ခိုက်လေတော့သည်။

အဘိုးအို၏ ပြင်းထန်စွာ ဝင်ရောက် တိုက်ခိုက်လာသော တိုက်ချက်ကို ရှောက်လုံက ရှောင်တိမ်းလိုက်ပြီး နောက်လက်ဝါးဖြင့် ပြန်လည် ရိုက်ချလိုက်လေသည်။

"အင့်"

ညည်းညူသံနှင့်အတူ အဘိုးအိုမှာ တစ်လံခန့်အကွာသို့ လွင့်သွား၏။

နှုတ်ခမ်းဝတွင် သွေးများစီးကျလာသည်။

အဘိုးအိုက ချက်ချင်း ပြန်ထလာပြီး ...



"ဒီလောက် ရမ်းကားတဲ့သူ မကြားခင် အကြောင်းသိစေရမယ်"

ထိုသို့ ပြောပြီးသည်နှင့် အဘိုးအိုက လှည့်ထွက်သွားလေတော့သည်။

ဖုံးယိမှာ အနည်းငယ် လှမ်းသည့်နေရာတွင် ရှိနေပြီး သူ၏ မျက်နှာပေါ်တွင်လည်း အံ့ဩထိတ်လန့်သည့် အမူအရာ ပေါ်လွင်နေ၏။

ဤဆံဖြူအဘိုး၏ သိုင်းပညာမှာ အံ့မခန်းလိလိ ရှိချေသည်။

မည်သည့်အဆင့်သို့ ရောက်နေကြောင်းကိုပင် မခန့်မှန်းနိုင်အောင် ရှိချေတော့၏။

❋ ❖ ❋

ဖုံးယိမှာ မူလကဘဝကို အရှုံးပေးထားသည့် စိတ်မှာ ပျောက်ကွယ်သွားပြီး စိတ်အားတက်ကြွလာမိတော့သည်။

ရှောက်လုံက အေးစက်မာကျောသော အသံဖြင့် ...

"မိတ်ဆွေကြီး မေ့သွားပြီထင်တယ်၊ ကျုပ် ခုနက ပြောခဲ့တာလေ"

ရှောက်လုံက ထိုသို့ ပြောနေစဉ် အဘိုးအိုက သူ၏ လက်ဝါးနှစ်ဖက်ကို တွန်းထုတ်ကာ ရှောက်လုံအား တိုက်ခိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ရောက်လုံက အဘိုးအို၏ ရိုက်ချက်ကို သူ၏ လက်ဝါးနှစ်ဖက်ဖြင့် ခုခံကာကွယ်လိုက်၏။

အတွင်းအားချင်းမှာ မမျှသောကြောင့် အဘိုးအိုမှာ နောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွား၏။

အဘိုးအို၏ မျက်နှာမှာ သွေးများကျလာသည်။

ထိုစဉ် ...

ဖုံးယီက ရောက်လုံအား ဟစ်အော်၍ သတိပေးသည်။

"ဆရာကြီး သတိထားပါ"

ရောက်လုံက ဖုံးယီ၏ သတိပေးသံကို ကြားလိုက်ရသည်နှင့် လျှပ်စီး လက်သကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် နောက်သို့ ခုန်ရောင်လိုက်၏။

"ရှိုး ... ရှိုး"

လေကို ပြင်းထန်စွာ ခွင်းသွားသော အသံက လျင်မြန်စွာ ပေါ်ထွက်လာပြီး စောစောက ရောက်လုံ ရပ်ခဲ့သည့် ကျောက်တုံးတွင် အပေါက်ကလေးနှစ်ပေါက် ဖြစ်သွား၏။

အလွန်ကြောက်စရာ ကောင်းလှပေသည်။

ရောက်လုံက ထိတ်လန့်တကြား ပြန်လှည့်ကြည့်လိုက်လေသည်။



ထိုအခါ ...

လူတစ်စု ရပ်နေသည်ကို တွေ့လိုက်ရတော့၏။

❋ ❖ ❋

ရောက်လုံ၏ အနောက်တွင် လူတစ်စု ရောက်ရှိနေသည်။

ရှေ့ဆုံးမှ မြင်ရသူမှာ ဆွတ်ဆွတ် ဖြူနေသည့် မျက်နှာနှင့် အဘိုးကြီးတစ်ဦး ဖြစ်သည်။

သူ၏ နောက်ဘက်တွင် အရပ်ရှည်ရှည် လူကြီးငါးဦးက တန်းပြီး ရပ်နေသည်။

အားလုံးမှာ အညိုရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြ၏။

ရှေ့ဆုံးမှ အဘိုးကြီးသည် မည်သူ ဖြစ်မည်နည်း။

ရောက်လုံက ထိုအဘိုးကြီးအား မမေးဘဲ သိလိုက်သည်။

ထိုအဘိုးကြီးမှာ တစ္ဆေသူတော်ပင် ဖြစ်သည်။

သူ့မှလွဲ၍ တခြား မည်သူမျှ မဖြစ်နိုင်ပေ။

လူအရေအတွက်အရ ဤတောင်ကြားတွင် ရှိသည့် လူအားလုံး အကုန်ရောက်ရှိ နေကြောင်း သိနိုင်၏။

ရှေ့ဆုံးမှ အဘိုးအိုက ရောက်လုံအား ကြည့်ကာ ...

"ဒီတောင်ကြားထဲ ရောက်လာပြီး လူသတ်ဝံ့တာ နည်းတဲ့ သတ္တိ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ပြုံးကာ ...

"ဒီမှာ တစ္ဆေသူတော် ကျုပ် ရှေ့မှာလာပြီး အော်ကြီးဟစ်ကျယ် လုပ်မနေပါနဲ့"

ပြောလိုက်လေသည်။

ရှောက်လုံ၏ စကားကြောင့် တစ္ဆေသူတော် ဆိုသည့် အဘိုးအို မှာ တုန်လှုပ်သွားရသည်။

တစ်ဖက်လူက မိမိအမည်အား ရုတ်တရက် ခေါ်ခြင်းကို ခံ လိုက်ရသောကြောင့် ဖြစ်၏။

မိမိကသာ ဤဆံဖြူ အဘိုးကြီးအား မည်သူမှန်း မသိခြင်း ဖြစ်သည်။

တစ္ဆေသူတော်က အေးစက်သော အမူအရာဖြင့် ရှောက်လုံ အား မေးလိုက်၏။

"မိတ်ဆွေက ဘယ်သူပါလဲ"

ရှောက်လုံက ချက်ချင်း ပြန်ဖြေလိုက်သည်။

"ကျုပ်နာမည် အမည်မဲ့ အဘိုးအိုလို့ ခေါ်တယ်"

"ဟင် ... ဘာ-ပြောတယ်"

တစ္ဆေသူတော်က အံ့သြ ထူးဆန်းသလို ပြန်မေးလိုက်၏။

ရှောက်လုံက ပြုံးကာ ...



"အမည်မဲ့ အဘိုးအိုလေ"

တစ္ဆေသူတော်က ...

"ဒီနာမည်က တော်တော် ထူးဆန်းပါလား"

ရှောက်လုံက ဘာမှ ပြန်မပြောပါ။

တစ္ဆေသူတော်က ရှောက်လုံအား အကဲခတ်ကြည့်ကာ မေး လိုက်သည်။

"ဒါနဲ့ ဒီတောင်ကြားကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ရှောက်လုံက ...

"လူလာရှာတာ"

တစ္ဆေသူတော် မျက်လုံးပြူးသွားသည်။

"ဘယ်သူ့ကို လာရှာတာလဲ"

ရှောက်လုံက ခပ်လှမ်းလှမ်းတွင် ရပ်နေသော နဂါးကြီး ဖုံးယီ အား လက်ညှိုး ထိုးပြလိုက်ပြီး ...

"သူ့ကို လာရှာတာ"

ရှောက်လုံ၏ စကားကြောင့် တစ္ဆေသူတော်မှာ မျက်နှာအကြီး အကျယ် ပျက်သွားရသည်။

တစ္ဆေသူတော်သည် မိမိ၏ လျှို့ဝှက်ချက်များအား မည်သူမျှ မသိနိုင်ဟု ထင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လွှန်ခဲ့သည့် အနှစ်သုံးဆယ်လုံးလုံး ဤနေရာသို့ မည်သူတစ်ဦး တစ်ယောက်မှ ရောက်မလာဘူးချေ။

သို့သော် ...

ယခု ဤဆံဖြူ အဘိုးအိုသည် မမျှော်လင့်ဘဲ ရောက်လာခဲ့၏။

သို့ဆိုလျှင် ...

ထိုအဘိုးအိုအား မလွဲမသွေ ရှင်းပစ်ရပေတော့မည်။

သို့မဟုတ်လျှင် ...

သူ၏ လျှို့ဝှက်ချက်သည် သိုင်းလောက တစ်ခုလုံးသို့ ပေါက်ကြားသွားပေလိမ့်မည်။

ထို့ကြောင့် ...

တစ္ဆေသူတော်သည် ဆံဖြူအဘိုးအိုအား အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

✱ ❖ ✱

## အယောင်ယောင်အမှားမှား

တစ္ဆေသူတော်၏ အနောက်ဘက်တွင် သူ၏ တပည့်ငါးဦးက တန်းစီ၍ ရပ်နေသည်။

ဒဏ်ရာရထားသည့် အဘိုးအိုမှာ သူ၏ ဒဏ်ရာအား အတွင်းအားဖြင့် ကုသနေသည်။

တစ္ဆေသူတော်က အေးစက်သော အသံဖြင့် ...

"မိတ်ဆွေက ဖုံးယီ ဒီမှာ ရှိနေတယ်ဆိုတာကို ဘယ်လိုလုပ်သိတာလဲ"

ရှောက်လုံက တစ်ချက် ပြုံးလိုက်ပြီး ...

"ဒါကတော့ ကျုပ်နည်း ကျုပ်ဟန်နဲ့ သိတာပေါ့၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး"

တစ္ဆေသူတော်မှာ အသံခပ်မာမာဖြင့် မေးလိုက်၏။

"နောင်ကြီးက ဘာသဘောနဲ့ ခုလို ယှပ်လိုက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက အေးဆေး တည်ငြိမ်စွာဖြင့် ပြောသည်။

"ဖုံးယီကို ဒီတောင်ကြားကနေ အပြင်ရောက်အောင် ခေါ်သွားဖို့ လာခဲ့တာပဲ"

ဤတွင် ...

တစ္ဆေသူတော်က သဘောကျစွာ တစ်ချက်ရယ်မော လိုက်သည်။

"မိတ်ဆွေက သူ့ကို ခေါ်သွားနိုင်မယ်လို့ ထင်နေသလား"

ရှောက်လုံက မထီလေးစားသော ဟန်ဖြင့် ...

"သိပ်ခေါ်နိုင်တာပေါ့"

"ဟား ... ဟား ... ဟား ... အမည်မဲ့ အဘိုးအိုက ဒီတောင်ကြားထဲဝင်ပြီးရင် ပြန်ထွက်လို့ မရဘူးဆိုတာ မသိသေးဘူးထင်တယ်"

တစ္ဆေသူတော်သည် ထိုသို့ ပြောပြီး ရှောက်လုံအား တစ်ချက် စိုက်ကြည့်လိုက်၏။

ထို့နောက် ...

သဘောကျစွာတစ်ချက် ပြုံးလိုက်ပြီး ဆက်၍ ပြောပြန်သည်။

"ဒီမှာ မိတ်ဆွေ ဒီတောင်ကြားထဲကို ရောက်လာပြီးရင် ကျုပ်က ဘာမှ မလုပ်ဘဲနဲ့တောင် ခင်ဗျား ဘဝနိဂုံး ချုပ်သွားနိုင်တယ်ဆိုတာ နားလည်ထားပါ"



ရှောက်လုံ၏ စိတ်ထဲတွင် ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်သွားမိသည်။

ဤစကားမှာ မိမိအား တမင်ခြောက်လှန့် ပြောဆိုနေခြင်း မဟုတ်ကြောင်း သိလိုက်၏။

စင်စစ် ဤနေရာသို့ ရောက်လာခြင်းမှာလည်း မျက်စိလည် လမ်းမှားပြီး ရောက်လာခြင်းသာ ဖြစ်သည်။

ပြန်ထွက်နိုင်မည့် လမ်းစကို ယခုတိုင် စဉ်းစား၍ မရသေးပေ။

သို့သော် ...

ရှောက်လုံက ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း မထိပြုံး ပြုံးလိုက်ပြီး ပြန်ပြောသည်။

"ကျုပ်ကို ခင်ဗျားက ဘယ်လိုလူမျိုး ထင်လို့လဲ၊ လမ်းတစ်ခုကို ဝင်လာပြီးရင် ပြန်မထွက်နိုင်ဘူးဆိုတာ ကျုပ် တစ်သက်မှာ မရှိသေးဘူး"

တစ္ဆေသူတော်က အားရပါးရ ရယ်မောကာ ...

"ကြိုးစား ကြည့်ပါဦးလေ"

ရှောက်လုံကလည်း အလျှော့မပေးဘဲ ချက်ချင်း ပြန်ပြောလိုက်၏။

"ဒီအတွက် မိတ်ဆွေ စိတ်ပူစရာ မလိုဘူး၊ မိတ်ဆွေကြီးသာ သေမသိ ရန်မခတဲ့ ရှိပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင် ... ခင်ဗျား လမ်းသိလို့ ပြန်ထွက်တယ်ထား ဦး၊ ဒီကနေ့ အသက်ရှင်လျက်နဲ့ ထွက်မသွားနိုင်ဘူး ဆိုတာကိုကော သိထားစေချင် ပါတယ်ဗျာ"

ရှောက်လုံက အေးဆေးစွာ ပြန်ပြောသည်။

"ကျုပ်အသက် ရှင်လျက်သာမက ဖုံးယီကိုပါ ခေါ်သွားမယ် ဆိုတာ ခင်ဗျား သိထားရအောင် ကျုပ်ကလဲ ပြောထားလိုက်မယ်"

တစ္ဆေသူတော်က လှောင်ရယ်ပြီး ...

"ဟဲ ... ဟဲ အိပ်မက်ထဲမှာတော့ ရချင်ရလိမ့်မယ်"

ပြောလိုက်၏။

ရှောက်လုံက အသံခပ်မာမာဖြင့် ...

"လက်တွေ့ တကယ် ဖြစ်နိုင်တယ်ဆိုတာ ခင်ဗျား မကြာ ခင်ပဲ တွေ့ရပါလိမ့်မယ်"

ထိုစဉ် ...

တစ္ဆေသူတော်က ရှောက်လုံ၏ မျက်နှာကို သေချာစွာ အကဲ ခတ် ကြည့်ရှုလိုက်လေသည်။

❋ ❖ ❋

တစ္ဆေသူတော်က ရှောက်လုံအား စူးစိုက်ကြည့်လိုက်၏။



သူ၏ အကြည့်ကြောင့် ရှောက်လုံမှာ အနေရ ခက်လာ၏။

တစ္ဆေသူတော်သည် သူ့အား အဘယ်ကြောင့် စိုက်ကြည့်နေ သနည်းဟုလည်း စိတ်ထဲကျိတ်၍ စဉ်းစားနေမိ၏။

ထိုစဉ် ...

"ဟား ... ဟား ... ဟား မိတ်ဆွေက ဘယ်သူဆိုတာ ကျုပ် အခု ကောင်းကောင်း သိသွားပြီ"

တစ္ဆေသူတော်က ရှောက်လုံ၏ မျက်နှာအား စူးစိုက်ကြည့်နေ ရင်းမှ ပြောလိုက်၏။

ရှောက်လုံ၏ စိတ်ထဲအနည်းငယ် တုန်လှုပ်သွားသည်။

သို့သော် ...

သူက အမူအရာ မပျက်ဖြင့် ချက်ချင်း ပြန်မေးလိုက်လေသည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိနေတယ် ဟုတ်လား၊ ဟား ... ဟား ... ဟား ဒါဟာ ရယ်စရာပါလား"

ရှောက်လုံက ပျက်ရယ် ပြုသလို ရယ်လိုက်၏။

သို့သော် ...

တစ္ဆေသူတော်က မပြုံးမရယ်ချေ။

တည်ကြည်သော မျက်နှာထားဖြင့် ...

"မိတ်ဆွေဟာ အခုတလော သိုင်းလောကမှာ နာမည်ကြီး နေတဲ့ ဝိဉာဉ်အလံနဲ့ ပတ်သက်နေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ခေါင်းကို ခါလိုက်ပြီး ...

"ကျုပ် ဝန်မခံနိုင်သေးဘူး"

တစ္ဆေသူတော်က ရှောက်လုံ၏ မျက်နှာအား သေချာစွာ စူးစိုက်ကြည့်ရင်း ...

"နောင်ကြီးရဲ့ မျက်နှာဖုံးပညာက တကယ်တော်ပါပေတယ်၊ အဆင့်မြင့် သိုင်းသမား မဟုတ်ရင် မျက်နှာဖုံးတုမှန်း မသိ၊ ပကတိ မျက်နှာအတိုင်းပဲ"

ပြောလိုက်လေသည်။

တစ္ဆေသူတော် ပြောလိုက်သော စကားကြောင့် ရှောက်ပုံမှာ အကြီးအကျယ် တုန်လှုပ်သွားလေသည်။

သူ၏ မျက်နှာဖုံးမှာ အလွန်သေသပ် ပိရိလှ၏။

မည်သူ တစ်ဦးတစ်ယောက်မျှ မရိပ်မိသေးချေ။

တကယ်တော့ ...

တစ္ဆေသူတော်သည်လည်း ရုပ်ပြောင်း ရုပ်လွှဲပညာကို တတ်ကျွမ်းသူ မဟုတ်ပါလား။

ထို့စဉ် ...

တစ္ဆေသူတော်၏ စကားသံက ထပ်မံထွက်ပေါ်လာ၏။

"တကယ်တော့ မိတ်ဆွေရဲ့ အမည်ဟာလဲ နာမည်တုပဲ"



ရှောက်လုံက မဲ့ကာ ...

"ဒီလောကကြီးမှာ ဘယ်သူကရော အမှန်အကန်အတိုင်း ပြောဆိုလုပ်ဆောင် ကြလို့လဲ"

တစ္ဆေသူတော်က ရှောက်လုံ၏ အမေးကို ပြန်မဖြေဘဲ လက်တစ်ဖက်ကို မြှောက်ကာ ဇွေ့ယမ်းလိုက်ပြီး သူ့တပည့်များအား အမိန့်ပေးလိုက်၏။

"ဟေ့ ... ဖုံးယီကို အရင်သွားခေါ်ကြစမ်း"

တစ္ဆေသူတော်၏ အမိန့်ပေးလိုက်သံကြောင့် လူဆိုးကြီးသုံးယောက်ထဲမှ နှစ်ယောက် ချက်ချင်း ထွက်လာပြီး နဂါးကြီးဖုံးယီဆီသို့ လျှောက်သွားကြ၏။

ဤတွင် ...

ရှောက်လုံက အသံကျယ်ကျယ်ဖြင့် ...

"ဟေ့ ... ရပ်ကြစမ်း"

ထွက်လာသော လူကြီးနှစ်ယောက်က ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်ပြီး ရှောက်လုံအား စိုက်ကြည့်လိုက်ကြသည်။

တစ္ဆေသူတော်က ဒေါသတကြီးဖြင့် ငေါက်လိုက်၏။

"ဖုံးယီကို သွားခေါ်ဆိုတာ မကြားဘူးလား"

ရှောက်လုံက အေးဆေးတည်ငြိမ်သော အသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မသွားရဘူးလို့ ကျုပ် အမိန့်ပေးနေတယ်"

ရှောက်လုံတို့ နှစ်ဦးကြားတွင် နဂါးကြီးဖုံးယီက ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရပ်နေသည်။

အနှစ်နှစ်ဆယ်လုံးလုံး ထိန်းချုပ်မှုကို ခံထားရသဖြင့် ဖုံးယီ၏ စိတ်များသည် လေးလံထုံထိုင်း၍ နေပေသည်။

ထိုစဉ် ...

လူရိပ်တစ်ခုသည် ရှောက်လုံနှင့် ဖုံးယီတို့နှစ်ဦး ကြားသို့ ရုတ်တရက် ကျရောက်လာ၏။

ရှောက်လုံက ရိပ်ခနဲ တွေ့လိုက်ရသည်နှင့် လက်ဝါးနှစ်ဖက်ကို လျင်မြန်စွာ ဆန့်ထုတ်လိုက်သည်။

"ဝုန်း ..."

အသံတစ်ခုက ပြင်းထန်စွာ ထွက်ပေါ်လာသည်။

ရှောက်လုံနှင့် ဖုံးယီ တို့ကြားသို့ ကျရောက်လာသူမှာ တစ္ဆေသူတော်ပင် ဖြစ်၏။

တစ္ဆေသူတော်က ရှောက်လုံအား ခုန်အုပ်၍ စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သို့သော် ...

လျင်မြန်ဖြတ်လတ်သော ရှောက်လုံကလည်း သိလိုက်၏။



ထို့ကြောင့် ...

တစ္ဆေသူတော်အား ဆီးကြို၍ တန်ပြန် တိုက်ခိုက်သည်။

နှစ်ဦးစလုံးမှာ နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်၍သွားသည်။

တစ္ဆေသူတော်က နောက်သို့ ဆုတ်သွားစဉ် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

အလင်းရောင်တန်း တစ်ခုသည် ရှောက်လုံ၏ ရင်ဝဆီသို့ လျင်မြန်စွာ ပြေးဝင်လာ၏။

ရှောက်လုံသည် အလင်းရောင်တန်း တိုးဝင်လာသည်ကို တွေ့လိုက်ရသော်လည်း ရှောင်ချိန် မရလိုက်တော့ပေ။

လက်နက်ပုန်းတစ်ခုက ရှောက်လုံ၏ ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေတော့သည်။

❋ ❖ ❋

လက်နက်ပုန်းကလေးမှာ ရှောက်လုံ၏ ရင်ဝတွင် တည့်မတ်စွာ စိုက်ဝင်သွား၏။

သို့သော် ...

ရှောက်လုံမှာ လဲကျ မသွားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် ...

ရောက်လုံ၏ သံမဏိကိုယ်ကျပ် အင်္ကျီဝတ်ဆင် ထားခြင်းကြောင့် ဖြစ်သည်။

ရောက်လုံ လဲကျမသွားသည်ကို မြင်လျှင် တစ္ဆေသူတော် အံ့ဩသွား၏။

စိတ်ထဲတွင်လည်း အကြီးအကျယ် တုန်လှုပ်သွားသည်။

သူ၏ လက်နက်ပုန်း ပစ်အားသည် လူတို့၏ အသွေးအသား မဆိုထားနှင့် သစ်တုံးကိုပင် ထိုးဖောက်သွားနိုင်၏။

ဤအဘိုးအိုမှာ စားလုံပြီးသည့် အဆင့်သို့ ရောက်နေပြီလားဟု တစ္ဆေသူတော်က တွေးလိုက်မိ၏။

ထိုစဉ် ...

ရောက်လုံက ဟားတိုက် ရယ်မောလိုက်ပြီး ...

"ဟား ... ဟား ... ဟား ဘယ်အရာမဆို အသွားအပြန်တော့ ရှိရတယ်၊ ကဲ ... ခင်ဗျား ပြီးရင် ကျုပ် အလှည့်ပဲ"

ရောက်လုံက ပြောပြောဆိုဆို အရိပ်မဲ့ လက်ညှိုးသိုင်းပညာအား ထုတ်ဖော်လိုက်၏။

ပြင်းထန်သော လေလှိုင်းတစ်ခု ထွက်ပေါ်လာ၏။

တစ္ဆေသူတော်မှာ ထိတ်လန့်တကြား ဘေးသို့ ခုန်ရှောင်ထွက်လိုက်သည်။



ထိုသို့ ...

ရှောင်ထွက်သွားစဉ် ရောက်လုံက ဖုံးယီအား ရုတ်တရက် ဖမ်းဆွဲလိုက်ပြီး ကျောက်တုံးနံရံဆီသို့ ခုန်လွှား၍ ကပ်လိုက်သည်။

ထို့နောက် ဖုံးယီအား ထားခဲ့ကာ ရှေ့အနီးတွင်ရှိသော တစ္ဆေသူတော်၏ တပည့်နှစ်ဦးအား ခုန်ဝင် တိုက်ခိုက်လိုက်သည်။

ထိုအခါ ...

"ဖုန်း"

"ခွပ်"

"အား"

"အင့်"

စူးရှသော အသံများ ထွက်ပေါ်လာပြီး ထိုလူကြီးနှစ်ဦးမှာ အနောက်သို့ လွင့်စဉ်သွားသည်။

တစ္ဆေသူတော်မှာ အကြီးအကျယ် မျက်နှာပျက်သွား၏။

"ယား ..."

တစ္ဆေသူတော်က တစ်ချက် မာန်သွင်းကာ လေထဲခုန်တက်လိုက်သည်။

ရောက်လုံက မည်သည့်နေရာသို့ ရှောင်တိမ်းရမည်ကို ဝေခွဲမရ ဖြစ်နေပြီး နောက်ဆုံး လက်ဝါးနှစ်ဖက်ကို အထက်သို့ ပင့်တင်၍ ဆီးရိုက်ချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ကျန်တပည့်သုံးဦးက ဓားများကို ဆွဲထုတ်လိုက်ကာ ရှောက်လုံအား ဝင်ရောက် တိုက်ခိုက်လာသည်။

ရှောက်လုံက ပထမ ရိုက်ချက် လက်ဝါးကို ရုပ်လိုက်ပြီးနောက် တစ်ချက် ထပ်မံ ရိုက်ထုတ်လိုက်၏။

ဤတစ်ကြိမ် ရိုက်ချက်မှာ အတွင်းအား အပြည့်သုံး၍ ရိုက်လိုက်သော ရိုက်ချက် ဖြစ်သည်။

"ဗိုး ... ဗိုး"

ပြင်းထန်သော လေပွေလှိုင်းတစ်ခုက အဘိုးအိုသုံးဦးထံသို့ တိုးဝှေ့ ဝင်သွားတော့၏။

အဘိုးအိုသုံးဦးမှာ နောက်သို့ လေးငါးလှမ်းခန့် ဆုတ်သွားရပြီး ထိတ်လန့်တကြား ဖြစ်နေသည်။

ရှောက်လုံ၏ ခြေထောက် နှစ်ဖက်မှာလည်း မြေကြီးအတွင်းသို့ ခြေမျက်စိထိ နစ်မြုပ်သွားသည်။

ထိုစဉ် ...

တဏ္ဍေသူတော်မှာ မြေပေါ်သို့ ခြေချမိသည်နှင့် ဖုံးယီဆီသို့ ခုန်ဝင်သွားလေတော့သည်။

✻ ❖ ✻



တဏ္ဍေသူတော် ခုန်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသော်လည်း ရှောက်လုံမှာ တိုက်ခိုက်ချိန် မရလိုက်တော့ပေ။

သို့သော် ...

ဖြတ်ထိုးဉာဏ်သုံးကာ သူ၏ ခန္ဓာကိုယ်အား ၄ စ်ပတ်လှည့်၍ ဘေးစောင်းတိုက်ချလိုက်တော့သည်။

"ဘုန်း ..."

ပြင်းထန်သော တိုက်မိရှိန်ကြောင့် ခန္ဓာကိုယ်နှစ်ခုလုံး လွင့်ထွက်သွားသည်။

ရှောက်လုံက ဖုံးယီရှေ့သို့ ချက်ချင်း ခုန်ဝင်လိုက်သည်။

သိုင်းလောကမှ ဂိုဏ်းကြီးတစ်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး တစ်ဦးမှာ ယခုတော့ ကလေးတစ်ယောက်ကို စောင့်ရှောက်သားခြင်း ခံရကဲ့သို့ ရှိနေသည်။

တဏ္ဍေသူတော်က မာန်တစ်ချက်သွင်းကာ သူ့တပည့်သုံးဦးနှင့် အတူ ပြိုင်တူဝင်၍ တိုက်ခိုက်ပြန်သည်။

ယခု အချိန်မှစ၍ ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော တိုက်ပွဲ က စတင် ဖြစ်ပွားလေပြီ။

နှစ်ဖက်စလုံးမှာ အဆင့်မြင့် အစွမ်းထက်သော သိုင်းပညာများကို ထုတ်သုံးကြလေတော့သည်။

✻ ❖ ✻

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် သိုင်းကွက် သုံးဆယ်ကျော်မျှ တိုက်ခိုက်ပြီး ဖြစ်သွားကြ၏။

လေးယောက်နှင့် တစ်ယောက်မို့ ရှောက်လုံမှာ အထူးသတိထား တိုက်ခိုက်နေရ၏။

တဇ္ဇေသူတော်တို့ လေးဦးကလည်း ရှောက်လုံအား ထွက်ပေါက်မရအောင် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ကြသည်။

တိုက်ပွဲမှာ ပြင်းထန်သည့်အလျောက် ရှုပ်ထွေးနေ၏။

ထိုသို့ ...

ရှုပ်ထွေးနေသည့် တိုက်ပွဲအတွင်းမှ တဇ္ဇေသူတော်သည် ရုတ်တရက် ခုန်ပျံထွက်သွားပြီးနောက် ဖုံးယီဆီသို့ ရောက်ရှိသွား၏။

ထို့နောက် ...

ဖုံးယီအား ဖမ်းချုပ်က တောင်ကြားထဲသို့ ဆက်တိုက်ခုန်ဝင်သွားလေသည်။

ရှောက်လုံမှာ စိုးရိမ်တကြီး ဖြစ်သွားပြီး လက်ဝါးသုံးချက်ဆင့်ကာ ရိုက်လိုက်၏။

သူနှင့် တိုက်ခိုက်ရန် ကျန်ရစ်ခဲ့သော တဇ္ဇေသူတော်၏ တပည့်သုံးဦးမှာ နောက်သို့ ဆုတ်သွားကြ၏။

ထိုသို့ နောက်ဆုတ်သွားစဉ် ရှောက်လုံက လေထဲသို့ ခုန်တက်ရန် ပြင်လိုက်သည်။



သို့သော် ...

တဇ္ဇေသူတော်၏ တပည့်သုံးဦးက ရှောက်လုံခုန်၍ မတက်နိုင်မီမှာပင် ဝင်ရောက်တိုက်ခိုက်လာကြပြန်သည်။

အခြေအနေ မဟန်တော့မှန်း သိလိုက်ပြီမို့ ရှောက်လုံက ထိုလူ သုံးဦး တိုက်ခိုက်လာသည့် ကြားကပင် အတွင်းအားကို စုစည်း၍ လေထဲသို့ တစ်ဟုန်ထိုး ခုန်တက်လိုက်တော့၏။

တိုက်ခိုက်လာသည့် လူသုံးဦးမှာ ရှောက်လုံ၏ ခန္ဓာကိုယ်ဖြင့် ပြင်းထန်စွာ အတိုက်ခံလိုက် ကြရပြီး ဘေးသို့ လွင့်စဉ်သွားလေသည်။

ရှောက်လုံမှာလည်း အထက်သို့ မြင့်တက်သွားပြီး ကိုယ်ကို သုံးလေးပတ် လှိမ့်လိုက်သောကြောင့် ထိုလူသုံးဦးနှင့် နှစ်လံအကွာသို့ ကျရောက်သွားလေသည်။

တဇ္ဇေသူတော်၏ တပည့်သုံးဦးမှာ ကြောင်ငေး၍ သွားကြ၏။

ရှောက်လုံက မြေပေါ်သို့ ပြန်ကျသည်နှင့် တဇ္ဇေသူတော်အား လျင်မြန်စွာ ရှာဖွေလိုက်သည်။

ထိုအချိန်တွင် ...

တဇ္ဇေသူတော်မှာ ကျောက်ဂူအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီ ဖြစ်လေတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

# ထွက်ပေါက်

ရှောက်လုံမှာ အကြီးအကျယ် ဒေါသူသွားသည်။

လူသတ်လိုသည့် စိတ်တို့သည်လည်း ပြင်းထန်စွာ ပေါ်ထွက်လာတော့သည်။

ရှောက်လုံ ရပ်နေစဉ် ဘဏ္ဍာသူတော်၏ တပည့်သုံးဦးက ရှောက်လုံအား ခုန်အုပ်လာပြန်သည်။

ရှောက်လုံက လျင်မြန်စွာ ခုန်ရှောင်လိုက်ပြီး မှန်တိုင်းလက်ဝါးအားလှိုင်းဖြင့် ရိုက်ချလိုက်သည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ကျောက်ဆောင်နှင့် ဦးတိုက်သွားပြီး ခေါင်းတစ်ခုလုံး ကြေမွသွားတော့၏။

ဒုတိယ လူတစ်ယောက်မှာ နာကျင်စွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ ဖင်ထိုင်ရက် လဲကျသွားတော့၏။

သို့သော်...



တတိယလူ၏ လက်ဝါးက ရှောက်လုံ၏ နောက်ကျောပေါ်သို့ ကျလာသည်။

ရှောက်လုံ၏ ကျောတစ်ခုလုံး အောင့်သွား၏။

သို့သော်...

သူက အံကိုတင်း၍ ကြိတ်ခံလိုက်ပြီး လက်ဝါးတစ်ဖက်ဖြင့် သမင်လည်ပြန် လှည့်ရိုက်ချလိုက်သည်။

ရှောက်လုံ၏ လက်ငါးချောင်းစလုံးသည် တတိယ လူ၏ ရင်ဝထဲသို့ စိုက်ဝင်သွားပြီး လက်မောင်းကို ဆန့်ထုတ်လိုက်၏။

ပြီးနောက်...

ထိုလူ၏ ခန္ဓာကိုယ်အား ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

တတိယလူမှာ သုံးလှမ်းခန့် အဝေးသို့ လွင့်စဉ်ထွက်သွားပြီး အသက် ပျောက်သွားတော့၏။

ထိုအချိန်တွင်...

ပထမကတည်းက ဒဏ်ရာရနေသည့် အဘိုးအိုမှာ လဲနေရာမှ ကုန်းထလာ၏။

ထို့နောက်...

ကြောက်လန့်တကြား ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်…

ရှောက်လုံက မြားတစ်စင်းကဲ့သို့ လျင်မြန်သော အရှိန်ဖြင့် ပြေးဝင်လာပြီး ထိုအဘိုးကြီး၏ ယာဖက် လက်မောင်းအား ရစ်ပတ် လျက် ဖမ်းချုပ်လိုက်၏။

ထို့နောက် အေးစက်မာကျောသော အသံဖြင့်…

"ကျုပ်ကို ခင်ဗျားတို့ ဂေဟာထဲ လိုက်ပို့ပေးပါ"

ထိုအဘိုးအိုက တုန်ယင်သော အသံဖြင့်…

"ကျုပ် မပို့ပါရစေနဲ့"

ရှောက်လုံက ချုပ်ကိုင်ထားသော လက်ပေါ်သို့ အတွင်းအား အနည်းငယ် ဖိချိုက်လိုက်၏။

ထိုအဘိုးအို၏ မျက်နှာသည် ချက်ချင်း ရှုံ့မဲ့သွား၏။

"ကဲ…နောက်တစ်ခါ မပို့နိုင်ဘူးလို့ တစ်ခွန်းထပ်ပြောရင် တော့ လက်မောင်းတစ်ခုလုံးကို ချိုးပစ်မယ်"

အဘိုးအိုက မဲ့ကာ…

"မပို့ပေးနိုင်ဘူး"

ပြောလိုက်၏။

ရှောက်လုံမှာ ဒေါသ အကြီးအကျယ် ထွက်သွားသည်။

"ခင်ဗျား အသား မနာချင်စမ်းပါနဲ့"



ထိုအဘိုးအိုက ပမာမခန့် ပြောသည်။

"ကျုပ်က ကြောက်နေရမှာလား"

ရှောက်လုံမှာ စဉ်းစား မနေတော့ဘဲ ဖမ်းဆုပ်ထားသော လက်အား တအားမြှောက်၍ ချိုးထည့်လိုက်တော့သည်။

"ဖြောင်း…"

"အား…"

အဘိုးအို့ထံမှ နာကျင်စွာ အော်လိုက်သောအသံ တစ်ချက် ထွက်ပေါ်လာသည်။

အဘိုးအို၏ လက်တစ်ဖက်သည် အရှင်လတ်လတ် ကျိုးသွား တော့၏။

ရှောက်လုံက လက်ကို လွှတ်လိုက်သည်နှင့် အဘိုးအိုမှာ မြေပေါ်တွင် လူးလိမ့်ညည်းညူနေတော့သည်။

ရှောက်လုံက နောက်သို့ လှည့်ကြည့်လိုက်သည်။

ဤတွင်…

စောစောက လည်မျိုသို့ အထောက်ခံရသူ နှစ်ဦးမှာ မတွေ့ ရတော့ချေ။

မည်သည့်နေရာသို့ ပြေးဝင်သွားကြလေသနည်း။

ရှောက်လုံမှာ စဉ်းစားမရအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး...

တစ္ဆေသူတော် ဝင်သွားသည့် ကျောက်ဂူထဲသို့ ပြေးဝင်ခဲ့လေတော့သည်။

❋ ❖ ❋

ရှောက်လုံမှာ ခြေဦးတည့်ရာဆီသို့ လျှောက်လာနေ၏။

တစ္ဆေသူတော်၏ တောင်ကြားဂေဟာကြီးသည် မည်သည့်နေရာတွင် ရှိနေသည်ကို သူ မသိချေ။

အရေးအကြီးဆုံးက ဖုံးယီအား ပြန်လည် ရှာတွေ့ဖို့ ဖြစ်သည်။

ဖုံးယီမှာ ကျောက်စိမ်းဓားကို ဝှက်ထားသူ ဖြစ်သည်။

ထို့ကြောင့်...

သူသည် တစ်ချိန်က ကျောက်စိမ်းဓားနှင့်ပတ်သက်ပြီး အသတ်ခံရသည့် သူ့မိဘနှစ်ပါး အကြောင်းကို သိကောင်းသိနိုင်သည်။

ရှောက်လုံမှာ သွားရင်း သွားရင်းဖြင့် မျက်စိလည်နေသည်။

ဤတောင်ကြားမှာ ဝက်ပါတောင်ကြား ဆိုသည်ကို ယခုမှပင် သူ ယုံကြည်လာတော့၏။

သူ့အတွက် အပြင်သို့ ပြန်ထွက်ရန်လည်း မလွယ်တော့ကြောင်းကို တဖြည်းဖြည်း သိလာ၏။



သို့သော်...

သူ ပြန်ထွက်နိုင်ဖို့က အရေးမကြီးပေ။

အရေးကြီးသည်က ဖုံးယီအား ရှာတွေ့ဖို့ပင် ဖြစ်သည်။

ရှောက်လုံမှာ ခြေဦးတည့်ရာ လျှောက်လာခြင်းဖြင့် မကြာမီ တောင်ကြားလမ်းကျယ် တစ်ခုသို့ ရောက်ရှိလာသည်။

ထိုတောင်ကြား လမ်းအတိုင်း လျှောက်လာရာ ကျောက်ဆောင်ကွေ့တစ်ခုကို ချိုးကွေ့လိုက်သည်နှင့် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော ဂေဟာတစ်ခုကို တွေ့ရလေသည်။

ရှောက်လုံ၏ စိတ်မှာ တက်ကြွသွား၏။

ဤကျောက်ဂေဟာတွင် တစ္ဆေသူတော် ရှိနေမည်မှာ သေချာသည်။

ရှောက်လုံမှာ စဉ်းစားမနေတော့ဘဲ ကျောက်ဂေဟာဆီသို့ ပြေး သွားလေတော့သည်။

❋ ❖ ❋

ကျောက်ဂေဟာတံခါး၀ အနီးသို့ရောက်သောအခါ ရုတ်တရက် ဂေဟာအတွင်းမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော တစ္ဆေသူတော်၏ အသံကို ကြားလိုက်ရသဖြင့် ရှောက်လုံမှာ တံခါးပေါက်သို့ အသာ ပြေးကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်...ဖုံးယီ ကျောက်စိမ်းဓား ဘယ်မှာ ရှိတယ်ဆိုတာ ပြောမလား မပြောဘူးလား"

တစ္ဆေသူတော်၏ အသံက ပထမဦးစွာ ထွက်ပေါ်လာလေသည်။

ဤတွင်...

"မပြောနိုင်ဘူး...မပြောနိုင်ဘူး"

နဂါးကြီး ဖုံးယီ၏ ပြတ်သားစွာ ငြင်းလိုက်သောအသံ ဖြစ်သည်။

တစ္ဆေသူတော်က...

"မင်း ဒီလိုသာ ငြင်းဆန်နေမယ် ဆိုရင်တော့ မင်းကို မသေမရှင်ဖြစ်အောင် လုပ်ပစ်ရလိမ့်မယ်"

ဖုံးယီက ခြောက်ကပ်ကပ် ရယ်ကာ...

"ခင်ဗျား ကြိုက်သလို လုပ်နိုင်တယ်၊ အခုဆိုရင် ကျုပ်ရဲ့ အကြောင်းကို အမည်မဲ့ အဘိုးအို သိသွားတော့ မကြာခင် သိုင်းလောကမှာ ပျံ့နှံ့သွားတော့မယ်"

ဖုံးယီ၏ စကားအဆုံးတွင် တစ္ဆေ သူတော်က...

"ဟား...ဟား...ဟား ဖုံးယီ မင်း စိတ်ကူးယဉ် နေတာလား၊ ဒီတောင်ကြားကို ရောက်လာတဲ့ အဘိုးအိုဟာ ဒီတောင်ကြားကနေ



ပြန်ထွက်သွားနိုင်လိမ့်မယ်လို့များ မင်းက ထင်နေသလား၊ မင်းကို နောက်ဆုံးအနေနဲ့ ငါမေးမယ်၊ ပြောမလား မပြောဘူးလား?"

ဖုံးယီက ခေါင်းမာ ပြတ်သားစွာဖြင့်...

"လုံးဝ မပြောနိုင်ဘူး"

တစ္ဆေသူတော်က...

"ကောင်းပြီ...မင်း သေဖို့သာ ပြင်ထား"

ပြောရင်း လက်ဝါးဖြင့် ရိုက်ချ ဟန်ပြင်လိုက်သည်။

ဤတွင်...

ရှောက်လုံက ရုတ်တရက် အခန်းတွင်းသို့ လှမ်းဝင်လိုက်ပြီး အားစက်စွာ ရယ်လိုက်၏။

"ဟား...ဟား...ဟား ကျုပ်ကိုလည်း သတိထားဦးမှပေါ့ မိတ်ဆွေကြီးရဲ့"

မမျှော်လင့်ဘဲ ကြားလိုက်ရသော အသံကြောင့် တစ္ဆေသူတော်မှာ အကြီးအကျယ် ထိတ်လန့်သွား၏။

တစ္ဆေသူတော်မှာ ချက်ချင်းပင် လက်တစ်ဖက်က ဖုံးယီအား မိမိရရ ဆုပ်ကိုင်ထားသည်။

ကျန်လက်တစ်ဖက်က နံရံပေါ်ရှိ ဓားရှည်အား လှမ်းဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက တုန်လှုပ်မှု ကင်းမဲ့စွာဖြင့် ရပ်နေသည်။

ဖုံးယိအား မည်သို့ ကယ်တင်ရမည်ကိုသာ စဉ်းစားနေသည်။

ထိုစဉ်...

ရှောက်လုံ၏ အေးစက်စက်ဖြင့်...

"ခင်ဗျား ရှောင်ပုန်းလို့ မဖြစ်နိုင်တော့ပါဘူး"

တစ္ဆေသူတော်က...

မိတ်ဆွေကြီးကို ကျုပ် တစ်ခုပြောမယ်"

"ပြောပါ"

"တကယ်လို့ မိတ်ဆွေကြီးဟာ မမျှော်လင့်ဘဲ တောင်ကြားထဲ ရောက်လာတာ ဆိုရင်တော့ တောင်ကြားဝ ထွက်ပေါက်ရောက်တဲ့ အထိ လိုက်ပို့ ပေးပါ့မယ်"

ရှောက်လုံက ခေါင်းကို ယမ်းခါလိုက်သည်။

"ခင်ဗျား ပို့စရာလဲ မလိုဘူး၊ ပြီးတော့ ကျုပ်က တစ်ယောက်တည်းလည်း မပြန်နိုင်ဘူး၊ ခင်ဗျားနဲ့အတူ လူတစ်ယောက်ကို အပါ ခေါ်သွားရလိမ့်မယ်၊ ဒီဆုံးဖြတ်ချက်ကိုတော့ ကျုပ် မပြင်နိုင်ဘူး"

တစ္ဆေသူတော်က အံကို တင်းတင်း ကြိတ်လိုက်ပြီး...

"နောင်ကြီးက အခုလို သိုင်းပညာလုံးဝ မဲ့နေတဲ့ လူကို ခေါ်သွားပြီး ဘာလုပ်ဦးမှာလဲ"



ရှောက်လုံက မျက်နှာထား ကင်းတင်းဖြင့်...

"ဒါက ခင်ဗျားနဲ့ မပတ်သက်ပါဘူး"

တစ္ဆေသူတော်က မဲ့လိုက်သည်။

"သူ့ကို လိုချင်ရင်တော့ အလောင်းကိုပဲ ရလိမ့်မယ်ကွ"

ရှောက်လုံ မျက်နှာ ပျက်သွား၏။

ထိုစဉ်...

ကျောက်ဂူဟော တံခါးဝသို့ လူသုံးယောက် ရောက်လာ၏။

အပြင်တွင် ရှောက်လုံ ရှာမတွေ့တော့သော အဘိုးအိုသုံးဦး ဖြစ်သည်။

ထိုလူတို့သည် တံခါးဝတွင် အသာရပ်နေကြ၏။

ရှောက်လုံမှာ တံခါးဝအား ကျောပေးထားသည့် အနေအထားဖြင့် ရပ်နေသောကြောင့် ထိုလူတို့ ရောက်လာသည်ကို မတွေ့လိုက်ချေ။

တစ္ဆေသူတော်က ကောက်ကျစ်စွာ ပြုံးလိုက်သည်။

ထို့နောက်...

အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်လေသည်။

"ဟောကောင်တွေ ဝင်ခဲ့ကြလေ၊ မင်းတို့ ဘာကို စောင့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသံကြောင့် ရှောက်လုံမှာ တုန်လှုပ်ခြင်းနှင့်အတူ နောက်သို့ လှည့်ကြည့်လိုက်မိ၏။

❋ ❖ ❋

ရှောက်လုံမှာ သူ့အတွက် မဟာအမှား ဖြစ်သွားလေ၏။

ရှောက်လုံ နောက်သို့ လှည့်ကြည့် လိုက်သောအခါ လူသုံး ယောက်သည် တံခါးဝတွင် မလှုပ်မယှက် ရပ်နေသည်ကို တွေ့မြင် လိုက်ရသည်။

ရှောက်လုံက သတိချက်ချင်း ပြန်ဝင်လာကာ နောက်သို့ ချက်ချင်း ပြန်လှည့်လိုက်၏။

သို့သော်...

သူ နောက်ကျ သွားချေပြီ။

ရှောက်လုံ ပြန်လှည့် ကြည့်လိုက်ချိန်တွင် တရွှေသူတော်နှင့် နဂါးကြီး ဖုံးယီ တို့မှာ နေရာတွင် မရှိကြတော့ချေ။

ရှောက်လုံမှာ တစ်ဖက်လူ၏ လှည့်ကွက်ထဲသို့ ဝင်သွားချေပြီ။

ရှောက်လုံ ယခုမှ ကျောက်အိမ်ကို အသေအချာကြည့်မိလေ၏။

ကျောက်ဂေဟာ ဘယ်ယာတွင် တံခါးတစ်ပေါက်စီ ရှိနေ၏။

ရှောက်လုံ စဉ်းစား မနေတော့ပေ။



ဘယ်ဘက် အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းတွင်းသို့ ရောက်သည်နှင့် ကြည့်လိုက်ရာ အိပ်ခန်း တစ်ဆောင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

လူရိပ် လူရောင် လုံးဝ မတွေ့ရချေ။

ထို့ကြောင့်...

ယာဘက် တံခါးမဆီသို့ ပြန်ပေးခဲ့သည်။

လက်ဝါးကို အသင့်ပြင်လိုက်ပြီး တံခါးပေါက်မှဝင်လိုက်သည်။

အခန်းထဲတွင် ပြောင်တလင်း ဖြစ်နေသည်။

ထိုအခန်းတွင် နောက်ထပ် တံခါးပေါက်မှာ ပွင့်နေ၏။

တရွှေသူတော်သည် ထိုတံခါးပေါက်မှ ထွက်ပြေးသွားခြင်း ဖြစ်နိုင်သည်။

ရှောက်လုံက ထိုတံခါးပေါက်မှ ထွက်လိုက်ရာ ကျောက်ခင်း လမ်းကလေး တစ်ခုကို တွေ့လိုက်ရလေသည်။

ထိုကျောက်ခင်း လမ်းကလေးအတိုင်း လျှောက်သွားရာ မကြာ ပါချေ။ တောင်ကြားလမ်းသွယ် တစ်ခုသို့ ရောက်ရှိလာ၏။

တောင်ကြားလမ်းသွယ် အဆုံးတွင် သစ်ပင်ချုံနွယ်များ ထူထပ် လှသော တောင်ကြားတစ်ခုအား တွေ့ရ၏။

ထိုတောင်ကြားအတိုင်း အတန်ကြာအောင် ဆက်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသော်လည်း ကျောက်ဆည်များမှ လွှဲ၍ မည်သည့် အရာမျှမတွေ့ ရပေ။

ယခု...

ရောက်လုံ၏ အဖြစ်မှာ တစ္ဆေ သူတော်အား တွေ့ဖို့ထက် မိမိ မည်သည့်နေရာ ရောက်နေသည်ကိုပင် စဉ်းစား၍ မရ ဖြစ်နေသည်။

ဝက်ပါတောင်ကြားသည် နာမည်နှင့် လိုက်အောင်ပင် အတော်ဆိုးနေ၏။

ရောက်လုံမှာ ယခုအတိုင်း ဆိုလျှင် ဝက်ပါ တောင်ကြား အတွင်း မျက်စိလည်ပိတ်ဆို့ ခံရပြီး အသက်ဆုံးရှုံး နိုင်ဖွယ် ရှိနေလေသည်။

ရောက်လုံသည် လွတ်မြောက်နိုင်သည့် နည်းလမ်း အမျိုးမျိုးကို စဉ်းစားလိုက်၏။

နောက်ဆုံး...

ရလာသည့် အကြံမှာ တစ်ဖက်လူ အလာကို ထောင်ချောက်ဆင်၍ စောင့်ရန်ပင် ဖြစ်သည်။

ရောက်လုံသည် ယင်းအကြံကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်တော့၏။

❋❖❋



ရောက်လုံသည် စဉ်းစားနေရာမှ တောင်ကြားအတွင်းသို့ ပြေးဝင်လိုက်၏။

အတန်ငယ်လိုက်လာမိသောအခါ ပြောင်လက်နေသော တောင်ကုန်းများကို တွေ့ရ၏။

တောင်ကုန်းများမှာ သစ်ပင်များ လုံးဝမပေါက်ဘဲ ပြောင်လင်းနေ၏။

တစ္ဆေသူတော်သည် ဤတောင်ကုန်းများကြားတွင် ပုန်းအောင်းနေခြင်း ဖြစ်နိုင်၏။

ရောက်လုံက ထိုတောင်ကုန်းများ အတွင်းသို့ ဖြည်းဖြည်းချင်း လျှောက်ဝင်လာခဲ့၏။

ထိုစဉ်...

"ဂလောက်"

ရောက်လုံက တစ်စုံတစ်ရာကို ခလုပ်ဝင်တိုက်မိသောကြောင့် မြည်ထွက်လာသော အသံဖြစ်၏။

ရောက်လုံက ရုတ်တရက် ငုံ့ကြည့်လိုက်သည်။

ရောက်လုံ၏ ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားသည်။

သူခလုတ် တိုက်မိသော အရာမှာ လူရိုးစုတစ်ခုမှ ဦးခေါင်းခွံ တစ်ခု ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

စောစောက တွေ့ရသည့် ပြောင်လက်နေသော တောင်ကုန်း သဏ္ဍာန် နေရာအား ကြည့်လိုက်မိ၏။

ရှောက်လုံ၏ စိတ်သည် ပို၍ပင် တုန်လှုပ် ချောက်ချားသွား သည်။

ရှောက်လုံ တွေ့လိုက်ရသည့် မြင်ကွင်းမှာ တောင်ကမူလေး ပေါ်တွင် အရိုးစုများ စုပုံ ပြန့်ကျဲနေသော မြင်ကွင်း ဖြစ်သည်။

ရှောက်လုံသည် လှမ်းနေသော ခြေလှမ်းကို ချက်ချင်း ရပ်တန့် လိုက်၏။

ထို့နောက် ...

ဝန်းကျင် တစ်ခုလုံးကို လေ့လာအကဲခတ် ကြည့်လိုက်သည်။

ထိုအခါ ...

ရှောက်လုံ၏ မျက်လုံးအစုံသည် ပြူးကျယ်၍ သွားတော့သည်။

❋ ❖ ❋

ရှောက်လုံ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

အကြောင်းမှာ...

များစွာသော ကင်းခြေများ များသည် လှုပ်လှုပ် ရွရွ ဖြစ်နေ သည်ကို တွေ့လိုက်ရ၏။



လူအရိုးစုများမှာ ထိုသတ္တဝါများ၏ စားသောက်ခြင်းကို ခံခဲ့ ကြရဟန် တူ၏။

ရှောက်လုံမှာ ထိတ်လန့်သွားသည်။

ထိုကင်းခြေများ အကိုက်ခံရမည် ဆိုပါက အသက်ရှင်ဖွယ်ရာ အကြောင်းပင် ရှိနိုင်မည် မဟုတ်ချေ။

တုန်လှုပ် ချောက်ချားသော စိတ်ဖြင့် နောက်သို့ ဆုတ်လိုက် မိသည်။

ထိုစဉ်...

"ဟား...ဟား...ဟား"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာ၏။

ရှောက်လုံက အသံလာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် ခါးထောက်၍ ရယ်မောနေသော တစ္ဆေသူတော်ကို တွေ့လိုက်ရ၏။

နဂါးကြီး ဖုံးယီကိုမူ မတွေ့ရချေ။

နဂါးကြီး ဖုံးယီသည် မည်သည့်နေရာသို့ ရောက်ရှိနေပါ သနည်း။

ထိုစဉ်...

တစ္ဆေသူတော်က သဘောကျစွာ ရယ်ရင်း ပြောလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား အမည်မဲ့ အဘိုးအို ခင်ဗျားအတွက် ဒီကနေ့ဟာ နိဂုံးချုပ်နေ့ဆိုတာ သဘောပေါက်ပြီလား၊ တကယ်လို့ ဒီနေရာမှာ ခင်ဗျား သေဆုံးခဲ့ရင် ခင်ဗျားကို သင်္ဂြိုဟ်ပေးမယ့် လူလည်း မလို တော့ဘူး"

ကင်းခြေများ အုံကြီးက အလိပ်လိုက်တပ်၍ တက်လာကြပြန်လေသည်။

ရှောက်လုံမှာ ဤတစ်ကြိမ်တွင်တော့ ဖုံးယီ၏ သေရေးရှင်ရေးကိုပါ စဉ်းစားမနေတော့၊ တစ္ဆေသူတော်ကိုသာ အပြတ်ရှင်းပစ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်...

မာန်တစ်ချက်သွင်းကာ လေထဲသို့ ခုန်တက်လိုက်သည်။

ရှောက်လုံ ခုန်တက်လိုက်သည်နှင့် တစ်ပြိုင်နက် တစ္ဆေသူတော်ကလည်း လေထဲသို့ ခုန်တက်လိုက်၏။

ထိုသို့....

တက်လိုက်သည်ကို တွေ့ရသည်နှင့် ရှောက်လုံက အရိပ်မဲ့လက်ညှိုးဖြင့် တောက်လိုက်၏။

တစ္ဆေသူတော်မှာ မခုခံရဘဲ ဖုံးယီအား မယူကာ ကင်းခြေများအုံကြားရောက်နေ၏။



ဖုံးယီက အသံကျယ်ဖြင့် ဟစ်အော်ကာ ပြောလိုက်မိလေသည်။

"ဆရာကြီး...ကင်းခြေများတွေကို ဖျက်လိုက်ပါ၊ ကျွန်တော့်ကို ညှာမနေနဲ့"

ဖုံးယီ၏ အသံကြောင့် တစ္ဆေ သူတော်မှာ အကြီးအကျယ် မျက်နှာပျက်သွားတော့၏။

"မင်း တိတ်တိတ်နေစမ်း၊ မနေရင်တော့ ကင်းခြေများအုံထဲ ရောက်အောင် မင်းကို အရင်ပစ်လွှတ်လိုက်မယ်"

တစ္ဆေ သူတော်က ဖုံးယီအား ဟစ်အော်တားဆီးလိုက်လေသည်။

ရှောက်လုံက ချက်ချင်း စဉ်းစားလိုက်သည်။

ဖုံးယီ ပြောသည့်အတိုင်း ကင်းခြေများ အုံများကိုသာ ဖျက်ဆီးပစ်လိုက်ပါက ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် တူနေပေသည်။

မာန်ဝင်နေသော ကင်းခြေများသာ အငိုက်ခံရပါက မည်သည့်ဆေးမျှ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပေ။

ဤကဲ့သို့လုပ်ရန် လွယ်ကူသော်လည်း ရှောက်လုံက ထိုသို့လုပ်ရန် မစဉ်းစားပေ။

ထိုကဲ့သို့ ပြုလုပ်လိုက်ပါက ဖုံးယီမှာ ကင်းခြေများအုံများအတွင်း အသက်ပျောက် သွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုံးယီ အသက်ပျောက်သွားခဲ့လျှင် သူရှာဖွေနေသော ကျောက်စိမ်းအား အစရှာ၍ တွေ့နိုင်လိမ့်မည် မဟုတ်ပါတော့ချေ။

ထို့ကြောင့်...

ဘယ်နည်းနှင့်မဆို ဖုံးယီအား အသက်ရှင် လွတ်မြောက်အောင် ကြံဆောင်ရပေလိမ့်မည်။

❋ ❖ ❋

တစ္ဆေသူတော်၏ လက်ထဲမှ ဖုံးယီအား ကယ်တင်ရန် တကယ် တမ်းတွင် ခက်ခဲ၏။

ထိုသို့...

ကယ်တင်ရာတွင် မိမိတစ်ချက် မှားသွားပါက အသက်ပျောက် သွားနိုင်၏။

သို့သော်...

ရှောက်လုံက အံကိုကြိတ်ကာ ဆုံးဖြတ်ချက် ချလိုက်လေသည်။

"ယား"

မာန်တစ်ချက်သွင်းကာ အော်လိုက်ပြီး အတွင်းအား စုစည်း လျက် လက်ဝါးနှစ်ဖက်ကို တွန်းထုတ်လိုက်၏။

"ဝုန်း..."



"ဝုန်း"ခနဲ အသံမြည်ဟည်း သွားပြီး ကင်းခြေများအုံ လွင့်ပျံ့ သွား၏။

တစ္ဆေသူတော်က လေထဲ ခုန်တက်လိုက်ကာ နေရာပြောင်း ရွှေ့လိုက်၏။

ရှောက်လုံမှာ လွင့်ပျံ့သွားသော ကင်းခြေများအုံကို ကြည့်၍ ထိတ်လန့် တုန်လှုပ်သွား၏။

ထို့နောက်...

တစ္ဆေ သူတော်ဆီသို့ ဆင့်ကာ ခုန်အုပ်လိုက်ပြန်လေသည်။

"အား"

အသံခိုက်အောင် အော်သံတစ်ချက် ထွက်ပေါ်လာ၏။

ဖုံးယီ၏ ခန္ဓာကိုယ်မှာ ကင်းခြေများ အတွင်းသို့ လိမ့်ကျ သွားသည်ကို တွေ့လိုက်ရ၏။

တစ္ဆေ သူတော်က တခြားနေရာသို့ ရောက်ရှိသွား၏။

ရှောက်လုံမှာ မည်သည့်အရာမျှ ဂရုမစိုက်တော့ဘဲ မြေပေါ်သို့ ခြေချနင်းကာ ဖုံးယီအား ဖမ်းယူလိုက်၏။

ထို့နောက်...

တောင်ကြားနံရံဆီသို့ ခုန်ကူးလိုက်၏။

သူ၏ ခြေထောက်တွင် ကင်းခြေများ များကပ်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကင်းခြေများ မရှိသော နေရာတွင် ခါချလိုက်၏။

သို့သော်...

ရှောက်လုံ၏ ခန္ဓာကိုယ်က နုန်ဆွ နုန်ဆွ လုပ်နေရ၏။

ကင်းခြေများ သူ့ခြေထောက်ပေါ်သို့ တက်မလာစေရန် လုပ်နေခြင်း ဖြစ်သည်။

ဖုံးယီမှာ ညည်းညူနေသည်။

ကင်းခြေများအတွင်း ကျသွားစဉ် ကင်းခြေများ အကိုက်ခံရသောကြောင့် ဖြစ်သည်။

ဖုံးယီမှာ ညည်းညူရင်းမှ လှမ်းပြောလိုက်၏။

"ဆရာကြီး ကျုပ်ကို ထားခဲ့ပြီး လွတ်အောင် သွားပါ"

ရှောက်လုံက မည်သို့မျှ ပြန်မပြောဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

သူနှင့် မနီးမဝေးတွင် ကျောက်ဆောင် တစ်ခုကို တွေ့လိုက်ရသည်။

ထို့ကြောင့်...

အချိန်ဆွဲ မနေတော့ဘဲ ကျောက်ဆောင်ပေါ်သို့ ပြေးလွှားသွားကာ ခုန်တက်လိုက်၏။

ရှောက်လုံမှာ ကျောက်ဆောင်ပေါ် ရောက်တော့မှ သက်ပြင်းချမိ၏။



ကျောက်ဆောင်ပေါ်တွင် ဖုံးယီအား အသာချလိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ကိုယ်ပေါ်မှ ကင်းခြေများကို ဖိသတ်လိုက်သည်။

ဖုံးယီ၏ ကိုယ်ပေါ်မှ ကင်းခြေများ ကိုက်ခံရသည့် နေရာများမှာ ကြက်ဥလုံးခန့် ဖူးရောင်နေ၏။

ဖုံးယီမှာ နာကျင်စွာ ညည်းညူနေ၏။

အကယ်၍ ရှောက်လုံသာ ကင်းခြေများကိုသာ အချိန်မီ မရှင်းပစ်နိုင်ခဲ့လျှင် ရှောက်လုံမှာ အသက်ပျောက်သွားနိုင်လောက်၏။

နေလုံးကြီးသည် တောင်တန်းများကြားသို့ ဝင်သွား၏။

မကြာမီ...

မှောင်လာပေတော့မည် ဖြစ်သည်။

ရှောက်လုံမှာ အနည်းငယ် စိတ်သက်သာရာ ရသွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။

ဤတွင်...

တောင်ကြားအတွင်း၌ ပေါက်ရောက်နေသော မြက်ပင်တစ်မျိုးကို တွေ့လိုက်ရ၏။

ထိုမြက်ပင်မှာ အဆိပ်တစ်ရာ ဖြေနိုင်သော ဆေးပင်တစ်မျိုးနှင့် တူနေသည်။

ရှောက်လုံမှာ ရှည်ရှည်ဝေးဝေး စဉ်းစား မနေတော့ဘဲ ကျောက်နံရံကို လက်တစ်ဖက်ဖြင့် ချိတ်၍ ဆင်းလိုက်၏။

www.burmeseclassic.com



လက်မြှသလောက် ရှိတော့မှ ကျန်လက်တစ်ဖက်ဖြင့် အဆိပ်ဖြေဆေးပင်ကို ဆွဲနှုတ်လိုက်၏။

ဆေးပင်တချို့ လက်ထဲသို့ ပါလာသည်။

ရှောက်လုံက ကျောက်ဆောင်ပေါ်သို့ ပြန်၍ ခုန်တက်လိုက်သည်။

ထိုထူးဆန်းလှသော အဆိပ်တစ်ရာ ဖြေဆေးပင်မှာ အရွက်ကိုးရွက်သာ ရှိ၏။

အရောင်မှာ နီရဲနေပြီး လန်းလန်း ဆန်းဆန်း ရှိ၏။

လက်ထဲရောက်တော့မှ အဆိပ်တစ်ရာ ဖြေဆေးပင်ဖြစ်ကြောင်း ပို၍ သေချာသွား၏။

ဖုံးယီက ရှောက်လုံ၏ လက်ထဲမှ ဆေးပင်ကို လျင်မြန်စွာ လှမ်းဆွဲယူလိုက်ပြီး အငန်းမရ ဝါးနေ၏။

ရှောက်လုံမှာ ဘာမှ မပြောဘဲ ဖုံးယီအား စိုက်၍သာ ကြည့်နေမိတော့၏။

ရေနွေးတစ်အိုးကျက်ခန့် ကြာသောအခါ ဖုံးယီမှာ စိတ်လှုပ်ရှားသော လေသံဖြင့်...

"ကျုပ်...ကျုပ်ရဲ့ ဝေဒနာတွေ မခံစားရတော့ဘူး၊ ဆရာကြီးရဲ့ ကျေးဇူးကို တစ်သက် မမေ့တော့ပါဘူး"



ပြောလိုက်၏။

ရှောက်လုံက...

"ဒီလောက်ကလေးနဲ့ ကျေးဇူးတင်စရာ မလိုပါဘူး၊ ဘယ်လိုလဲ၊ တော်တော် သက်သာ သွားပြီလား"

ဖုံးယီက ဒူးထောက်နေရာမှ ထရပ်လိုက်ပြီး...

"နာကျင်မှုကတော့ လုံးဝမရှိတော့ဘူး၊ ဒီအပြင် ဆုံးရှုံးသွားတဲ့ အတွင်းအားတွေတောင် ပြန်ကောင်းလာသလို ရှိတယ်"

လုံးဝ မမျှော်လင့်သော အပြောင်းအလဲ ဖြစ်၏။

ရှောက်လုံက ခေါင်းညိတ်ကာ...

"သိပ်ကောင်းတယ်...ကဲ...အခု ခင်ဗျားရဲ့ အတွင်းအားကို လည်ပတ်ကြည့်ပါဦး၊ မူလအတိုင်း ပြန်ကောင်းလာနိုင်တယ်"

ဖုံးယီက တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး အတွင်းအားကိုစတင်၍ ထုတ်လိုက်၏။

ရှောက်လုံက ဓားကို သိမ်းလိုက်ပြီး ဖုံးယီအား ကြည့်၍သာ နေလေတော့သည်။

* ❖ *

www.burmeseclassic.com

www.burmeseclassic.com

## တရားခံ

ပတ်ဝန်းကျင် တစ်ခုလုံးသို့ အမှောင်ထုသည် တဖြည်းဖြည်း လွှမ်းမိုးစ ပြုလာ၏။

ကောင်းကင်ယံတွင် ကြယ်ပွင့်ကလေး တချို့ပင် မြင်တွေ့နေရပြီ ဖြစ်သည်။

ဖုံးယီသည် ရုတ်တရက် မျက်လုံးအစုံကို ဖွင့်လိုက်ပြီး ပြောသည်။

"ဆ…ဆရာကြီး ကျုပ်ရဲ့ အတွင်းအားတွေ အားလုံး ပြန်ကောင်းလာပြီ"

သူ၏ စကားကြောင့် ရှောက်လုံ ဝမ်းသာသွား၏။

ထို့နောက်…

"ဂိုဏ်းချုပ်ကြီးကို ကျုပ် သိချင်တဲ့အကြောင်း တစ်ခုကိုမေးချင်ပါတယ်"



ပြောလိုက်၏။

ဖုံးယီက…

"မေးပါ"

"ဂိုဏ်းချုပ်ကြီးရဲ့ ကျောက်စိမ်းဓားဟာ ဘယ်ကရလာတာပါလဲ"

ရှောက်လုံ၏ စကားကြောင့် ဖုံးယီမှာ ရုတ်တရက် ကြောင်သွားပြီး အတန်ကြာမှ…

"ဆရာကြီး လိုချင်လို့လား…ဆရာကြီး လိုချင်တယ် ဆိုရင်တော့ ကျွန်တော် ဝှက်ထားတဲ့ နေရာကို ပြပါ့မယ်"

ရှောက်လုံက ခေါင်းကို ခါယမ်းလိုက်ပြီး…

"ဟင့်အင်း…ကျုပ် လိုချင်လို့ မဟုတ်ပါဘူး၊ ဒီဓားကို ဂိုဏ်းချုပ်ကြီး ဘယ်ကရသလဲ ဆိုတာကိုသာ သိချင်လို့ပါ"

ဖုံးယီက သဘောပေါက်သွားဟန်ဖြင့်…

"သြော်…ဆရာကြီးက ဒီဓားရထားတဲ့ အကြောင်းအရင်းကို သိချင်တာကိုး"

ရှောက်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး အနေနဲ့ သိသမျှကို မထိန်းချန်ဘဲ ပြောပြစေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးယီ၏ မျက်နှာမှာ တည်သွားပြီး ကျောက်စိမ်းဓားရခဲ့သည့် အကြောင်းရင်းကို ပြောပြလေတော့သည်။

❋ ❖ ❋

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက ကျုပ်ဟာ ကိစ္စတစ်ခုနဲ့ ခရီးထွက်လာရင်း ကျောက်ဝုန်း တောင်ထိပ်မှာ လူနှစ်ဦးခိုက်ရန်ဖြစ်နေတာကို တွေ့ရတယ်၊ ကျုပ်လည်း ဘေးကနေ အသာချောင်းကြည့်နေမိတယ်၊ နောက်ဆုံးတော့ ဒီလူနှစ်ဦးဟာ ကျောက်စိမ်းဓားကိစ္စနဲ့ ခိုက်ရန် ဖြစ်ရတယ်ဆိုတာ သိလိုက်ရတယ်"

ရှောက်လုံက ကြားဖြတ်မေးလိုက်၏။

"ရန်ဖြစ်နေတဲ့ လူနှစ်ယောက်က ဘယ်သူတွေပါလဲ"

ဖိုးယီက ချက်ချင်း ပြန်ဖြေသည်။

"တစ်ယောက်က သွေးယက္ခ၊ နောက်တစ်ယောက်ကတော့ စန်းကျူးပါပဲ"

ရှောက်လုံက စဉ်းစားလိုက်ပြီး...

"ဂိုဏ်းချုပ်ကြီးဆီ မရောက်ခင်မှာ ကျောက်စိမ်းဓားဟာ ဘယ်သူ့ဆီမှာ ရှိနေခဲ့ပါသလဲ"

"သွေးယက္ခဆီမှာပါ"



"ဒါဆို အဲဒီ သွေးယက္ခနဲ့ မိုးဓား စန်းကျူးရဲ့ ရန်ပွဲဟာ ဘယ်လိုအဆုံး သတ်သွားသလဲ"

ဖိုးယီက...

"နှစ်ဦးစလုံး ဒဏ်ရာအကြီးအကျယ် ရသွားကြတယ်၊ အဲဒီလို ဒဏ်ရာရနေတဲ့ အချိန်မှာ စန်းကျူးရဲ့သား ရောက်လာတော့ သွေးယက္ခဟာ တောင်ကြားထဲ ဝင်ပြေးသွားတော့တာပဲ"

"နောက်တော့ကော ဘာဖြစ်သေးသ...ဲ"

ဖိုးယီက ခေါင်းကို ခါယမ်းလိုက်ပြီး...

"ကျွန်တော် မသိတော့ဘူး"

ရှောက်လုံက ဖိုးယီအား စိုက်ကြည့်ကာ...

"အဲဒီ ကျောက်စိမ်းဓားရဲ့ ရာဇဝင်ကို သိလား"

"မသိဘူး

"စန်းကျူးရဲ့ သားဟာ ဘယ်သူလဲ၊ အခု ဘယ်မှာ ရှိနေလဲ"

ဖိုးယီက ရှောက်လုံ၏ အမေးကို ပြုံးကြောင်ကြောင် ကြည့်ရင်း ပြန်ဖြေသည်။

"မသိဘူး...အဲဒီ အချိန်တုန်းကတော့ လူငယ်တစ်ဦးပဲ၊ အခုဆိုရင်တော့ လူလတ်ပိုင်းလောက် ရှိရောပေါ့၊ ကျုပ်လည်း ဒီတောင်ကြားထဲရောက်ပြီး ကတည်းက သိုင်းလောကနဲ့ အဆက်အသွယ် ပြတ်နေခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက အနည်းငယ် စဉ်းစားလိုက်သည်။

အတန်ကြာမှ...

"ဂိုဏ်းချုပ်ကြီးက ကျောက်စိမ်းဓားကို ဘယ်နေရာမှာ ဝှက်ထားသလဲ"

ဖုံးယီက ရှောက်လုံအား စေ့စေ့ကြည့်လိုက်ပြီး ပြောသည်။

"ဆရာကြီး လိုချင်တယ် ဆိုရင်တော့ ဝှက်ထားတဲ့နေရာကို ကျွန်တော် ပြောပြပါ့မယ်"

ရှောက်လုံက...

"ကျုပ် လိုချင်လို့ မဟုတ်ပါဘူး၊ တစ်ချိန်က ဒီကျောက်စိမ်းဓားကို ပိုင်ဆိုင်ခဲ့တဲ့ သိုင်းမောင်နံရဲ့ တစ်ဦးတည်းသော သားအတွက်ပါ"

ဖုံးယီက စဉ်းစားရင်း...

"တစ္ဆေသူတော် ပြောတဲ့ ရှောက်လုံ ဆိုတဲ့ လူအတွက်လား"

ရှောက်လုံက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

ဖုံးယီက...

"ဒီလိုဆိုရင်တော့ ကျုပ် ပြောပြပါ့မယ်၊ ကျောက်ကုန်းတောင်မှာ ဘုံကျောင်းတစ်ခု ရှိတယ်၊ အဲ့ဒီ ဘုံကျောင်းပေါ်ကို



တက်တဲ့ ကျောက်လှေကားရဲ့ တတိယမြောက် ကျောက်ပြားအောက်မှာ မြှုပ်ထားပါတယ်"

ရှောက်လုံမှာ စိတ်လှုပ်ရှားသွားပြီး တုန်ရင်စွာဖြင့်...

"ရှောက်လုံရဲ့ကိုယ်စား ကျုပ်က ဂိုဏ်းချုပ်ကြီးကို ကျေးဇူးတင်ပါတယ်"

ဖုံးယီက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး ဆရာကြီး"

ရှောက်လုံက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကဲ...ဂိုဏ်းချုပ်ကြီး ကျုပ်တို့ ဒီနေရာက ထွက်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုပဲ ရှိတယ်၊ အဲ့ဒါကတော့ ဟိုဘက်က တောင်ထိပ်ပေါ်ကို ခုန်တက်လိုက်ဖို့ပဲ၊ ဂိုဏ်းချုပ်ကြီး တက်နိုင်ပါ့မလား"

ဖုံးယီက တောင်ထိပ်အား လှမ်းကြည့်ကာ...

"ကျုပ်ရဲ့ အတွင်းအားတွေ ပြန်ကောင်းနေပြီမို့ ဒီလောက်တော့ ခုန်ကူးနိုင်လိမ့်မယ် ထင်တယ်"

ရှောက်လုံက မတ်တတ်ရပ်လိုက်၏။

"ကောင်းပြီ...ဂိုဏ်းချုပ်ကြီး အရင်ခုန်တက် ကြည့်ပါ၊ ကျုပ် ဒီကနေ စောင့်ကြည့်နေပါ့မယ်"

ဖုံးယီက ချက်ချင်းပင် အတွင်းအားများကို စုစည်းကာ ကျောက်ဆောင် ထိပ်ပေါ်သို့ ခုန်ကူးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံကလည်း နောက်မှ လိုက်သွားရာ တစ်ဖက် ကျောက်ဆောင်ထိပ်သို့ ရောက်ရှိသွားကြ၏။

ထို့နောက်...

နှစ်ယောက်သား အလွန်ကျဉ်းသော ကျောက်ဆောင်လမ်းလေး အတိုင်း ရှေ့သို့ လျှောက်လာရာ အတန်ကြာသည်နှင့် ဝမ်းသာစရာ မြင်ကွင်းကို တွေ့လိုက်ကြရ၏။

စိမ်းညို့နေသော သစ်တောအုပ် တစ်ခုကို တွေ့လိုက်ရခြင်း ဖြစ်သည်။

သူတို့သည် ဝက်ပါ တောင်ကြားမှ လွတ်မြောက်ခဲ့ပြီ မဟုတ်ပါလား။

✻ ❖ ✻

## ပဟေဠိဆန်ဆန်

နံနက်မိုးသောက် ရောက်ခဲ့ပြီ။

ရောက်လုံနှင့် ဖုံးယီတို့မှာ ရှေ့သို့ ခရီးဆက်နှင်ခဲ့ကြ၏။

တဖြည်းဖြည်း လျှောက်လာကြရာ နေမင်းကြီးပင် အတန်ငယ် မြင့်တက်လာချေပြီ။

မကြာမီ...

မြေပြန့် လွင်ပြင်ဆီသို့ ရောက်လာ၏။

ပတ်ဝန်းကျင် မြင်ကွင်းကို ကြည့်၍ ရောက်လုံမှာ မျက်လုံး ပြူးသွား၏။

သူတို့သည် မိုးဓား စန်းကျူး နေထိုင်ခဲ့သည့် တဲအိမ်ဆီသို့ ရောက်လာခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုစဉ် လူရိပ်တစ်ခုသည် တောင်ကြားလမ်း အကွေ့မှ ရုတ်တရက် ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးမှာ မမျှော်လင့်ဘဲ အသံရှင် ဖြစ်နေလေသည်။

အသံရှင်မှာ ဤတောင်ကြားမှ မထွက်သေးဘဲ ပြန်လည်တွေ့လိုက်ရသဖြင့် ရောက်လုံမှာ အကြီးအကျယ် ဝမ်းသာသွားသည်။

ဖုံးယီမှာမူ အသံရှင်အား မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား၏။

"ဆရာကြီး...ကြည့်လိုက်ပါဦး ဟိုမှာ လူတစ်ယောက်"

ရောက်လုံက အေးဆေး တည်ငြိမ်စွာဖြင့် ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး သူက ကျုပ်ရဲ့ မိတ်ဆွေပါ၊ ဂိုဏ်းချုပ်ကြီး ဒီမှာ ခဏစောင့်ပါ၊ ကျုပ် သူနဲ့ သွားတွေ့လိုက်ဦးမယ်"

ဖုံးယီက ခေါင်းညိတ်ပြလိုက်၏။

နှုတ်မှလည်း အသံရှင်၏ အမည်ကို တတွတ်တွတ် ရွတ်နေလေတော့၏။

ရောက်လုံမှာ တောင်ကြားထဲသို့ ပြေးဝင်လာပြီး မကြာမီ အသံရှင်၏ ရှေ့သို့ ရောက်လာသည်။

"ဆရာကြီးက ဒီတောင်ကြားက မထွက်သေးပဲကိုး"

အသံရှင်မှာလည်း ရောက်လုံကို တွေ့လိုက်သည်နှင့် အံ့သြသင့်သွားပြီး...

"ဩော်...မင်းကိုး"



ရောက်လုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာကြီး လိုက်ရှာတဲ့ အခြေအနေက ဘယ်လိုလဲ"

အသံရှင်က စိတ်ပျက်သော အမူအရာဖြင့်...

"ငွေဒင်္ဂါးရဲ့ အရိပ်အယောင်ကို လုံးဝ မတွေ့လိုက်ရတော့ဘူး၊ မင်းကော..."

"ကျွန်တော်လည်း မတွေ့ခဲ့ဘူး"

အသံရှင်က ခပ်လှမ်းလှမ်းတွင် ရပ်နေသော ဖုံးယီကို လှမ်းကြည့်လိုက်ပြီး...

"ဟိုလူက ဘယ်သူလဲ"

ရောက်လုံက ပြုံးကာ...

"နဂါးဂိုဏ်းချုပ် ဖုံးယီ ပါ"

အသံရှင် အံ့သြ သင့်သွားကာ...

"ဘာပြောတယ်...နဂါးဂိုဏ်းချုပ် ဖုံးယီ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းနဲ့ သူက ဘယ်နေရာမှာ တွေ့ခဲ့ကြတာလဲ"

ရောက်လုံက သူတွေ့ကြုံ ခဲ့ရသမျှကို ပြောပြလိုက်လေသည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com



ရောက်လုံက အဖြစ်အပျက် အလုံးစုံကို ပြောပြလေသည်။

အသံရှင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း...

"ဒီကိစ္စက တကယ့်ကို မယုံကြည် နိုင်စရာကောင်းတဲ့ ကိစ္စပဲ၊ ဘာကြောင့်လဲ ဆိုတော့ မကြာသေးခင်ကပဲ နဂါးဂိုဏ်းဟာ တခြား ဂိုဏ်းချုပ်တွေနဲ့ စည်းဝေးပွဲ လုပ်ကြသေးတယ်၊ မဟာ မိုးမြေဂိုဏ်း ကို ဘယ်လို တုံ့ပြန်ရမယ်ဆိုတဲ့ အကြောင်းပဲ၊ ဒါကြောင့် ကျုပ်တော့ အတော့်ကို စဉ်းစားရ ခက်သွားပြီ"

ရောက်လုံ ကိုယ်တိုင်ကလည်း အတော်ပင် အံ့သြနေ၏။

ဖုံးယီဆိုသည့် အမည်ကို တစ္ဆေသူတော်က ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်၏။

ရောက်လုံက တစ်ချက်စဉ်းစား လိုက်ကာ...

"ဆရာကြီးက ဖုံးယီရဲ့ မျက်နှာကို မြင်ဖူးပါသလား"

"ဒါဆို သူ့ကို ခေါ်လိုက်ပြီး ကြည့်မယ်၊ အရင်တုန်းကတော့ မြင်ဖူးတယ်"

ရောက်လုံသည် ဖုံးယီအား ချက်ချင်း လက်ယပ် ခေါ်လိုက်၏။

ဖုံးယီက ချက်ချင်း တောင်ကြားထဲသို့ ပြေးဝင်လာ၏။

အနီးသို့ရောက်လျှင် အသံရှင်က သေချာစွာ အကဲခတ် ကြည့် ကာ...



"အင်း...ဟုတ်တယ် သူဟာ နဂါးကြီး ဖုံးယီပဲ"

နဂါးကြီး ဖုံးယီက...

"ဒီက မိတ်ဆွေကရော"

"ကျုပ်က အသံရှင်ပါ"

အသံရှင်သည် ဖုံးယီဘက် လှည့်ကာ...

"ဂိုဏ်းချုပ်ကြီးရဲ့ အဖြစ်အပျက် အားလုံးကို ဒီက ဆရာကြီး ပြောပြလို့ သိပြီးပါပြီ၊ ဒါပေမယ့် ကျုပ်တော့ မယုံကြည်နိုင်အောင် ဖြစ်နေတယ်"

ဖုံးယီက အသံရှင်အား မေးလိုက်၏။

"ဘယ်လိုကြောင့်ပါလဲ"

အသံရှင်က...

"ကျုပ် မယုံကြည်နိုင်တဲ့ အချက်က ဂိုဏ်းချုပ်ကြီး ပျောက်ဆုံး နေခဲ့တယ်ဆိုတဲ့ သတင်းကို မကြားမိတဲ့ အချက်ပါပဲ"

နဂါးကြီး ဖုံးယီက ခေတ္တခဏ စဉ်းစားနေ၏။

အတန်ကြာမှ...

"အင်း...ဒီပြဿနာ အရှုပ်အထွေးဟာ ကျုပ် ကိုယ်တိုင် နဂါးဂိုဏ်းဌာနချုပ်ကို ရောက်သွားတော့မှပဲ အဖြေပေါ်လာပါလိမ့် မယ်"

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်က ခေါင်းကို တစ်ချက် ခါယမ်းလိုက်၏။

"ကျုပ် စိတ်ထင်အရ ဆိုရင်တော့ ဂိုဏ်းချုပ်ကြီး အနေနဲ့ အခု ချက်ချင်း ဂိုဏ်းထဲသွားပြီး မျက်နှာမပြတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ဖုံးယီက နားမလည်သော လေသံဖြင့်...

"ဘာကြောင့်များပါလဲ"

"ဘာကြောင့်လဲဆိုရင် ဒီကိစ္စမှာ အထူး လျှို့ဝှက်ချက်တွေ ရှိနေတယ် ထင်လို့ပဲ၊ နဂါးဂိုဏ်းရဲ့ လက်ရှိ အခြေအနေဟာ ဘယ်လို ရှိမယ်ဆိုတာ မသိသေးဘူး၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီး လတ်တလော ဝင်မသွားစေချင်တာပါ"

ဖုံးယီ၏ မျက်နှာက ရုတ်ခြည်း ညှိုးသွားပြီး...

"ကျုပ်ဇနီးနဲ့ သားသမီးတွေကိုရော သွားတွေ့လို့ မဖြစ်နိုင်ဘူးလား"

အသံရှင်က ဖုံးယီအား နားမလည်နိုင်စွာ ကြည့်ပြီး...

"အနှစ်နှစ်ဆယ်တောင် အောင့်အည်းနေခဲ့ပြီး ဘာဖြစ်လို့အခုမှ လောနေရတာလဲ"

ဖုံးယီက ရှောက်လုံဘက် လှည့်လိုက်ပြီး ပြောသည်။

"ဒီက ဆရာကြီး အမြင်ကရော ဘယ်လို ရှိပါလဲ"



ရှောက်လုံက...

"ဘာကြောင့် ဒီလို ဖြစ်ရလဲဆိုတာ ဦးစွာစုံစမ်း သင့်တယ်လို့ ထင်တယ်"

"ဘယ်လို စုံစမ်းမလဲ"

ဤတွင်...

အသံရှင်က လေးလံ နှေးကွေးသော အသံဖြင့် ဝင်ပြောလာ၏။

"ဒီရှေ့က တောင်ကြားထဲမှာ တဲအိမ်တစ်လုံး ရှိတယ်၊ အခု လူမနေတော့ဘူး၊ ဂိုဏ်းချုပ်ကြီး တဲအိမ်လေးထဲမှာ ခေတ္တရှောင်နေလိုက်ပါ၊ တခြား အဝတ်တွေ တွေ့ရင်လည်း ဒီအဝတ်တွေနဲ့ လဲဝတ်ထားလိုက်ပါ၊ ကျုပ်နဲ့ ဒီဆရာကြီးတို့က ဂိုဏ်းချုပ်ကြီးရဲ့ ဂိုဏ်း အခြေအနေကို စုံစမ်းမယ်၊ ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဒီတောင်ကြားထဲမှာ ကျုပ်ရဲ့ ဂိုဏ်းကို စုံစမ်းဖို့ ကျုပ်ဂိုဏ်းသားတွေကို ရှာတွေ့နိုင်ပါ့မလား"

ဤတွင် အသံရှင်က...

"ဂိုဏ်းချုပ်ကြီးတို့ ဂိုဏ်းနဲ့ မဟာမိုးမြေဂိုဏ်းဟာ လက်ရှိ အခြေအနေမှာ မီးနဲ့ရေလို ဖြစ်နေတယ်၊ ဒါကြောင့် ဒီဂိုဏ်းနှစ်ဂိုဏ်း စလုံးဟာ ဒီအနီးအနား တစ်ဝိုက်မှာ ကျက်စားနေတယ်"

"မဟာမိုးမြေဂိုဏ်းဟာ အသစ် ထူထောင်ထားတဲ့ ဂိုဏ်းလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ကဲ ဒါတွေ အသာထားပြီး ဆောဆောက ကျုပ် ပြောတဲ့ အကြံကို ဘယ်လို သဘောရသလဲ"

ဖုံးယီ အတန်ကြာ စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ ခင်ဗျား အကြံကျုပ် လက်ခံတယ်"

အသံရှင်က တဲအိမ်ကလေးဆီသို့ လှမ်းမျှော်ကြည့်ပြီး...

"ဒါဆို အဲဒီ တဲအိမ်ကလေးဆီကို သွားနှင့်ပေတော့"

အသံရှင်၏ စကားဆုံးသည်နှင့် ဖုံးယီမှာ တဲအိမ်လေးဆီသို့ ပြေးထွက်သွားလေတော့၏။

❋ ❖ ❋

ဖုံးယီ ထွက်သွားပြီးသောအခါ ရှောက်လုံက အသံရှင်အား မေးလာ၏။

"အဲဒီ တဲအိမ်လေးမှာ တကယ်ပဲ လူမရှိတော့ဘူးလား"

"ဟုတ်တယ် လူမရှိတော့ဘူး၊ မိုးဓား စန်းကျူး အလောင်းကို မြှုပ်နှံပြီး ရှမ်းယွင်ကလည်း ထွက်သွားပြီလေ"

ရှောက်လုံ၏ မျက်နှာပေါ်တွင် အံ့သြရိပ်များသန်းသွားလေ၏။

"ဟင်...ဟုတ်လား"

ထိုစဉ် အသံရှင်က...



"ငါတို့လည်း အလုပ်စကြစို့"

ဤတွင် ရှောက်လုံက မေးသည်။

"နဂါးဂိုဏ်းသား တစ်ယောက်ယောက်ကို ရှာလို့ရပါ့မလား"

အသံရှင်က လေသံ ခပ်အေးအေးဖြင့်...

"တွေ့နိုင်လိမ့်မယ် ထင်တာပဲ"

နှစ်ဦးသား တောင်ကြားထဲမှ ထွက်လာခဲ့ကြတော့၏။

❋ ❖ ❋

အတန်ငယ် လျှောက်လာမိသောအခါ ရှောက်လုံက တစ်စုံ တစ်ခုကို စဉ်းစားမိသော ဟန်ဖြင့် အသံရှင်အား လှမ်းပြောလိုက်၏။

"ဘိလူးကြီး ပိုင်ကွမ်း ပြောခဲ့ဖူးတဲ့ စကားကို ကျွန်တော် အခုမှ သတိရလာတယ်၊ နဂါးဂိုဏ်းက အဆင့်မြင့် သိုင်းသမား တွေဟာ အမိန့်နဲ့ မိုးဓား စန်းကျူး နောက်ကို လိုက်ရင်း ဒီတောင် ကြားထဲ ရောက်နေတယ်တဲ့၊ နဂါးဂိုဏ်းဟာ ဘာကြောင့် မိုးဓား စန်းကျူးကို ရှာရတာလဲ၊ ဒီအချက်ကို စဉ်းစားကြရအောင်"

"ဒီကိစ္စကို ငါမနေ့ကပဲ စုံစမ်း သိခဲ့ရတယ်၊ တကယ်တော့ နဂါးဂိုဏ်းသားတွေဟာ ဒီတောင်ကြားထဲ ရောက်လာအောင် တမင် အကွက်ဆင်လိုက်တာပဲ၊ ဒီလို အကွက် ဆင်တာဟာလည်း မဟာ

www.burmeseclassic.com

www.burmeseclassic.com



မိုးမြေဂိုဏ်းနဲ့ မိုးဓားစန်းကျူးတို့ကို ထိပ်တိုက်တွေ့အောင် ရန်တိုက်ပေးလိုက်တဲ့ သဘောပေါ့"

ရှောက်လုံက အသံရှင်၏ စကားကို နားမလည်သော လေသံဖြင့်...

"နဂါးဂိုဏ်းက ဘာဖြစ်လို့ ရန်တိုက်ပေးရတာလဲ"

အသံရှင် အနည်းငယ် စဉ်းစားပြီးမှ...

"ခုလို ရန်တိုက် ပေးတာကတော့ ရန်ဦးလွှဲတဲ့ သဘောပေါ့၊ မိုးဓားစန်းကျူးဟာ မိုက်ရူးရဲ ဂူယဲ့ရဲ့ သိုင်းပညာသင်ဘက် ညီနောင်မဟုတ်လား၊ ဒီတော့ သိုင်းလောကရဲ့ ကြောက်စရာ အကောင်းဆုံးလူနှစ်ဦးရဲ့ မဟာမိုးမြေဂိုဏ်းကို ထိပ်တိုက် တွေ့ပေးပြီး ဖြိုနိုင်းတဲ့သဘောပဲ၊ ဒါပေမယ့် ဒီအချက်ကို အမြော်အမြင်ကြီးတဲ့ မဟာမိုးမြေဂိုဏ်းက ကြိုမြင်တယ်၊ ဒါကြောင့် ငွေအင်္ဂါးနဲ့ တုကျင်ကို လွှတ်လိုက်ပြီး နဂါးဂိုဏ်းသားတွေရဲ့ အကြံတွေကို ဖျက်ဆီးလိုက်တာပေါ့"

ရှောက်လုံက သက်ပြင်းတစ်ချက် မှုတ်ထည့်လိုက်မိ လေတော့သည်။

❋ ❖ ❋

## လျှို့ဝှက်သူ

ရှောက်လုံနှင့် အသံရှင်တို့ နှစ်ဦး စကားတပြောပြောနှင့် လျှောက်လာခဲ့ကြစဉ် တောအုပ် တစ်ခုအတွင်းသို့ ရောက်လာသော အခါ မုဆိုးဝတ်စုံ ဝတ်ထားသော လူသန်ကြီးတစ်ဦး လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

အသံရှင် တစ်ချက်ပြုံးပြီး စတင်၍ ပြောလိုက်၏။

"တွေ့ပြီ ဒီလူသန်ကြီးဟာ နဂါးဂိုဏ်းရဲ့ အထောက်တော်တစ်ဦးပဲ၊ သူ့ကို ကျုပ်တွေ့လို့ မဖြစ်ဘူး၊ မောင်ရင်ပဲ ကြည့်ရှင်းလိုက်ပါ"

ပြောပြီးသည်နှင့် အသံရှင်မှာ ချုံကွယ်တစ်ခုသို့ ပြေးဝင်ပုန်းကွယ်လိုက်၏။

ရှောက်လုံက လူသန်ကြီးအား အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟေ့...ရပ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



အမဲလိုက် ဝတ်စုံနဲ့ လူသန်ကြီးက ရောက်လုံကို ပြန်ကြည့်ကာ...

"ကျုပ်ကို ပြောတာလား"

ရောက်လုံ အသံမာမာဖြင့်...

"မင်း အပြင် ဘယ်သူ ရှိသေးလဲ"

"ဘာကိစ္စရှိလို့လဲ"

ရောက်လုံက ခပ်တည်တည်ဖြင့်...

"မင်းကို မေးစရာရှိလို့"

"ဘာများ မေးမလို့လဲ"

"အခု မင်းတို့ဂိုဏ်းချုပ်ကြီး ဘယ်မှာရှိသလဲ"

ထိုလူသန်ကြီးမှာ ရောက်လုံ၏ အမေးစကားကြောင့် မျက်နှာ ပျက်သွားသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်သွား၏။

သို့သော်...

ချက်ချင်းပင် မျက်နှာကို ပြန်တည်လိုက်ပြီး လူသန်ကြီးက ပြန်ပြောလေသည်။

"ဘာဂိုဏ်းချုပ်လဲ ကျုပ်မသိဘူး၊ ကျုပ်က အမဲလိုက်မုဆိုး တစ်ယောက်ပဲ"



ရောက်လုံက သူ၏ လက်တစ်ဖက်ကို ရုတ်တရက် မြှောက်လိုက်ပြီး...

"မင်း...ငါ့ကို ဒါမျိုးလာစမ်းလို့ မရဘူး၊ မင်းဟာ နဂါးဂိုဏ်းရဲ့ အထောက်တော် တစ်ယောက် မဟုတ်လား"

ဤတစ်ကြိမ်တွင်...

ထိုလူသန်ကြီး၏ မျက်နှာအကြီးအကျယ် ပျက်သွား၏။

"ဆရာကြီး ပြောတဲ့ စကားတွေ ကျုပ် တစ်ခုမှနားမလည်ဘူး"

ရောက်လုံ ရယ်လိုက်၏။

"မင်း အသက် မင်း နှမြောတယ်ဆိုရင် ငါမေးတာကို ကောင်းကောင်းပြောပါ"

ရောက်လုံက ထိုသို့ပြောနေစဉ် လူသန်ကြီးက နောက်သို့ ရုတ်တရက်လှည့်ကာ ပြေးသွားတော့၏။

လူသန်ကြီးမှာ သုံးလေးလှမ်းမျှသာ ပြေးလိုက်ရသေးသည်။

သူ့ရှေ့သို့ အရိပ်တစ်ခုက ဆီးကြို၍ ရောက်ရှိလာတော့၏။

ထိုအရိပ် ပိုင်ရှင်မှာ ရောက်လုံဖြစ်၏။

ရောက်လုံက ရှေ့မှ ကာဆီးရပ်လိုက်ပြီး...

"တကယ်လို့ မင်းမှာ အတောင်ပံ ပါလာခဲ့ရင်တောင် လွတ်အောင် မပြေးနိုင်ပါဘူး၊ အရိပ်မဲ့လ [illegible] ရောက်လုံကို မင်းကြား

www.burmeseclassic.com



ဖူးလား၊ သူတောင် ကျုပ်ကိုတွေ့ရင် အရိုအသေ ပေးရတယ်၊ မင်းက ဘာကောင်မို့လဲ"

ဟု အေးစက်စက် အမူအရာဖြင့် ပြော၏။

ထိုအခါ…

လူသန်ကြီးက ကစား အထစ်ထစ် အငေါ်ငေါ်ဖြင့် မေးလာသည်။

"ဆ…ဆရာကြီးက အဆင့်မြင့် သိုင်းသမားကြီး တစ်ဦးလား၊ ဆရာကြီးရဲ့ နာမည်က ဘယ်လိုများ ခေါ်ပါသလဲ"

ရှောက်လုံ ခပ်တည်တည်ဖြင့်…

"ကျုပ်အမည်က အမည်မဲ့အဘိုးအိုလို့ ခေါ်တယ်"

လူသန်ကြီး မျက်လုံးပြူးသွားပြီ။

"ဘယ်လို…ဆရာကြီးနာမည် အမည်မဲ့ အဘိုးအို ဟုတ်လား"

ရှောက်လုံ ခေါင်းညိတ်ကာ…

"ဟုတ်တယ်…ကဲ ပြောစမ်း ဖုံးယီ ဘယ်မှာ ရှိသလဲ"

လူသန်ကြီးက ရှောက်လုံအား ကြည့်ကာ တုန်ယင်သော လေသံဖြင့်…

"ဆရာကြီးက ဘာဖြစ်လို့ ဂိုဏ်းချုပ်ကြီးကို မေးနေရတာလဲ"

ရှောက်လုံ စကားကိုဖြတ်၍…



"ကျုပ်က သူရဲ့ ဆရာတစ်ဦးပါပဲ၊ သူ့ကို ကျုပ် မတွေ့တာ ကြာလို့ မေးကြည့်တာပါ၊ ပြီးတော့ သူနဲ့ မဟာမိုးမြေဂိုဏ်းဟာ ခိုက်ရန် ဖြစ်နေကြတယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် မေးတာပါ"

ထိုလူသန်ကြီးမှာ ရှောက်လုံအား အတန်ကြာအောင် စူးစိုက်ကြည့်လျက် အကဲခတ် လိုက်ပြီးနောက် ခါ ကို ကိုင်းလိုက်လေ၏။

"ကျွန်တော်နာမည်က စူးလင်လို့ ခေါ်ပါတယ်၊ ဆရာကြီးကို မသိလို့ ရိုင်းမိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ရှောက်လုံက အရေးမကြီးသော ဟန်ဖြင့်…

"ကိစ္စမရှိပါဘူး ခွင့်လွှတ်ပါတယ်၊ ကျုပ်မေးတာကိုသာ ဖြေပါ"

ဤတွင်…

လူသန်ကြီးက ဖြည်းလေးစွာဖြင့် ဖြေ၏။

"ဂိုဏ်းချုပ်ကြီးက အခု စန်ယန်မြို့ ဌာနချုပ်မှာ ရှိနေပါတယ်"

ရှောက်လုံက လူသန်ကြီးအား စေ့စေ့ စိုက်ကြည့်လိုက်ပြီး…

"တကယ်ဟုတ်ရဲ့လား"

လူသန်ကြီးက စိုးရွံ့သော အမူအရာဖြင့်…

"ကျွန်တော် ဆရာကြီးကို မလိမ်ရဲပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ချက်ချင်း ထပ်မေး၏။

"မင်း...မင်းတို့ ဂိုဏ်းချုပ်ကြီး မျက်နှာကို သေသေချာချာ မြင်ဖူးသလား"

ဤစကားသည် အထောက်တော်ဂူးလင်အား ကြောင်၍သွားစေ၏။

အတန်ကြာမှ...

"ကျွန်တော်ရဲ့ အဆင့်ဟာ အင်မတန် နိမ့်ပါတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးကို အနီးကပ် သိပ်မတွေ့ပါဘူး၊ ဒါပေမယ့် အခု ဒီစုကုတောင်ကို မလာခင် ဂိုဏ်းချုပ်ကြီးဟာ ဂိုဏ်းခွဲမှူးတွေကို ဆင့်ခေါ်ပြီး ဆွေးနွေးခဲ့ပါတယ်၊ အဲ့ဒီ အထဲမှာ ကျွန်တော် ပါခဲ့တဲ့ အတွက် ဂိုဏ်းချုပ်ကြီးကို မကြာသေးခင်ကပဲ တွေ့ဖူးခဲ့ပါတယ်"

ရှောက်လုံ တွေဝေ၍ သွားသည်။

ဂူးလင်၏ စကားမှာ လိမ်ညာသည့်စကား မဖြစ်နိုင်ပေ။

သို့ဆိုလျှင်...

နဂါးဂိုဏ်းတွင် နဂါးကြီး ဖုံးယီမှာ နှစ်ဦးရှိနေ၍ ပင်လော။

ရှောက်လုံက စဉ်းစားရ ခက်နေသော အမူအရာဖြင့် ဂူးလင်အား မေးလိုက်၏။

"မင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီး ဒီနှစ်ပေါင်း နှစ်ဆယ်အတွင်း ဘယ်ကိုမှ ထွက်မသွားခဲ့ဘူးလား"



ဂူလင်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကျွန်တော် နည်းနည်း စဉ်းစားလို့ ရလာပြီ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ထင်တယ်၊ ဂိုဏ်းချုပ်ကြီးဟာ ရောဂါဆန်း တစ်ခု ရလိုက်တယ်၊ အဲ့ဒီတုန်းက ဂိုဏ်းချုပ်ကြီးဟာ ရုပ်ဖျက်ပြီး ဆေးဆရာလိုက်ရှာတယ်၊ နှစ်နှစ်လောက် ကြာတဲ့အခါ ပြန်ရောက် လာတယ်၊ အဲဒီ နောက်ပိုင်းမှာတော့ တစ်ခါမှ ထွက်တာ မတွေ့ ရတော့ဘူး"

"မင်းတို့ ဂိုဏ်းချုပ်ကြီးကို ကြည့်ရတာ အပြောင်းအလဲ တစ်စုံ တစ်ရာ ရှိတယ်လို့ ထင်မိသလား"

ဂူလင်က နားမလည်နိုင်စွာဖြင့်...

"ဒါတော့ ကျွန်တော်လည်း သတိမထားမိဘူး၊ ဆရာကြီးက ဒီအကြောင်းတွေကို ဘာကြောင့် မေးနေရတာလဲ"

"အကြောင်းရှိလို့ မေးတာပေါ့"

ရှောက်လုံက ခပ်မာမာ ပြောလိုက်၏။

"အခု မင်း ငါနဲ့ လိုက်ခဲ့"

ရှောက်လုံက ရုတ်တရက် ပြောလိုက်သည်။

ဂူလင်းက...

"ဘယ်လို ဆရာကြီး နောက်ကို ကျွန်တော် လိုက်ရမယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"အေး...ဟုတ်တယ်၊ မင်းကို ခေါ်သွားပြီး ပြစရာတစ်ခုရှိလို့"

ဂူလင်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့ ထိတ်လန့်မှုတို့က ရုတ်ခြည်းပေါ်လာ၏။

"ကျွန်တော့်ကို ဘာပြမလို့လဲ"

"အချိန်တန်တော့ မင်း သိရမှာပေါ့၊ လိုက်မှာသာ လိုက်ခဲ့ပါ"

ဂူလင်မှာ မည်သို့မျှ ငြင်းဆန်၍ မရတော့ဘဲ နောက်ဆုံး ရှောက်လုံ နောက်သို့ လိုက်ခဲ့ရလေတော့သည်။

❋ ❖ ❋

မကြာမီ...

ရှောက်လုံနှင့် ဂူလင်တို့မှာ နဂါးကြီး ဖုံးယီ ရှိနေမည့် တဲအိမ် လေးဆီသို့ ရောက်လာကြ၏။

ထိုစဉ်...

ဝတ်စုံဝါနှင့် အဘိုးအိုတစ်ဦးက တဲအိမ်တံခါးတွင် ထွက်ပေါ် လာ၏။

ထိုအဘိုးအိုမှာ ဖုံးယီပင် ဖြစ်၏။

ဖုံးယီသည် စုန်းကျူး၏ အဝတ်စုံအား ဝတ်ထားခြင်းပင်ဖြစ် သည်။



ယခုမှပင် တောက်တောက် ပြောင်ပြောင် ဖြစ်လာပြီး ဂိုဏ်းချုပ် ကြီး တစ်ဦး၏ ရုပ်သွင်ပေါ်လာတော့၏။

မူလက တွေ့ရသည့် အသွင်များနှင့် တခြားစီ ဖြစ်သွားလေ၏။

ဂူလင်မှာ ဖုံးယီအား တွေ့လိုက်ရသည်နှင့် ထိတ်လန့်တကြား ဖြစ်သွားကာ ကပျာကယာ အရိုအသေ ပေးလိုက်သည်။

"ကျွန်တော် ဂူလင် ဂိုဏ်းချုပ်ကြီးကို ဂါရဝ ပြုပါတယ်"

ဤအဘိုးအိုမှာ နဂါးဂိုဏ်းချုပ် ဖြစ်ကြောင်း သေချာမည်ဟု ရှောက်လုံ တွေးလိုက်၏။

ဖုံးယီက လက်ကို မြှောက်လိုက်ပြီး...

"အရိုအသေ ပေးစရာ မလိုပါဘူး၊ မတ်တတ် ရပ်လိုက်ပါ"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဂူလင်က ချက်ချင်း မတ်တတ်ရပ်လိုက်၏။

ဖုံးယီက ရှောက်လုံအား ကြည့်လိုက်ပြီး စိတ်လှုပ်ရှားသော လေသံဖြင့်...

"သူဟာ တစ်ချိန်တုန်းက ကျုပ်ရဲ့ ကိုယ်ရံတော်အဖြစ် အမှု ထမ်းခဲ့တယ်"

ရှောက်လုံက ခေါင်းညိတ်ပြလိုက်၏။

ဖုံးယီက...

www.burmeseclassic.com

www.burmeseclassic.com



"ဂူလင်…ဂိုဏ်းအခြေအနေ ဘယ်လိုရှိလဲ"

ဖုံးယီ၏ အမေးကြောင့် ဂူလင်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ၏ စိတ်ထဲမှလည်း ဂိုဏ်းချုပ်ကြီးက အဘယ်ကြောင့် ဤမေးခွန်းမျိုး မေးရသနည်းဟု တွေးလိုက်မိလေသည်။

ထို့ပြင်…

ထူးဆန်းနေသည်က ဂိုဏ်းချုပ်ကြီးမှာ တစ်ခါမျှ မမြင်ဖူးသည့် ဝတ်ရုံပင် ဖြစ်၏။

ဂူလင်မှာ အတန်ကြာသည်အထိ စဉ်းစား နေလိုက်ပြီး…

"ကျွန်တော် မရှင်းတာ တစ်ခု မေးပါရစေ၊ ဂိုဏ်းချုပ်ကြီး ဘယ်တုန်းက ဒီကို ရောက်လာတာလဲ"

ဖုံးယီမှာ ရုတ်တရက် မျက်နှာပျက်သွား၏။

ပြီးမှ မျက်နှာကို ပြန်တည်လိုက်ကာ…

"အခု ဂိုဏ်းကိစ္စ အဝဝကို ဘယ်သူ တာဝန်ယူထားသလဲ"

ထိုမေးခွန်းကြောင့် ဂူလင်မှာ နောက်သို့ ထိတ်လန့်တကြီး ဆုတ်လိုက်မိ၏။

ဤတွင် ရှောက်လုံက ကြားဝင်၍ ပြောရတော့၏။

"ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် တာဝန်ယူနေတာပဲပေါ့"



ရှောက်လုံ၏ စကားကြောင့် ဖုံးယီက မျက်မှောင်ကုပ်လိုက်ပြီး ထူးဆန်း အံ့သြသည့် ပုံစံဖြင့် ရှောက်လုံအား ကြည့်လိုက်၏။

ရှောက်လုံက ဆက်လက်၍ ပြောသည်။

"စန်းယန်မြို့မှာ နဂါးကြီး ဖုံးယီတစ်ယောက် ရှိနေသေးတယ်"

ဖုံးယီ ထိတ်လန့်သွား၏။

တုန်ယင်နေသော အသံဖြင့်…

"ဆရာကြီး ဘာပြောတာလဲ"

ရှောက်လုံက…

"ဒီက ဂူလင်က ပြောတယ်၊ ဌာနချုပ်မှာ ဂိုဏ်းချုပ် တစ်ယောက် အစုလက်ရှိ ရှိနေတယ်တဲ့"

ဖုံးယီက…

"ဒါ…ဒါ မဖြစ်နိုင်ဘူး၊ ကျုပ် ကိုယ်တိုင် ဝက်ပါတောင်ကြားမှာ အနှစ်နှစ်ဆယ် လုံးလုံး ပိတ်မိနေခဲ့တာပဲ"

ရှောက်လုံက မယုံကြည်နိုင်သော မျက်နှာဖြင့်…

"ကျုပ်ကတော့ ဒီကိစ္စကို ကြားတောင် မကြားခဲ့မိဘူး"

ဂူလင်မှာ သူတို့နှစ်ဦး ပြောနေသည့် စကားများကို ဘာမှ နားမလည်နိုင်စွာဖြင့် ကြောင်ကြည့်နေ၏။

ဂူလင်သည်လည်း ဇဝေဇဝါ ဖြစ်လာရချေပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီး ဖုံးယီက စိတ်အာရုံကို အတတ်နိုင်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ပြီး အသံကျယ်ကျယ်ဖြင့်...

"ဝူလင် မင်း ပြောစမ်း...ဌာနချုပ်မှာ ဘာတွေ ဖြစ်နေသလဲ"

ဝူလင်မှာ စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ဖြစ်နေစဉ် ရှောက်လုံက ကြားဝင်ပြောလိုက်၏။

"ကျုပ် အထင်ကတော့ ဂိုဏ်းတစ်ခုလုံးကို အပိုင်စီးထားလိုက်ကြပြီထင်တယ်"

ဖုံးယီက...

"ဆရာကြီး ဒါ...ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး"

ရှောက်လုံ ကိုယ်တိုင်ကလည်း ဤကိစ္စကို လုံးဝ မယုံကြည်နိုင်ပါချေ။

သို့သော်...

ဝူလင် ကိုယ်တိုင်က မကြာသေးခင်က အစည်းအဝေးမှာ ဂိုဏ်းချုပ် ဖုံးယီကိုယ်တိုင် ညွှန်ကြားမှုတွေ ပေးလိုက်သည်ဟု ပြောလာသဖြင့် စဉ်းစားရခက်နေသည်။

ရှောက်လုံက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဒါဆိုရင်တော့ ဂိုဏ်းချုပ် နှစ်ဦး ဖြစ်နေတာ သေချာပြီ"

ဖုံးယီက အံကို တင်းတင်း ကြိတ်လိုက်၏။



ထို့နောက် အေးဆေးသော လေသံဖြင့်...

"တကယ်လို့ ဂိုဏ်းတစ်ခုလုံးကို အပိုင်စီးထားရင်တော့ အပိုင်စီးတဲ့ လူဟာ တစ္ဆေနတ်ဆိုးတွေပဲ ဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ ဂိုဏ်းကို အလွယ်တကူနဲ့ အပိုင်စီးဖို့ဆိုတာ မလွယ်ဘူး၊ နောက်တစ်ချက်က ဂိုဏ်းချုပ်အတုဆိုရင် ကျုပ်ရဲ့ ဇနီး သားသမီးတွေနဲ့ ဝါရင့်ဂိုဏ်းသားကြီးတွေကို လှည့်စားလို့ကော ရနိုင်ပါ့မလား"

ထိုစကားမှာ အလွန် ယုတ္တိရှိလှ၏။

နောက်တစ်ချက် စဉ်းစားရသည်မှာ ဂိုဏ်းချုပ်အတုသည် မည်မျှပင် လိမ်ညာကောင်းသူ ဖြစ်ပါစေ၊ ဇနီး သားသမီးတွေကိုတော့ မည်သည့်နည်းနှင့်မျှ လိမ်ညာနိုင်မည် မဟုတ်ပေ။

သို့ဆိုလျှင် ယခု အဘယ်ကြောင့် အလိမ်မပေါ်ရသနည်း။

❋ ❖ ❋

ဖုံးယီက ဝူလင်ဘက်သို့ လှည့်လိုက်ပြီး...

"ဒါဆို ဌာနချုပ်မှာ နောက်ထပ် ဂိုဏ်းချုပ် တစ်ယောက် ရှိနေတာ သေချာတယ်ပေါ့ ဟုတ်လား"

ဝူလင်က ထစ်ထစ်ငေါ့ငေါ့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ပါတယ်"

ဖုံးယီက အတန်ငယ် စဉ်းစားလိုက်ပြီး...

"ဂိုဏ်းထဲမှာ ဘာထူးခြားချက်တွေ ရှိသလဲ"

ဂူလင်က...

"ကျွန်တော်ဟာ အဆင့်နိမ့်သူ တစ်ဦးမို့ ဘာမှ မသိနိုင်ပါဘူး"

ဖုံးယီက ဆက်၍ မေးသည်။

"ဌာနချုပ်မှာရော ဘာသတင်း ထူးခြားသေးလဲ"

ဂူလင် ခေါင်းခါယမ်းလိုက်ပြီး...

"ဘာသတင်းထူးမှ မကြားမိပါဘူး"

"အတွင်းဖက် အဆောင်တွေကရော"

"ဒါလဲ ကျွန်တော် မသိဘူး၊ ကြည့်ရတာတော့ အားလုံးငြိမ်သက်နေသလိုပဲ"

ဖုံးယီက ဂူလင်အား သေချာစွာ တစ်ချက်ကြည့်လိုက်ပြီး မေးပြန်၏။

"ဂိုဏ်းချုပ်ကြီး ဆေးကုဖို့ ထွက်သွားတယ်ဆိုတာ အမှန်ပဲလား"

ဂူလင်က ခေါင်းညိတ်ပြရင်း...

"ဒါကတော့ အမှန်ပဲ"



ဖုံးယီက သူ့ကိုယ်သူ ပြန်ပြောလိုက်၏။

"ဒါပေမယ့် ကျုပ် ဌာနချုပ်က ထွက်လာတာ အနှစ်နှစ်ဆယ် ကျော်ပြီပဲ၊ တစ်ခါမှ ဆေးဆရာဆီကို သွားမယ်လို့ မပြောခဲ့ပါလား"

ဤတွင် ဂူလင်မှာ အယောင်ယောင် အငေါ်ငေါ် ဖြစ်သွားပြီး...

"ဒါဆိုရင်...ဂိုဏ်း...ဂိုဏ်း"

ထိုစဉ်...

အသံရှင်၏ အသံက ရုတ်တရက် ထွက်ပေါ်လာ၏။

"မိတ်ဆွေတို့အားလုံး တစ္ဆေသူတော်ရဲ့ အကြောင်းကိုရော ထည့်စဉ်းစားမိကြရဲ့လား"

ထိုစကားသံကြောင့် ရှောက်လုံတို့ သုံးယောက် စလုံးမှာ ကြောင်၍သွား၏။

အသံရှင်က ဆက်၍ ပြောလာသည်။

"တစ္ဆေသူတော်ဟာ ရုပ်ပြောင်း ရုပ်လွှဲပညာမှာ အလွန် ကျွမ်းကျင်တယ်၊ ရုပ်အမျိုးမျိုးကို ပိပိရိရိ ရှိအောင် ပြောင်းနိုင်တယ်"

ဖုံးယီက ချက်ချင်း ပြန်ပြောသည်။

"ရုပ်ကို ပြောင်းနိုင်တယ်ထား၊ စိတ်ကိုတော့ ဘယ်လိုနည်းနဲ့မှ ပြောင်းနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီလောက် ပိပိရိရိလိမ်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမှာ မည်သို့မျှ စဉ်းစား၍ မရနိုင်အောင် ရှိ၏။

ကြောက်စရာလည်း အလွန်ကောင်းနေသည်။

ကျန်လူ အားလုံးက ရှောက်လုံထံသို့ အကြံဉာဏ် တောင်းလိုက်ကြ၏။

ရှောက်လုံမှာလည်း ဤပြဿနာမှာ အလွန်ရှုပ်ထွေးနေသဖြင့် မစဉ်းစားချင်လောက်အောင် စိတ်ကုန်နေ၏။

ထိုစဉ်...

အသံရှင်က ဆက်ပြောလေသည်။

"ပြဿနာက အတော့်ကို ထူးဆန်းနေပြီ၊ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် နောက်တစ်နည်းပဲ ရှိတော့တယ်၊ အဲဒါကတော့ ဂိုဏ်းချုပ်ကြီးရဲ့ သားကို ခေါ်လာပြီး တွေ့ပေးဖို့ပဲ၊ ဒါမှ ပြဿနာရှင်းသွားမယ်"

ဖုံးယီက တုန်ယင်သော အသံဖြင့်...

"ကျုပ်ကိုယ်တိုင်ပဲ ဌာနချုပ်ကိုသွားပြီး စုံစမ်းချင်တယ်"

အသံရှင်က ခေါင်းခါယမ်းကာ...

"ဒါတော့ မဖြစ်ဘူး၊ တကယ်လို့ ပြဿနာပေါ်လာရင် ကျုပ်တို့က လက်ပိုက်ကြည့်မနေပါဘူး၊ ဂိုဏ်းချုပ်ကြီးကလည်း ကျောက်စိမ်းစားရဲ့နေရာကို ပြောပြခဲ့တာမို့ ကျုပ်တို့ကလည်း ပြန်ပြီး ရှင်းပင်းကူညီပေးရမှာပေါ့၊ ဒီတော့ ဂိုဏ်းချုပ်ကြီး ခဏသည်းခံပြီး စောင့်ပါ"



ဂူလင်မှာ ယခုမှ စာတ်ရှည်လည်ပြီး အကြီးအကျယ် အံ့သြသင့် တုန်လှုပ်သွားတော့၏။

ဖုံးယီမှာ ဘာမှ ပြန်မပြောတော့ဘဲ ငြိမ်၍နေသည်။

အသံရှင်က ဂူလင်အား ကြည့်လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီးရဲ့ တပည့်က စိတ်ချရပါ့မလား"

ဖုံးယီက ဂူလင်အား သေချာစွာ အကဲခတ်လိုက်၏။

"အင်း...ယုံကြည်ရမယ်လို့တော့ ထင်ပါတယ်"

ဂူလင်ကလည်း အလွန်အံ့သြသော အမူအရာဖြင့် ပြောရှာ၏။

"ဂိုဏ်းချုပ်ကြီး ဒီအဖြစ်မျိုး ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်လုံး၀ မမျှော်လင့်ခဲ့ရိုး အမှန်ပါ"

ထိုစဉ်...

ရှောက်လုံက...

"ဂူလင်...မင်း ဒီမှာနေပြီး ဂိုဏ်းချုပ်ကြီးကို စောင့်ရှောက်ကျန်ရစ်ပါ၊ တခြားလူတွေ မမြင်မတွေ့ပါစေနဲ့"

ပြောလိုက်လေသည်။

ဂူလင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ရှောက်လုံက ဖုံးယီဘက် လှည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးကလည်း တခြားလူတွေ မမြင်အောင် ဆင်ခြင်နေပါ၊ အခြား အကြောင်းကိစ္စ အရေးတကြီးမရှိဘဲ အပြင်ကို မထွက်ပါနဲ့၊ နောက်ပြီး တစ္ဆေသူတော် လိုက်ရှာမယ်ဆိုတာ သေချာတယ်၊ ဒါကြောင့် ရင်ဆိုင်ဖို့ အသင့်ပြင်ထားပါ၊ တကယ်လို့ ဂိုဏ်းချုပ်ကြီး အသက်ရှင်နေသေးမှန်း သိသွားရင် လက်လျှော့မှာ မဟုတ်ဘူး"

ဖုံးယီက အံကို တင်းတင်း ကြိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဆရာကြီး ညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

ရှောက်လုံက ဂိုဏ်းချုပ်ကြီးအား နှုတ်ဆက်လိုက်ပြီး နှစ်ဦးသား ထွက်ခွာလာခဲ့ကြလေတော့သည်။

❋ ❖ ❋

## သေမင်းတမန်

အချိန်ကား နံနက်စောစော ဖြစ်၏။

ဖုန်ချိုးမြို့ သူဌေးကြီး ဂုချန်း၏ အိမ်ဂေဟာထဲတွင် မီးအိမ်များ ချိတ်ဆွဲလျက် လှပအောင် ပြင်ဆင်မွမ်းမံနေသည်။

နံနက်မိုးသောက်လျှင် မင်္ဂလာဆွေခံပွဲ ကျင်းပတော့မည်ကဲ့သို့ ရှိ၏။

အနောက်ဘက် ခြံဝင်းထဲရှိ ဂေဟာထဲတွင်လည်း မီးများ ထိန်လင်းလျက် ရှိ၏။

အခန်းထဲတွင် မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးမှာ လူးလာခေါက်ပြန် လျှောက်နေ၏။

သူ့မျက်နှာမှာ ညှိုးနွမ်းနေသည်။

စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စတစ်ခုကို ခံစားနေရသကဲ့သို့ ဖြစ်သည်။

www.burmeseclassic.com

ပြတင်းပေါက်အနီး စားပွဲခုံတွင် မိန်းမကြီးတစ်ဦးထိုင်နေသည်။

ထိုမိန်းမကြီး၏ မျက်နှာတွင် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန် ရှိ၏။

ထိုအမျိုးသမီးကြီးက စတင်၍ စကားပြောလာသည်။

"ဒီလောက်လည်း သိပ်စိတ်ပူမနေ စမ်းပါနဲ့ရှင်၊ ရှင့်ကြည့်ရတာ ကျွန်မတောင် ခေါင်းရှုပ်လာပြီ"

ဤတွင် မီးနိုးရောင် အဘိုးကြီးက ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

"ရှင်မ ဒီကိစ္စ သိပ်အရေးကြီးနေတယ် ဆိုတာ မင်း မသိသေးဘူးထင်တယ်"

မိန်းမကြီးက အဘိုးကြီးအား စေ့စေ့ စိုက်ကြည့်လိုက်ပြီး...

"ဘယ်လောက်တောင် အရေးကြီးတာမို့လဲ၊ ဒီလို ဖြစ်မယ်ဆိုရင်လည်း အစတုန်းက ရှင်ဘာဖြစ်လို့ ပြဿနာ ရှာခဲ့ရသလဲ"

အဘိုးအိုက သက်ပြင်းကို အသာချလိုက်ပြီး...

"သြော်... ရှင်မကလည်း မင်း ခက်ပါတယ်ကွာ"

မိန်းမကြီးက ခပ်ဆပ်ဆပ် ပြန်ပြောသည်။

"ကဲ... ရှင် ခက်မနေနဲ့၊ မနက်ဖြန် သားလေးရဲ့ မင်္ဂလာပွဲရက်ပဲ၊ ရှင့်မျက်နှာကို ရွှင်ရွှင်ပျပျ ထားစမ်းပါ၊ မင်္ဂလာပွဲပြီးတဲ့အခါကျတော့ ရှင် ကြိုက်သလိုနေ"



ထိုစဉ် အဘိုးအိုက တစ်စုံတစ်ခု သတိရလာဟန်ဖြင့်...

"ရှင်မ... အခုမှ ကျုပ် အကြံတစ်ခု ရလာတယ်"

မိန်းမကြီးက စိတ်ဝင်တစားဖြင့် ပြန်မေးလိုက်၏။

"ဘယ်လို အကြံမျိုးလဲ ပြောပါဦး"

အဘိုးအိုက ပြုံးလိုက်ပြီး အေးဆေးစွာ ပြောလိုက်သည်။

"မနက်ဖြန် မင်္ဂလာပွဲမှာ မိတ်ဆွေဘွဲ့စုံတုန်း မိတ်ဆွေအများရဲ့ရှေ့မှာ ဓားကို စွန့်လွှတ်ပြီး သိုင်းလောကမှာ အပြီးအပိုင် အနားယူလိုက်တဲ့အကြောင်း ကြေညာလိုက်မယ်၊ ပြီးတော့ မင်းနဲ့ငါ လျှောက်လည်ကြမယ်"

"ဟာ... သိပ်ကောင်းတဲ့ အကြံပေါ့"

ထိုစဉ်...

တံခါးဝဆီမှ လူတစ်ယောက်၏ ခြေသံကို ကြားလိုက်ရ၏။

ယင်းခြေသံနှင့် မရှေးမနှောင်းမှာပင် မိန်းကလေးတစ်ဦး၏ အသံ ထွက်ပေါ်လာသည်။

"သခင်ကြီး... အပြင်မှာ ဧည့်သည် ရောက်နေပါတယ်"

အဘိုးအိုမှာ ရုတ်ခြည်း မျက်နှာပျက်သွား၏။

"ဘယ်လို ဧည့်သည်လဲ"

မိန်းကလေးက ချက်ခြင်း ပြန်ဖြေသည်။

www.burmeseclassic.com



"ဆံပင်ဖြူဖြူနဲ့ အဘိုးကြီး တစ်ဦးပဲ"

"သိုင်းလောက က ပုဂ္ဂိုလ်လား"

မိန်းကလေးက ချက်ချင်း ခေါင်းခါလိုက်ပြီး...

"အဲဒါတော့...ကျွန်မ မသိဘူး၊ တာဝန်ခံကြီးက ကျွန်မကို သတင်းပို့နိုင်းလိုက်လို့ ကျွန်မ လာပြောတာပါ"

အဘိုးအိုက တစ်ချက်စဉ်းစားလိုက်ပြီး တုန်ယင်သော အသံဖြင့်...

"ဒီလို အချိန်မတော်ကြီးမှာ ရောက်လာတယ်ဆိုတော့ ကြည့်ရတာ အင်း..."

အဘိုးအို၏ စကားသံ မဆုံးမီ မိန်းမကြီးက ကြားဖြတ်၍ ပြောသည်။

"ရှင် ဘယ်လို ဖြစ်နေတာလဲ၊ အချိန်မတော် ဧည့်သည်လာတာနဲ့ ဒီလောက်တောင် စိတ်လှုပ်ရှား နေရတယ်လို့"

အဘိုးအိုက တံခါးပေါက်ဝဘက်သို့ မျက်နှာမူလိုက်ပြီး...

"ရှောင်မေ...တာဝန်ခံက ဧည့်သည်နာမည် ဘယ်သူဆိုတာ မပြောလိုက်ဘူးလား"

ရှောင်မေဆိုသူ မိန်းကလေးက ခေါင်းကို ထပ်မံခါယမ်းလိုက်ပြီး...



"ဟင့်အင်း...မပြောလိုက်ပါဘူး၊ ဧည့်သည်စိမ်းနဲ့ တူတယ်"

အဘိုးအိုက မျက်လုံးပြူးသွားပြီး...

"ဧည့်သည်စိမ်း ဟုတ်လား...သူ့မှာ ဖိတ်စာကော ပါရဲ့လား"

"တာဝန်ခံက ဘာမှ မပြောလိုက်ပါဘူး၊ ကျွန်မကို သတင်းပို့နိုင်းလိုက်တာပဲ ရှိတယ်"

အဘိုးအို၏ မျက်နှာတစ်ချက် တည်သွားပြီး...

"အခု အဲဒီဧည့်သည်က ဘယ်မှာလဲ"

"အပြင်ဘက်အဆောင်မှာ တာဝန်ခံကြီးနဲ့ ဧည့်ခံစကား ပြောနေပါတယ်"

အဘိုးအို၏ မျက်နှာ ချက်ချင်း တင်းမာသွားပြီး...

"ကဲ...မင်း ပြန်သွားပြီး ပြောလိုက်၊ သခင်ကြီး အိပ်စက်အနားယူနေတယ်၊ မနက်ကျမှ တစ်ခေါက် လာလို့ပြော ဟုတ်လား"

ဤတွင် မိန်းမကြီးက ကြားဝင်ပြောလာ၏။

"ရှင့်မှာလဲ တော်တော့်ကို စိုးရိမ်ကြီးနေတယ်၊ ဒီလောက်လဲ သိပ်အရေးမကြီးပါနဲ့"

"ဘာအရေး မကြီးရမှာလဲ၊ မင်းက ဘာသိလို့လဲ"

"ကျွန်မ မသိတာထက် အခုလာတဲ့ ဧည့်သည်ဟာ ရှင်ရဲ့ တစ်ချိန်က မိတ်ဆွေဟောင်း ဖြစ်ချင် ဖြစ်မှာပေါ့၊ မင်္ဂလာသတင်းကို

www.burmeseclassic.com



ကြားတာနဲ့ မဖိတ်ဘဲ အချိန်မီအောင် ကြိုတင်လာခဲ့တာရော မဖြစ်နိုင်ဘူးလား၊ နောက်ပြီး လာတဲ့ ဧည့်သည်ဟာ အဘိုးအိုတစ်ယောက်ဆိုတော့"

အဘွားအိုက စကားကို တစ်ဝက်တစ်ပျက်ဖြင့် ရပ်ထားလိုက်၏။

ဤတွင် အဘိုးအိုက စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ...ကျုပ် ဧည့်သည်ကို ချောင်းကြည့်လိုက်ဦးမယ်၊ ပြီးမှ တွေ့သင့် မတွေ့သင့် စဉ်းစားမယ်"

ပြောပြီးနောက်...

အဘိုးအိုက အပြင်ဆောင်ဆီသို့ ထွက်လာခဲ့လေတော့၏။

* ❖ *

အပြင် ဧည့်ခန်းဆောင် အတွင်းဝယ် လူလတ်ပိုင်းတစ်ဦးက ဆံပင်ဖြူနေသော အဘိုးအိုတစ်ဦးအား ဧည့်ခံစကား ပြောနေ၏။

လူလတ်ပိုင်းအရွယ် ရှိသူက...

"သခင်ကြီး အိပ်စက်အနားယူနေတယ်နဲ့ တူတယ်၊ ပြောစရာရှိရင် ကျွန်တော့်ကို မှာထားခဲ့ပါလား"

ဆံပင်ဖြူ အဘိုးအိုက ခပ်အေးအေး လေသံဖြင့်...



"သူတစ်ပါးက ပို့ခိုင်းလိုက်တဲ့ ပစ္စည်းတစ်ခုကို ကာယကံရှင်လက်ထဲ ကိုယ်တိုင် ထည့်ပေးဖို့ တာဝန်ရှိနေလို့ပါ"

"ဘယ်သူ့ရဲ့ စေခိုင်းချက်ပါလဲ"

"မင်းတို့ရဲ့ သခင်ကြီး ကိုယ်တိုင် ဖတ်ကြည့်ပြီးရင် သိပါလိမ့်မယ်"

ထိုစဉ်...

အတွင်းဘက်မှ ချောင်းဟန့်သံ တစ်ချက် ကြားလိုက်ရ၏။

လူလတ်ပိုင်းမှာ ရုတ်တရက် မတ်တတ် ထရပ်လိုက်ပြီး...

"သခင်ကြီး ရောက်လာပါပြီ"

မီးခိုးရောင် ဝတ်စုံနှင့် အဘိုးအိုမှာ အတွင်းခန်းဘက်မှ ထွက်လာသည်။

ဆံဖြူအဘိုးအိုက မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုအား သေချာစွာ အကဲခတ် ကြည့်နေသည်။

မီးခိုးရောင် ဝတ်စုံနှင့် အဘိုးအိုက လက်ဖမိုးနှစ်ခု ယှက်လိုက်ပြီး ဆံဖြူအဘိုးအိုအား နှုတ်ဆက်လိုက်၏။

"မိတ်ဆွေ လာရင်း ကိစ္စကို သိပါရစေ"

ထိုစဉ်...

လူလတ်ပိုင်း အရွယ်ရှိ တာဝန်ခံက အရိုအသေပေးပြီး ဆုတ်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံဖြူအဘိုးအိုက ထိုင်နေရာမှ လှမ်းမေးလိုက်လေသည်။

"ခင်ဗျားက အဆိပ်ငှူးချန်း ပါလား"

မီးခိုးရောင်ဝတ် အဘိုးအိုက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ် ကျုပ် နာမည် ငှူးချန်ပါ၊ မိတ်ဆွေရဲ့ အမည်ကကော ဘယ်လို ခေါ်ပါသလဲ"

ဆံဖြူအဘိုးအိုက ပြုံးကာ...

"ကျုပ်နာမည် အမည်မဲ့ အဘိုးအိုပါ"

စင်စစ် ဤဆံဖြူအဘိုးအိုမှာ ရန်ကြွေးဆပ်ရန် လာခဲ့သော ရှောက်လုံပင် ဖြစ်သည်။

ငှူးချန်းက အံ့သြသင့်သွားပြီး...

"အမည်မဲ့ အဘိုးအို"

ရှောက်လုံက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ် မိတ်ဆွေအတွက် ဒီနာမည်ကို ပထမဆုံး အကြိမ် ကြားဖူးတာ ဖြစ်ပါလိမ့်မယ်"

အဆိပ်ငှူးချန်းက ရှောက်လုံအား ကြည့်ကာ...

"ဒီကို လာတဲ့ ကိစ္စကို သိပါရစေ"

ရှောက်လုံက...

"ကျုပ်ရဲ့ အသိတစ်ယောက်က ဒီက မိတ်ဆွေကြီးဆီကို စာတစ်စောင် ပို့ခိုင်းလိုက်လို့ပါ"



ငှူချန်း မျက်လုံး ပြူးသွား၏။

"ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

ရှောက်လုံက နှုတ်မှ အဖြေမပေးဘဲ အင်္ကျီအိတ်တွင်းမှ စာအိတ်ကို နှိုက်ပြီး ငှူချန်းအား ပစ်ပေးရင်း ပြောလိုက်၏။

"ခင်ဗျား ဖတ်ကြည့်ရင် သိပါလိမ့်မယ်"

ငှူချန်းက စာအိတ်ကို ဖမ်းလိုက်ပြီး ထိုင်ခုံတွင် ထိုင်ချလိုက်၏။

ထို့နောက်...

စာအိတ်ကိုဖွင့်ကာ ဖတ်လိုက်သည်။

ငှူချန်း၏ မျက်နှာမှာ ရုတ်ခြည်း ညှို့မှိုင်း၍ သွားတော့သည်။

❋ ❖ ❋

ငှူချန်းမှာ စာဖတ်ပြီးသည်နှင့် ရှောက်လုံအား ကြည့်ကာ မေးလိုက်သည်။

"ဒီစာက ရှောက်လုံ ပို့ခိုင်းလိုက်တာ အမှန်ပဲလား"

ရှောက်လုံက အေးစက်စက်ဖြင့်...

"ဟုတ်ပါတယ်"

ငှူချန်း၏ မျက်နှာတစ်ချက် တင်းမာသွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာထဲမှာ ကျုပ်ကို ဗျိုင်းဖြူ ရေကန်ဆေးမှာ တွေ့ဖို့ ချိန်း ထားပါလား"

ရှောက်လုံက ဘာမှ မသိသည့် အမူအရာဖြင့်...

"ဩော်...ဟုတ်လား ကျုပ်တော့ ဘာမှ မသိဘူး၊ သူက စာပို့နိုင်းလို့သာ လာပို့ရတာ"

"မိတ်ဆွေနဲ့ သူက ဘယ်လို ပတ်သက်နေပါသလဲ"

ရှောက်လုံက အေးဆေးစွာ ပြန်ဖြေသည်။

"မိတ်ဆွေတွေပါ"

ဂူချန်း၏ နဖူးပြင်တွင် ချွေးများ စို့လာသည်။

သူ၏ ခန္ဓာကိုယ်မှာလည်း မသိမသာ တုန်ယင်လာသည်။

ဂူချန်းမှာ အတန်ကြာသည်အထိ စကားတစ်ခွန်းမှ ပြန်မပြော နိုင်ဘဲ ရှိနေ၏။

ထိုစဉ်...

ရှောက်လုံ၏ အားရပါးရ ရယ်မောသံကြီးက ရုတ်တရက် ပေါ်ထွက်လာသည်။

"ဟား...ဟား...ဟား ဘယ်လို ဖြစ်သွားတာလဲဗျ၊ မနက်ဖြန် ခင်ဗျားသား မင်္ဂလာပွဲ မဟုတ်လား"

ဂူချန်းက ခေါင်းကိုညိတ်လိုက်ပြီး...



"ဟုတ်ပါတယ်"

ရှောက်လုံက ထပ်မံ၍ ရယ်လိုက်ပြန်၏။

"ဟာ...ဒါဟာ မင်္ဂလာသတင်း တစ်ခုဘဲ၊ ကောင်းတယ်၊ လူတွေဟာ အသက်ကြီးလာတာနဲ့ မြေးချီချင်လာကြတာ ဓမ္မတာပဲ"

ရှောက်လုံက ထိုသို့ ပြောလိုက်ပြီးနောက် အတန်ကြာ ရပ်တန့်လိုက်ကာ ဆက်၍ ပြောသည်။

"ဒါပေမယ့်လေ တချို့ လူတွေအတွက် လောကကြီးမှာ မြေးကိုချီပြီး ပျော်ရွှင်ရမယ့် အချိန်မျိုး ရှိချင်မှ ရှိနိုင်မယ်"

ရှောက်လုံ၏ စကားဆုံးသည်နှင့် ဂူချန်းက တုန်ယင်သော အသံဖြင့် မေးသည်။

"နောင်ကြီးရဲ့ စကားက ဘယ်လို သဘောပါလိမ့်"

ရှောက်လုံက တစ်ချက် ပြုံးလိုက်ပြီး...

"ဘယ်လို သဘောရယ်မှ မဟုတ်ပါဘူးလေ၊ ကျုပ်ရဲ့ ခံစားချက်ကို ပြောပြတာပါ"

ဂူချန်းက ရှောက်လုံအား အတန်ကြာအောင် စူးစိုက်ကြည့်နေလိုက်ပြီးနောက် မေးလိုက်၏။

"နောင်ကြီးဟာ အခုတလော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဝိညာဉ်အလဲ့ရဲ့ ညီဆိုတာလား"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက သဘောကျစွာ တစ်ချက် ရယ်လိုက်ပြီးနောက်...

"မိတ်ဆွေက ဘယ်ဆိုးလို့လဲ၊ ကျုပ်ကို သိနေသားပဲ"

ရှောက်လုံက သာမန် အနေအထားဖြင့် စကားပြောနေသော်လည်း ဂူချန်းက နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားပြီး တုန်ယင်စွာ ရပ်နေ၏။

ထိုစဉ် ရှောက်လုံက...

"ဘယ်လိုလဲ ခင်ဗျား ရှောက်လုံ ချိန်းတဲ့အတိုင်း သွားမှာလား"

ဂူချန်းက အံကို တင်းတင်း ကြိတ်လိုက်ပြီး...

"စိတ်ချ... သူ ချိန်းတဲ့အတိုင်း ညသန်းခေါင် တိတိ ရောက်လာစေရမယ်လို့ ပြောလိုက်ပါ"

ရှောက်လုံက ရုတ်တရက် မတ်တတ် ထရပ်လိုက်၏။

ထို့နောက်...

"ကောင်းပြီလေ...ဒီလိုဆို ကျုပ် ပြန်လိုက်ပါဦးမယ်"

ထိုစဉ်...

တာဝန်ခံကြီးက တံခါးဝသို့ ရုတ်တရက် ရောက်ရှိလာ၏။

တာဝန်ခံကြီးက ခါးကိုင်း၍ အရိုအသေပေးရင်း သတင်းပို့၏။

"သခင်ကြီး ခင်ဗျာ...မင်္ဂလာပွဲ တက်ဖို့အတွက် အဆေးက ဧည့်သည်နှစ်ယောက် ရောက်နေပါတယ်"



"ဘယ်က ဧည့်သည်တွေလဲ"

တာဝန်ခံကြီးက...

"ကျားညီနောင်ပါ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ရှောက်လုံ၏ တစ်ကိုယ်လုံး သွေးများ ဆူတက်လာ၏။

"အင်း...ငါတွေ့ချင်တဲ့ ရန်သူနှစ်ယောက်လည်း အဆင်သင့် ရောက်လာကြပြီကိုး"

စိတ်ထဲမှ ရေရွတ်လိုက်၏။

ဂူချန်းက မျက်လုံးတစ်ချက်ပင့်၍ ရှောက်လုံအား မသိမသာ အကဲခတ်လိုက်၏။

ရှောက်လုံ၏ မျက်နှာပေါ်တွင် မည်သည့် လှုပ်ရှားမှု တစ်စုံတစ်ရာကို မတွေ့ရတော့မှ တာဝန်ခံကြီးအား လှမ်းပြောလိုက်သည်။

"အဲ့ဒီ ဧည့်သည်နှစ်ယောက်ကို ကျုပ်ဆီ ခေါ်လာခဲ့"

ဂူချန်း၏ အမိန့်ရသည်နှင့် တာဝန်ခံကြီးမှာ ချက်ချင်း ပြန်လှည့်၍ ထွက်ခွာသွားတော့၏။

စင်စစ် ရှောက်လုံ၏ မျက်လုံးမှလွဲ၍ ကျန်မျက်နှာ အမူအရာကို မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားသည် မဟုတ်ပါလော။

✱ ❖ ✱

www.burmeseclassic.com

www.burmeseclassic.com

## ပြတ်ပြတ်သားသား

“ကဲ… မိတ်ဆွေကြီး ကျုပ်ကို ပြန်ခွင့် ပြုပါဦး”

ရောက်လုံက တာဝန်ခံကြီး ထွက်သွားသောအခါ တံခါးဝသို့ ဦးတည်၍ လှမ်းသွားရင်း နှုတ်ဆက်လိုက်၏။

ဂူချန်းက ခေါင်းညိတ်လိုက်ပြီး…

“ကောင်းပါပြီ နောင်ကြီးကို ကျုပ် တံခါးဝအထိ လိုက်ပို့ပါ့မယ်”

ထို့နောက်…

နှစ်ယောက်သား ခြေလှမ်းကျဲဖြင့် ဧည့်ခန်းဆောင် အပြင်ဘက်သို့ ထွက်ခဲ့တော့၏။

ထိုသို့…

လျှောက်သွားနေရင်း စိတ်ထဲမှ ကျိတ်၍ ကျားညီနောင်နှစ်ဖော်အား ကြုံကြိုက်ခိုက် မည်ကဲ့သို့ တုံ့ပြန်ရမည်ကို စဉ်းစားနေမိ၏။

ဝင်းတံခါးဝသို့ ရောက်သောအခါ ဂူချန်းက…



“ကဲ… နောင်ကြီး ကျုပ် ဒီအထိပဲ ပို့တော့မယ်”

ရောက်လုံက ပြန်လည် ခေါင်းညိတ်လိုက်ပြီး…

“ကောင်းပါပြီ”

ထို့သို့ ပြောပြီး ဝင်းတံခါးမဆီသို့ လျှောက်သွား၏။

* ❖ *

တံခါးမတွင် ဧည့်သည်နှစ်ဦးကို တာဝန်ခံကြီးက ဆီးကြိုနေသည်ကို တွေ့ရ၏။

ရောက်လုံက ချောင်းတစ်ချက် ဟန့်၍ အသံပြုလိုက်ပြီး ကျားညီနောင် နှစ်ဖော်အား စတင် နှုတ်ဆက်လိုက်သည်။

“ကျားညီနောင် နှစ်ဖော် ဘယ်အရပ်က လာခဲ့ကြပါသလဲ၊ ခုလို တွေ့ရတာ ဝမ်းသာပါတယ်”

ရောက်လုံ၏ နှုတ်ဆက်စကားကြောင့် ကျားညီနောင်နှစ်ဖော်၏ လှမ်းနေသော ခြေလှမ်းများ တုံ့ခနဲရပ်တန့် သွားကြ၏။

ထို့နောက်…

မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် ဆံဖြူအဘိုးကြီးအား တအံ့တသြ ကြည့်နေကြ၏။

တစ်ခါမျှ မမြင်ဖူးသေးသော ဤသူစိမ်း အဘိုးကြီးက သူတို့အား နှုတ်ဆက်လာသဖြင့် အံ့သြ၍ နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျားရဲ့ညီနောင် နှစ်ဦးအနက် အသက်ကြီးသော အစ်ကိုကြီးက...

"ကျုပ်တို့ အသွားအလာ နည်းပါးတဲ့အတွက် မိတ်ဆွေကြီးကို ကောင်းကောင်း မသိဘူး၊ မိတ်ဆွေက ဘယ်သူပါလဲ"

ရှောက်လုံက မှတ်ဆိတ်မွေးကို အသာအယာ ပွတ်သပ်လိုက်ပြီး...

"အံ့ဩစရာပါလား...ရှောင်းရင်းတို့ ညီနောင်နှစ်ဖော်က ကျုပ်အဘိုးကြီးကိုတောင် မမှတ်မိတော့ပဲကိုး၊ အင်းပေါ့လေ နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် ကြာခဲ့ပြီဆိုတော့ ဘယ်မှတ်မိနိုင်ပါ့မလဲ၊ ကျုပ်ရဲ့နာမည်က အမည်မဲ့ အဘိုးအိုလို့ ခေါ်တယ်"

ကျားညီနောင်၏ မျက်နှာပေါ်တွင် ထိတ်လန့်မှုတို့က ချက်ချင်းပေါ်လာသည်။

နှုတ်မှလည်း ပြိုင်တူ ရေရွတ်လိုက်မိကြ၏။

"အမည်မဲ့ အဘိုးအို ဟုတ်လား"

ထိုစဉ်...

တာဝန်ခံကြီးက ကြားဝင်၍ ပြောလာသည်။

"ဒီ ဆရာကြီးက တစ်စုံတစ်ယောက်ရဲ့ စေခိုင်းချက်နဲ့ စာလာပို့တာပါ"

ကျားညီနောင်က အံ့ဩသင့်ဟန်ဖြင့်...



"အို...ဟုတ်လား...ဒါဆို နောင်ကြီးနဲ့ ဂူချန်းဟာ အသိအကျွမ်းတွေလား"

ရှောက်လုံက အားရပါးရ ရယ်မောလိုက်ပြီး...

"သိပ်ပြီး ရင်းနှီးကြတဲ့ မိတ်ဆွေတွေလို့ ပြောရမှာပေါ့"

"ဒါဆို မနက်ဖြန် မင်္ဂလာပွဲအတွက် နောင်ကြီး မနေတော့ဘူးလား"

ရှောက်လုံက ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ်မှာ တခြား ကိစ္စလေးတွေ ရှိနေလို့ မနေတော့ပါဘူး၊ ဒါပေမယ့် မကြာခင် ကျုပ်တို့ ပြန်တွေ့ကြမှာပါ"

ရှောက်လုံက ပြောပြီးသည်နှင့် နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

❋ ❖ ❋

ရှောက်လုံသည် အဆိပ်ဂူချန်း၏ ဂေဟာတံခါးပေါက်မှ ထွက်ခဲ့ပြီးနောက် တွေ့ရသည့် လမ်းကျဉ်းကလေးအတိုင်း လျှောက်လာခဲ့၏။

လျှောက်လာရင်းမှလည်း ရှောက်လုံ စိတ်ထဲမှ တွေးလာမိ၏။

"အင်း...ဂူချန်းဟာ သူ့မိသားစုရဲ့ အန္တရာယ်ကို ကာကွယ်ဖို့အတွက် ချိန်းတဲ့နေရာကို မလာလို့တော့ မဖြစ်ဘူး တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ကျားညီနောင်နှစ်ဖော် ရောက်လာတယ် ဆိုတော့ သူ့အတွက် စစ်ကူရသွားတဲ့အတွက် ယေါ့ယေါ့ဆဆ လုပ်လို့တော့ မဖြစ်သေးဘူး"

ရှောက်လုံက စဉ်းစားရင်း တဖြည်းဖြည်း လျှောက်လာရာ မကြာမီ ဂူချန်း၏ ဂေဟာခြံဝင်း အနောက်ဘက်ဆီသို့ ရောက်လာခဲ့၏။

ထို့နောက်...

ရှောက်လုံက ခြံဝင်းနံရံကို မသိမသာ ခုန်ကျော်၍ ဝင်လိုက်သည်။

စောစောက သူရောက်ခဲ့သည့် ဧည့်ဂေဟာ အဆောင်အနီးသို့ တိုးကပ်လာခဲ့၏။

ဧည့်ဂေဟာ အဆောင်အတွင်းဝယ် သူကြင်ထားသည့်အတိုင်း ဂူချန်းမှာ ကျားညီနောင် နှစ်ဖော်အား ဧည့်ခံစကား ပြောနေသည်။

အနီးတွင် မိန်းမကြီး တစ်ဦးနှင့် အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ဦးတို့လည်း ရှိနေသည်။

ဂူချန်း၏ ဇနီးနှင့်သား ဖြစ်ဟန်တူ၏။

ဧည့်ခန်းထဲတွင် ရှိနေသည့် ဤလူငါးယောက်စလုံး၏ မျက်နှာတွင် မရွှင်မပျ ရှိနေ၏။

ထိုစဉ်...

ဂူချန်းက စတင်၍ စကား ပြောလာသည်။



"နောင်ကြီးတို့ အမည်မဲ့ အဘိုးအိုကို သိကြသလား"

ကျားညီနောင် နှစ်ဖော်အနက် အစ်ကိုကြီးဖြစ်သူ အော့ယီက ခေါင်းယမ်းပြရင်း...

"ဟင့်အင်း...ကျွန်တော်တို့လည်း မသိဘူး၊ အရင်က ဒီနာမည် မျိုး ကြားတောင် မကြားမိဘူး"

ဤတွင် ဂူချန်းက...

"တစ်ခေတ်မှာ တစ်ယောက် ဆိုသလို နာမည်ကြီးနေတဲ့ ဝိဉာဉ်အလံရဲ့ ညီလို့ ပြောတာပဲ"

ထိုစကားကြားလျှင်...

ကျားညီနောင်နှစ်ဖော်၏ မျက်နှာမှာ ချက်ချင်း ပျက်သွားသည်။

ညီငယ် အော့စုက...

"ဒီအဘိုးကြီးက ရှောက်လုံနဲ့ ဘယ်လို ပတ်သက်နေသလဲ"

မေးလိုက်၏။

ဂူချန်းက မချိပြုံး ပြုံးလိုက်သည်။

ပြီးမှ ဖြည်းလေးစွာ ပြောလိုက်သည်။

"ပတ်သက်နေတဲ့ အကြောင်း တစ်ခုခုတော့ ရှိလိမ့်မယ်၊ ဒါပေမယ့် ခုထိ ကျွန်တော်လည်း စဉ်းစားလို့ မရသေးဘူး၊ ကျောက်စိစား ဂိုဏ်းချုပ် ကုန်းမှ အသတ်ခံရပြီး ကတည်းက ဒီကောင်ကြီး တစ်နေ့မဟုတ်တစ်နေ့ ကျုပ်ဆီ ရောက်လာလိမ့်မယ် ဆိုတာ ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



သိပြီးသား၊ အခုလည်း ဒီကောင်ကြီး ရောက်လာပြီ၊ နောင်ကြီးတို့ဆီကိုလည်း အနေးနဲ့အမြန် ဆိုသလို ရောက်လာမှာပဲ၊ ဒါကြောင့် အခု ကျုပ်တို့ဆုံကြတုန်း ဘယ်လို တုံ့ပြန်ကြမလဲဆိုတာ စဉ်းစားကြရအောင်"

ထိုစဉ်...

တစ်ချိန်လုံး ငြိမ်လျက် နားထောင်နေသော လူရွယ်က စိတ်ဓာတ် ပြင်းထန်သော အသံဖြင့်...

"ဘယ်လို တုံ့ပြန်ရမလဲ၊ မီးကို မီးနဲ့ တုံ့ပြန်ရသလို၊ သူချိန်းတဲ့အတိုင်း သွားပြီး သူ့ကို ရင်ဆိုင်လိုက်ရင် ပြီးတာပဲ မဟုတ်လား"

ဤတွင် ....

ဂူချမ်းက ဒေါသတကြီးဖြင့် အော်ဟေါက်လိုက်၏။

"တိတ်တိတ်နေစမ်း...သူ ချိန်းတဲ့ နေရာကိုသွားရင် သေမင်းဆီ သွားတာနဲ့ အတူတူပဲ၊ လူအယောက် တစ်ရာသွားလည်း ရမှာမဟုတ်ဘူး နားလည်လား"

လူရွယ်မှာ စကားထပ်မပြောရဲတော့ဘဲ တိတ်သွားသည်။

သို့သော်...

သူ၏ မျက်နှ[illegible]ှင် မကျေနပ်သည့် အမူအရာ ပေါ်နေသည်။

အော့ယီက ဂူချမ်းအား လှမ်းကြည့်လိုက်ပြီး မေးသည်။

"နောင်ကြီးကရော ဘယ်လို တုံ့ပြန်ချင်သလဲ"



ဂူချမ်းက ပြတ်သားသော လေသံဖြင့်...

"ထွက်ပြေး ပုန်းရှောင်နေကြမယ်"

အော့ယီက အံ့သြသင့်သွားပြီး..."

"ဘယ်လို"

"ဟုတ်တယ်...ဒီလို ရှောင်ပြေး ရုံကလွဲပြီး တခြား ရွေးစရာနည်းလမ်း မရှိတော့ဘူး"

ဤတွင် အော့ယီက...

"ဒီလိုဆိုရင် နောင်ကြီးရဲ့ လုပ်ငန်းတွေနဲ့ အိမ်ရာတွေကရော"

ဂူချမ်းက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး...

"အို...လူ့အသက်ထက် ဘာမှ အရေးမကြီးပါဘူး"

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော မိန်းမကြီးက ဝင်ပြော၏။

"တစ်ချိန်တုန်းက ရှင့်ရဲ့ သိုင်းလောကက မာန်တွေ ဘယ်ရောက်ကုန်ပြီလဲ"

ဂူချမ်း၏ မျက်နှာ ချက်ချင်း ညှိုးမှိုင်း၍ သွားသည်။

ပြီးမှ အေးဆေး တည်ငြိမ်သော အသံဖြင့်...

"ရှင်မရယ် ဒီလို လူမျိုးနဲ့ဖက်ပြီး ခိုက်ရန်မဖြစ်တာဘဲ ကောင်းလိမ့်မယ်၊ ရှင်မတို့အားလုံး အသက်ဘေးအန္တရာယ်က ဝေးလွတ်ဖို့ အရေးကြီးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်...မနက်ဖြန်"

"မနက်ဖြန်...ဘာဖြစ်လဲ"

မိန်းမကြီးက ဂူချန်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်ပြီး...

"ဖိတ်စာတွေ ကမ်းပြီး နေပြီ"

"အို...ဒါက အရေးမကြီးပါဘူး၊ အချိန်တွေ ရှိသေးတာပဲ၊ နောက်တရက်ကို ပြောင်းရွှေ့လိုက်တာပေါ့၊ အခု သိမ်းစရာရှိတာတွေ အမြန်သိမ်းဆည်းပြီး ရှင်မတို့သားအမိ အိမ်ပြန်ပြီး ခေတ္တ ရှောင်တိမ်းနေပါ"

မိန်းမကြီးက နားမလည်နိုင်သော အကြည့်ဖြင့် ထပ်မံကြည့်လိုက်ပြီး...

"ရှင်ကကော..."

ဂူချန်းက ကျားညီနောင် နှစ်ဦးဖက် လှည့်လိုက်ပြီး...

"ကျုပ်နဲ့ ဒီက ညီနောင်ကြီးတို့ နှစ်ဦးက တခြား လမ်းကနေ ထွက်ပြေးကြမယ်"

မိန်းမကြီးက ချက်ချင်း မေးသည်။

"ဘာဖြစ်လို့ အတူတူ မပြေးတာလဲ"

ဂူချန်းက ပျာပျာသလဲဖြင့်...

"ဟာ...အတူတူပြေးလို့ ဘယ်ဖြစ်မလဲ ပိုက်ကွန်တစ်ခုထဲ



ကို စုပြုံတိုးဝင်သလို ဖြစ်သွားမှာပေါ့၊ တစ်ဖက်ရန်သူဟာ ရှင်မတို့သားအမိကို သိတာ မဟုတ်ဘူး၊ ကဲ...အခုပဲ ခရီးထွက်ဖို့ ပြင်ကြမယ်၊ သားလေး မြင်းလှည်းတွေ အသင့်ပြင်ထား အနောက်ဘက်တံခါးက ထွက်ကြမယ်"

လူရွယ်က စိတ်လှုပ်ရှားသော အသံဖြင့်...

"မေမေ"

ဂူချန်းက သူ့သားကို စကားဆက်ပြောခွင့် မပြုဘဲ လက်ကာပြကာ တားလိုက်သည်။

ပြီးနောက် ကျယ်လောင်သော အသံဖြင့်...

"သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ အချိန်မှာ အပိုစကားတွေ လာပြောမနေစမ်းပါနဲ့၊ မြန်မြန် သွားကြ"

ဂူချန်းက သားအမိနှစ်ဦးအား မောင်းထုတ်လိုက်လေသည်။

အပြင်ဘက်ရှိ ခြံဝင်းထဲတွင် မီးဆင်နေကြသူများ ဆက်လက်ဆင်လျက် ရှိနေ၏။

အနောက်ဘက် ခြံဝင်းထဲတွင် ဖြစ်ပျက်နေသည့် အကြောင်းကိစ္စကို လုံးဝ မသိကြပါချေ။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

## လိုက်သူနဲ့ ပြေးသူ

ဖုန်းချိုး မြို့ပြင်။

ဂူချန်းနှင့် ကျားညီနောင် နှစ်ဖော်တို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်လာရာ ဖုန်းချိုးမြို့ပြင်သို့ ရောက်ရှိလာ၏။

မြို့ပြင်ရောက်၍ အနည်းငယ် ခရီးဆက်လက် နှင်လာမိကြသောအခါ လမ်းမကြီးမှ ခွဲထွက်သော လမ်းသွယ်လေးဆီသို့ ရောက်လာကြ၏။

ရှေ့မလှမ်းမကမ်းတွင် သစ်တောအုပ်လေးအား တွေ့လိုက်ကြရလေ၏။

အော့စုက စတင်မေးလိုက်သည်။

"ကျုပ်တို့ ဘယ်ကို ခရီးဆက်ကြမလဲ"

ဂူချန်းက...

"ကျုပ်တို့ ဒီနေရာကပဲ လမ်းခွဲပြီး ကိုယ့်လမ်း ကိုယ်သွားကြတာပေါ့"



အော့ယီ အံ့အားသင့်သွားပြီး...

"ဟင်...ဘယ်လို လမ်းခွဲမယ် ဟုတ်လား"

ဂူချန်းက ခေါင်းညိတ်လိုက်ပြီး...

"အင်း...ဟုတ်တယ်၊ ဘာကြောင့်လဲဆိုရင် ရောက်လုံဟာ ချိန်းထားတဲ့ အချိန်တက် ကျော်လွန်ရင် ကျုပ်တို့နောက်ကို လိုက်လာနိုင်တယ်"

ထိုစဉ်...

အရှေ့ဘက် တောအုပ်ဆီမှ ရယ်မောသံကို ကြားလိုက်ရ၏။

ဂူချန်းက တုန်ယင်သော အသံဖြင့်...

"ဟော့...ဘယ်သူလဲ"

ထိုအခါ တစ်ဖက်မှ အေးစက်မာကျောသော အသံထပ်မံ ထွက်ပေါ်လာသည်။

"ခင်ဗျားတို့ကို စောင့်ကြိုနေတဲ့ ရောက်လုံပဲဗျ"

မြင်းသုံးစီးမှာ အရပ်သုံးမျက်နှာသို့ ဦးတည်လိုက်ပြီး ထွက်ပြေးရန် ပြင်လိုက်၏။

သို့သော်...

လူရိပ်တစ်ခုက လျင်မြန်စွာ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရပြီး မြင်းဟီသံများ ချက်ချင်း ထွက်ပေါ်လာ၏။

တစ်ချိန်တည်းမှာပင် အသံက ထပ်မံ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂူချန်းနဲ့ ကျားညီနောင်နှစ်ဖော်တို့ ခင်ဗျားတို့ ပြေးလို့ မလွတ်တော့ဘူး၊ အခုအချိန်ဟာ ခင်ဗျားတို့အတွက် သွေးကြွေး ပြန်ဆပ်ရမယ့် အချိန်ရောက်နေပြီ"

ထိုစဉ်...

အော့စုက လျှပ်စီးလက်သကဲ့သို့ လျင်မြန်သော အရှိန်ဖြင့် နံဘေး တောအုပ်အတွင်းသို့ ပြေးဝင်လိုက်၏။

ယင်းနှင့် တစ်ပြိုင်တည်း လူရိပ်တစ်ခုကလည်း သူ့ထံသို့ ပြေးဝင်လာသည်။

အရိပ်နှစ်ခုသည် လေထဲ၌ တွေ့ဆုံသွား၏။

"အား"

နာကျင်စွာ အော်သံနှင့်အတူ အော့စုမှာ လဲကျသွားလေသည်။

ဤသည်ကို မြင်လျှင် အော့ယီမှာ ဒေါသချောင်းချောင်း ထွက်လာပြီး ရှောက်လုံအား အတင်းဝင်ရောက် တိုက်ခိုက်တော့၏။

"ချွမ်း"

ဓားနှစ်လက် ဆုံတွေ့သံ ထွက်ပေါ်လာပြီး အော့ယီ၏ လက်ထဲမှဓားသည် ထက်ပိုင်း ကျိုးသွားသည်။

အော့ယီမှာ ထိတ်လန့်သွားရသည်။

ယင်းအချိန်လေး အတွင်း၌ပင် အော့ယီမှာ ရင်ဝ၌ ကျင်ခနဲ ခံစားလိုက်ရပြီး ထိတ်လန့်ဘကြား အော်လိုက်မိ၏။



"အား..."

ထက်ပိုင်းကျိုးသွားသော ဓားဦးပိုင်းမှာ အော့ယီ၏ ရင်ဝအား ထုတ်ချင်းပေါက် ဝင်ရောက်သွားတော့သည်။

အော့ယီမှာ မတ်တတ်မှအရုပ်ကြိုးပြတ်ပမာလဲကျသွားတော့၏။

ရှောက်လုံက အော့ယီအား အော်ပြောလိုက်၏။

"အော့ယီ...သူတစ်ပါးကို သတ်တဲ့လူဟာ ကိုယ့်အလှည့်ကျရင် အဲဒီလိုပဲ သေရမယ်ဆိုတာ သိပြီလား"

ဆိုစဉ်...

အဆိပ်ဂူချန်းမှာ သစ်တောအုပ်အတွင်းသို့ ပြေးဝင်လိုက်သည်။

"ခင်ဗျားကြီး ဘယ်ပြေးမလို့လဲ"

ရှောက်လုံက အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်ကာ ပြေးသွား၏။

သို့သော်...

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ကလေးအတွင်း၌ပင် ဂူချန်းမှာ တောအုပ်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ရှောက်လုံက မကျေမနပ်ဖြင့် အံကို တင်းတင်း ကြိတ်လိုက်ပြီး မတွေ့တွေ့အောင် ရှာရန် ဆုံးဖြတ်လိုက်လေတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

# နောင်တ

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အဆိပ်ငှချန်းသည် မည်သည့်နေရာသို့ ရောက်သွားသနည်း။

ရောက်လုံမှာ မကျေမချမ်းဖြင့် တောအုပ်တစ်ခုလုံး ကွေ့ပတ်ရှာ၏။

ထိုသို့ရှာနေစဉ်...

ရုတ်တရက် ဝမ်းဗိုက်တစ်နေရာမှ မြွေကိုက်ခံလိုက် ရသကဲ့သို့ စစ်ခနဲ နာကျင်စွာ ခံစားလိုက်ရ၏။

ရောက်လုံ၏ စိတ်ထဲတွင် အကြီးအကျယ် တုန်လှုပ်သွား၏။

အဆိပ်အပ် ထိမှန် ခံလိုက်ရပြီ ဖြစ်ကြောင်း ချက်ချင်းသိလိုက်၏။

ငှချန်းသည် မည်သည့်နေရာတွင် ပုန်းအောင်းနေသနည်း။

"ငှချန်း သတ္တိရှိရင် ထွက်ခဲ့"

မည်သည့် တုံ့ပြန်သံမှ ထွက်မလာ။



ရောက်လုံက ထပ်၍ အော်ပြောလိုက်ပြန်၏။

"ငကြောက်ကြီး...ခင်ဗျားပြေးလို့ မလွတ်တော့ဘူး ဆိုတာ သိရဲ့လား"

ဤတစ်ကြိမ်တွင်တော့ တစ်ဖက်မှ တုံ့ပြန်သံက ရုတ်တရက် ထွက်ပေါ်လာ၏။

"ဟား...ဟား...ဟား ရောက်လုံ၊ မင်း သိပ်အော်မနေနဲ့ မင်း မနက်မိုးလင်းတဲ့ အထိ အသက်ရှင်ပြီး နေရမှာမဟုတ်တော့ဘူး"

ထွက်ပေါ်လာသော အသံမှာ ရောက်လုံနှင့် သုံးလေးလံ အကွာခန့်မှ ဖြစ်ပေသည်။

ရောက်လုံက အသံထွက်ပေါ်လာရာ နေရာဆီသို့ ဦးတည်၍ ခုန်တက်လိုက်လေသည်။

ထိုစဉ် သူ၏ဦးခေါင်းမှ မူးဝေသွားပြီး သူ၏ ခန္ဓာကိုယ်ထဲမှာ လဲကျမတတ် ဖြစ်သွား၏။

အဆိပ်၏ အာနိသင်က အလွန်ပြင်းထန်ကြောင်း ခံစားလိုက်ရပေသည်။

ရောက်လုံက အဆိပ်များ နှလုံးသို့ မရောက်ရှိနိုင်အောင် အတွင်းအားဖြင့် ခုခံထားလိုက်၏။

လက်တစ်ဖက်ဖြင့်လည်း ဝမ်းဗိုက်ကို ပြန်ကိုင်ကြည့်လိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်နှင့် စိုစွတ်သော အရာတို့ ထိတွေ့မှုကိုလည်း ခံစားလိုက်ရ၏။

သွေးများဖြစ်ကြောင်း ချက်ချင်း သိလိုက်၏။

ထို့နောက် မာကျောသည့် အရာတစ်ခုကို စမ်းမိပြန်ရာ ရုတ်တရက် ဆွဲနှုတ်၍ ကြည့်လိုက်၏။

နစ်လက်မခန့် ရှည်သော အဆိပ်အပ်တစ်ချောင်း ဖြစ်ကြောင်း တွေ့လိုက်ရ၏။

"ဟား...ဟား...ရှောက်လုံ နောင်နစ် ဒီအချိန်မှာ မင်းအတွက် သေခြင်းရဲ့ နစ်ပတ်လည်နေ့ပေါ့ကွာ ဟား...ဟား"

ကြားနေရသော အသံမှာ တဖြည်းဖြည်း ဝေးလံသွား၏။

ရှောက်လုံမှာ ဒေါသအကြီးအကျယ် ထွက်သွား၏။

အတွင်းအားကို အတတ်နိုင်ဆုံး ပြန်လည် စုစည်းလိုက်ပြီး ဂူးချုန် နောက်သို့ ပြေးလိုက်သွားလေသည်။

❋ ❖ ❋

အတွင်းအားကို ခုခံထားသော်လည်း တဖြည်းဖြည်းနှင့် အဆိပ်များမှာ တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာ၏။

ဦးနှောက်တစ်ခုလုံးမှာ ရီဝေလာပြီး ဂူးချုန် နောက်သို့ မလိုက်နိုင်တော့ဘဲ နောက်ဆုံး လဲကျသွားတော့၏။



"ငါ မသေရဘူး...ငါ မသေနိုင်သေးဘူး"

ရှောက်လုံ၏ စိတ်ထဲကျိတ်၍ အားတင်းလိုက်ပြီး လဲနေရာမှ လူးလဲကျသွား၏။

ဤတစ်ကြိမ်တွင်တော့ လုံးဝလှုပ်မရှား နိုင်တော့ဘဲ အရာအားလုံးသည် ဝေဝါး၍ သွားသည်။

ထိုစဉ်...

လူရိပ်တစ်ခုသည် သူ၏အနီးသို့ ရုတ်တရက် ရောက်လာပြီး သူ၏ ရင်ဝဆီသို့ ဓားရှည်နှင့် ထိုးစိုက်လိုက်သည်ကို မြင်ရပြီးနောက် လောကကြီး တစ်ခုလုံးအား မေ့သွားလေတော့၏။

❋ ❖ ❋

နေရောင်ခြည်သည် သစ်ကိုင်း သစ်ရွက်များကြားမှ ကိုယ်ပေါ်သို့ ထိုးချလာ၏။

ညက အဖြစ်အပျက် အားလုံးကို ရှောက်လုံ စဉ်းစားလိုက်မိလေသည်။

အဖြစ်အပျက်အားလုံးသည် အိပ်မက်ပမာ ဖြစ်နေ၏။

ပထမ မိမိသည် အဆိပ်အပ် ထိမှန်ကာ လဲကျသွား၏။

ထို့နောက် လူရိပ်တစ်ခုသည် မိမိ၏ရင်ဝအား ဓားရှည်နှင့် စိုက်လိုက်သည်ကိုလည်း သိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု မိမိသည် မသေသည့်အပြင် အဆိပ်သင့်ခြင်းမှ လည်း လွတ်မြောက်နေ၏။

အလွန်တစ်ရာ အံ့သြဖွယ် ကောင်းနေ၏။

ရောက်လုံ လဲလျောင်းနေသည့် အနေအထားမှ ဘေးဘီဝဲယာ ကို ဝေ့ကြည့်လိုက်၏။

ထိုအခါ...

သူနှင့် ခပ်လှမ်းလှမ်း နေရာတွင် လူတစ်ယောက် လဲကျနေ သည်ကို တွေ့လိုက်ရ၏။

ရောက်လုံ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး အနီးကပ်ကြည့် လိုက်၏။

ရောက်လုံမှာ အကြီးအကျယ် အံ့သြတုန်လှုပ်ရခြင်း ဖြစ်သွား လေတော့သည်။

သွေးအိုင်ထဲတွင် လဲကျနေသူမှာ ဂူးချန် ဖြစ်နေသောကြောင့် ဖြစ်၏။

ဂူးချန် သေဆုံးနေသည်မှာ အတော်ကြာပြီ ဖြစ်သည်။

ဂူးချန်အား မည်သူက သတ်လိုက်သနည်း။

ဤအတိုင်းဆိုလျှင်...

မိမိ၏နောက်တွင် အရိပ်ပမာ ထပ်ကြပ်မကွာ လိုက်နေသူ တစ်ဦး ရှိနေပေပြီ။



ထိုလူသည် မည်သူ ဖြစ်မည်နည်း။

အသံရှင်ပေလော။

ရောက်လုံက ဂူးချန်၏ အလောင်းကို ကြည့်လျက် စဉ်းစား နေစဉ်...

သစ်ရွက်လှုပ်ရှားသံကို ကြားလိုက်ရပြီး လူရိပ်တစ်ခု ထွက် ပေါ်လာ၏။

ဝတ်စုံနက် ဝတ်ဆင်ထားပြီး မျက်နှာဖုံး စွပ်ထားသော မိန်း ကလေးတစ်ဦးက ရောက်လုံ၏ အနီးသို့ လျှောက်လာ၏။

ရောက်လုံက ထိုမိန်းကလေးအား သေချာစွာ ကြည့်လိုက်ရာ မိုက်ရူးရဲ ဂူယံ၏ သမီး ရှမ်းယွင်၏ အစ်မ ရှမ်းချင်း ဖြစ်နေသည် ကို တွေ့ရ၏။

ရောက်လုံ၏ စိတ်ထဲတွင် လှုပ်ရှားသွား၏။

မိမိအား သူမကပင် ကယ်တင်လိုက်သည်လော။

အဘယ်ကြောင့်...

သူမသည် ဤနေရာသို့ ရောက်ရှိလာရသည်။

ရောက်လုံက လက်ဖမိုးနှစ်ခု ယှက်လျက် နှုတ်ဆက်စကား ပြောလိုက်၏။

"အစ်မ ရှမ်းချင်၊ အခုလို မမျှော်လင့်ဘဲ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချင်မှာ မျက်နှာဖုံး စွပ်ထားသဖြင့် သူမ၏ မျက်နှာအား အကဲခတ်၍ မရပေ။

သို့သော်...

သူမ၏ မျက်လုံးအစုံက ရောက်လုံအား မနှစ်မြို့သည့် အမူအရာ ပြနေ၏။

ရောက်လုံက ရှမ်းချင်အား အသေအချာ စူးစိုက်ကြည့်ပြီး မေးလိုက်သည်။

"ဒီလူကြီးကို ခင်ဗျား သတ်တာလား"

ရှမ်းချင်က အေးစက်သော အမူအရာဖြင့် ပြန်ဖြေလိုက်၏။

"မဟုတ်ဘူး"

ရောက်လုံ အံ့သြသွားသည်။

"ဒါဆို...ကျုပ်ကို ဘယ်သူက ကယ်တင် လိုက်တာပါလိမ့်"

ဟု ရေရွတ်လိုက်၏။

ရှမ်းချင်က မာကျောသော လေသံဖြင့်ပင်...

"ရှင့်ကို သတ်သင့်တဲ့ လူတစ်ယောက်က ရှင့်ကို ကယ်တင် လိုက်တာပဲ"

ရောက်လုံသည် နားမလည်နိုင်အောင် ဖြစ်သွားရလေ၏။

ထို့ကြောင့်...

ရှမ်းချင်အား နားမလည်နိုင်စွာ ကြည့်လိုက်ပြီး...



"ကျွန်မရဲ့ သနားစရာကောင်းတဲ့ ညီမပဲ"

ရောက်လုံ ကြားလိုက်ရသော စကားကြောင့် တုန်လှုပ်စွာဖြင့် နောက်သို့ ခြေလှမ်းဆုတ်မိသည်။

ရောက်လုံ၏ စိတ်ထဲတွင် ရှုပ်ထွေးသွား၏။

ယခု...

ရှမ်းချင်၏ ပြောချက်အရဆိုလျှင် မိမိအား ကယ်တင်လိုက်သူမှာ ရှမ်းယွင် ဖြစ်နေပေမည်။

ရောက်လုံ၏ မျက်နှာမှာ ချက်ချင်း နီရဲသွားပြီး...

"အခု သူ ဘယ်မှာလဲ"

ရှမ်းချင် မာဆတ်ဆတ်ဖြင့်...

"ရှင်ရဲ့ သစ္စာမရှိတဲ့ မျက်နှာကို မကြည့်ချင်လို့ ခုခု သူထွက်သွားပြီ"

ရောက်လုံမှာ ဘာမျှ မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက် ချသွားတော့လေ၏။

အတန်ကြာမှ ခေါင်းပြန်မော့လာပြီး...

"ကျုပ်ကို ဘာကြောင့် သစ္စာမရှိတဲ့ လူလို့ ပြောနိုင်ရတာလဲ"

ရှမ်းချင်က လှောင်ရယ် ရယ်လိုက်သည်။

ပြီးမှ ဒေါသတကြီးဖြင့်...

"ဟဲ့...မိန်းကလေး တစ်ယောက်ကို မှိုလို မျှစ်လို ချိုး

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ စွန့်ပစ်သွားတဲ့ လူကို သစ္စာမရှိတဲ့လူလို့ မပြောလို့ ဘယ်လို ပြောရမှာလဲ"

ဟု ပြော၏။

ရှောက်လုံက ရှမ်းချင်အား စူးစိုက်စွာ ပြန်ကြည့်လိုက်ပြီး မေးလိုက်၏။

"နေပါဦး... ဒီကိစ္စကို ခင်ဗျားက အစအဆုံးကောသိလို့လား"

ရှမ်းချင်က အေးစက်စွာ တစ်ချက်ရယ်လိုက်၏။

"ရှောက်လုံ ပြီးခဲ့တဲ့ အဖြစ်တွေကို ဘယ်သူ မှားတယ်၊ ဘယ်သူ မှန်တယ်ဆိုတာ မပြောချင်တော့ဘူး၊ ဒါပေမယ့် ညီမ ရှမ်းယွင်ဟာ ရှင့်ကို ချစ်နေတုန်းပဲဆိုတာ အမှန်ပဲ၊ ရှင်... ရှင်ဟာ တကယ်တော့ သူ့ရဲ့နှလုံးသားကို ချေမွပစ်ခဲ့တဲ့ လူယုတ်မာ"

လူယုတ်မာ...

ရှောက်လုံ မချိပြုံး ပြုံးလိုက်၏။

"ဒီမှာ ရှမ်းချင် ခင်ဗျားကို သူက ပြောမပြထားဘူးလားဗျ"

ရှမ်းချင် နားမလည်နိုင်စွာ ပြန်မေးသည်။

"ဘာကို ပြော ့မှာလဲ"

ရှောက်လ ... ...

"သူ့မှာ တခြား ကြင်နာရမယ့်သူ ရှိနေပြီဆိုတဲ့ အကြောင်းကိုလေ"



ဟု ပြောလိုက်၏။

ရုတ်တရက်...

ရှမ်းချင်၏ မျက်နှာက မာကျော ခက်ထန်သွားပြီး...

"ရှင်ပါးစပ်ရှိတိုင်း တွေ့ကရာတွေ လျှောက်ပြီးတော့ ပြောမနေပါနဲ့"

ဟုလည်း ပြော၏။

ရှောက်လုံ ကြောင်သွား၏။

"ကျုပ် ပါးစပ်ရှိတိုင်း လျှောက်ပြောနေတာ မဟုတ်ဘူး ခင်ဗျားရဲ့ ညီမရဲ့ ပါးစပ်က ပြောတာပဲ"

ရှမ်းချင်က ရှောက်လုံ ပြန်ပြောသည့် စကားကို ဂရုမစိုက်ဘဲ ဒေါသတကြီး ပြန်ပြောသည်။

"တကယ်လို့ သူနဲ့သာ ရှင် မတွေ့ရင် ရှင်ဟာ ဝူးချန်ရဲ့ အဆိပ်ဒဏ်နဲ့ သေတာကြာလှပြီ၊ ဒါတောင် ရှင်ခုထိ သဘောမပေါက်သေးဘူးလား"

ရှောက်လုံက မျက်လွှာကို ချ၍ ပြန်ပြောလိုက်သည်။

"ဒီအတွက်ကိုတော့ ကျုပ်က အများကြီးကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်၏။

ရှမ်းချင်က ရှောက်လုံအား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ရုံနဲ့ ပြီးမလား"

"ဒါဆို ကျုပ်က ဘာလုပ်ပေးရဦးမှာလဲ"

ရှမ်းချင်က ခေါင်းကို ခါယမ်းလိုက်ပြီး...

"ဘာမှ လုပ်ပေးဖို့ မလိုပါဘူး၊ ရှင်သိအောင် ပြောပြတာပါ၊ နေပါဦး စောစောက ရှင်ပြောတာ ကျွန်မ ညီမမှာ ကြင်နာရမယ့် သူ ရှိနေပြီလို့ ပြောတာ ဟုတ်လား"

ဟုမေးသည်။

ရောက်လုံ ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါကယ်"

"သူ့ရဲ့စကားက ဘယ်လို အဓိပ္ပာယ် ရှိတယ်ဆိုတာရော ရှင် သိသလား"

ရောက်လုံ ခေါင်းကို ခါယမ်းလိုက်ပြီး...

"ဟင့်အင်း...ကျုပ် မသိဘူး"

ရှမ်းချင်က ခနဲ့သံဖြင့် တစ်ချက် ရယ်လိုက်သည်။

"ဟင်း...ဟင်း ရောက်လုံ ရှင် သေသေချာချာ နားထောင် တကယ်တော့ သူဟာ ကိုယ့်ကိုယ်ကို သတ်သေတော့ မလို့တဲ့၊ ဒါပေမယ့် သူသေလို့ မဖြစ်ဘူးဆိုတာ သူ့ကိုယ်သူသိတယ်၊ ဘာကြောင့်လဲ ဆိုတော့၊ ရှင်ရဲ့ သန္ဓေသားကို သူ့ဝမ်းဗိုက်ထဲမှာ လွယ်ထားရတဲ့အတွက်ကြောင့်ပဲရှင့်"



ရှမ်းချင်၏ စကားက မိုးကြိုးသွားကဲ့သို့ ရောက်လုံ၏ ဦးခေါင်း တစ်ခုလုံးအား သွက်သွက် ခါသွားစေ၏။

ရောက်လုံမှာ ကိုယ်ကိုလဲကျ မသွားစေအောင် မနည်းထိန်း ထားလိုက်ရ၏။

မိမိတို့ နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် အထင် လွဲမှား ခဲ့ခြင်းဖြစ်သည်။

ရောက်လုံ တုန်ယင်သော လေသံဖြင့်...

"ဒါ...ဒါဆို သူ ဘာဖြစ်လို့ မပြောတာလဲ"

ဤတွင် ရှမ်းချင်က ဒေါသတကြီးဖြင့်...

"ရှင်ကကော သူ့ကို ဖြေရှင်းခွင့် ပေးလို့လား၊ ရောက်လုံ ရှင်ဟာ သူ့ကို တစ်ဖက်သတ် အထင်မှားခဲ့တယ်၊ ဒီအတွက် သူဟာ ရှင့်ကို အသနားခံပြီး ရှင်းမပြချင်လို့ ခုလို ထွက်သွားခဲ့တာပဲ"

ရောက်လုံမှာ စိတ်အလွန် လှုပ်ရှားနေ၏။

"အခု သူ ဘယ်ရောက်သွားပြီလဲ၊ ကျုပ် သူ့ကို တွေ့အောင် ရှာမှ ဖြစ်မယ်"

ရှမ်းချင်က ဆွေးရိပ်သန်းနေသော မျက်လုံးအစုံဖြင့် ရောက်လုံ အား ကြည့်လိုက်ပြီး...

"ရှင်...သူ့ကို လိုက်ရှာနေလို့လဲ အပိုပဲ၊ သူဟာ ရှင့်ကိုလုံးဝ မတွေ့ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ရှမ်းချင်အား ဝမ်းနည်းစွာ တစ်ချက်ကြည့်လိုက်ပြီး တိုးညှင်းသော လေသံဖြင့်...

"ကျုပ်အမှားကို ဝန်ခံပါတယ်၊ အခု ဘယ်မှာ ရှိနေတယ်ဆိုတာကို ပြောပြပါ"

ရှမ်းချင်က ဖြည်းလေးစွာ ခေါင်းယမ်းပြပြီ...

"သူ...ဘယ်ထွက် သွားသလဲဆိုတာ ကျွန်မ တကယ်မသိပါဘူး"

ရှောက်လုံ၏ အတွေးက ရှမ်းယွင်ထံသို့ ရောက်နေ၏။

အထူးသဖြင့် ဗိုနှင့်မ အတွေ့အမြင်ခြင်း သွေဖယ်သွားလျှင်တစ်ကမ္ဘာ ခြားသွားနိုင်သည်ကို သူ သဘော ပေါက်လာသည်။

သူနှင့် ရှမ်းယွင်တို့၏ အတိတ်က ဖြစ်ရပ်များကို တရေးရေးတွေးမြင်ရင်း နောင်တရလာမိ၏။

❋ ❖ ❋

ရှောက်လုံအတွက် စဉ်းစားလေ နောင်တရလေ ရင်ထဲမှ နာကျင်လေဖြစ်၏။

ယခင်က...

အေးစက်မာကျော တင်းမာနေသည့် သူ၏ နှလုံးသားသည်ယခုအချိန်တွင် အရည်ပျော်သွားချေပြီ။



ရှောက်လုံက လေပြင်းတစ်ချက် ရှိုက်လိုက်ပြီး...

"ရှမ်းချင် ခင်ဗျားဆီက အကူအညီ တောင်းခံပါရစေ၊ သူ အခု ဘယ်မှာ ရောက်နေသလဲဆိုတာ ပြောပြပါ'

ရှမ်းချင်က ခေါင်းကို အကြိမ်များစွာ ခါယမ်းလိုက်ပြီ။

"ကျွန်မ တကယ် မသိတာပါ၊ ဒါပေမယ့် ကျွန်မ တတ်နိုင်သမျှလောက် ကူညီပါ့မယ်၊ ဒီတစ်ခါ သူနဲ့တွေ့ရင် အကြောင်းစုံပြောပြပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ရှမ်းချင်က ခေတ္တ စဉ်းစားလိုက်ပြီးမှ ရှောက်လုံအား မေးလိုက်ပြန်သည်။

"ရှောက်လုံ...ရှင့်ကို ကျွန်မတစ်ခု မေးချင်တယ်၊ အမည်မဲ့အဘိုးအိုဟာ ရှင်နဲ့ ဘယ်လို ပတ်သက်နေသလဲ"

ရှောက်လုံ အနည်းငယ် တုန်လှုပ်သွား၏။

"မင်းရဲ့ ဦးကြီး မိုးဓားစန်းကျူး အသတ်ခံရတဲ့အတွက် ပြန်ကလဲ့စား ချေမလို့လား"

"ဟုတ်တယ်...ဒီအတွက် အဖြစ်မှန်ကို သိချင်တယ်"

"ဒါဟာ မင်းအဖေရဲ့ အမိန့်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နဲ့ အမည်မဲ့အဘိုးအိုဟာ မိတ်ဟောင်း ဆွေဟောင်း တွေပါပဲ၊ သူက မကောင်းမှုကို ဖယ်ရှားပေးတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးပဲ၊ အခုလည်း သူက ကျုပ်အတွက် လက်စားချေပေးလိုက်တဲ့ သဘောပဲ တကယ်လို့ မင်းရဲ့ အဖေက ဒီကိစ္စနဲ့ လူသတ်သမားနောက်ကို လိုက်ချင်တယ်ဆိုရင် ကျုပ် တာဝန်ယူပါတယ်"

ရှောက်လုံက မိမိ၏ ရုပ်ပြောင်းထားသည့် အကြောင်းကို ထုတ်ဖော် မပြောချင်သေး၍ ယခုကဲ့သို့ ဖုံးကွယ် ပြောဆိုလိုက်ခြင်း ဖြစ်၏။

ရှမ်းချင်က ခေါင်းကို ခါယမ်းလိုက်ပြီး...

"အဖေက ထွက်လာမှာ မဟုတ်ဘူး၊ အခု ဖြစ်ရတဲ့ အကြောင်း ကိုသာ ဘာကြောင့် ဖြစ်ရသလဲလို့ စုံစမ်းနိုင်းတာပါ"

ဤတွင်...

ရှောက်လုံက သူသိချင်သော အကြောင်းကို မေးလိုက်မိလေ၏။

"မင်းရဲ့ ဦးကြီး မိုးစားစန်းကျူးကို မင်း အဖေက သိုင်းပညာ အားလုံး ဖျက်ဆီးပစ်လိုက်တယ် ဆိုတာ အမှန်ပဲလား"

သိချင်စောကြောင့် လွတ်ခနဲ မေးလိုက်ပြီးမှ ရှောက်လုံက သတိရလာသည်။

ဤအချက်မှာ...



သူတစ်ပါး၏ လျှို့ဝှက်ချက်ပင် ဖြစ်၏။

စင်စစ် မမေးသင့်ပေ။

သို့သော်...

နှုတ်က လွတ်ခနဲ မေးမိလျက်သား ဖြစ်သွားချေသည်။

ဝှမ်းချင် အံ့သြတိတ်လန့် သွားဟန်ဖြင့်...

"ဒီအကြောင်းကို ရှင်က ဘယ်သူ့ဆီက ကြားခဲ့တာလဲ"

ရှောက်လုံ ချက်ချင်း မဖြေသေးဘဲ ခေတ္တတွေ၍ စဉ်းစား လိုက်ပြီးမှ ဖြည်းလေးစွာ ဖြေလိုက်၏။

"အမည်မဲ့ အဘိုးအိုဆီက ကြားခဲ့တာပဲ"

ရှမ်းချင်း ခေါင်းငုံ့သွားပြီ။

"ဟုတ်တယ်...ရှင် သိထားပြီးပြီဆိုတော့ ရှင့်ကို လိမ်ညာ နေဖို့ မလိုတော့ဘူး၊ တစ်ချိန်တုန်းက အဖေနဲ့ အမေဟာ အထင်မှား မှုနဲ့ အကြီးအကျယ် ရန်ဖြစ်ခဲ့ကြတယ်၊ နောက်တော့ ဒီလို ဖြစ်ရ တာဟာ ဦးကြီး စန်းကျူးရဲ့ ပယောဂကြောင့် ဆိုတာ သိလာရတယ်၊ ဒါကြောင့်...ဖေဖေဟာ ဒေါပွလာပြီး ဦးကြီးရဲ့ သိုင်းပညာ သင်ဘက် ညီနောင်အဖြစ်က စွန့်လွှတ်လိုက်တာပါပဲ"

ရှောက်လုံ ခေါင်းညိတ်လိုက်ပြီး...

"နေပါဦး...ခင်ဗျားကရော အိမ်က ဘာကိစ္စနဲ့ ထွက်လာရ တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ရှမ်းယွင် အတွက်ပါ၊ ရှမ်းယွင်ဟာ သေတဲ့အထိအိမ် မပြန်တော့ဘူးလို့ သစ္စာဆိုခဲ့တယ်၊ ဒါကြောင့် ကျွန်မလည်း သူ့ကို ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူး ဖြစ်နေတယ်"

ရှောက်လုံ စိတ်လှုပ်ရှားလာလပြီး အံကြိတ်လျက်...

"ကျုပ် သူ့ကို မတွေ့တွေ့အောင် လိုက်ရှာမယ်"

ရှမ်းချင် သက်ပြင်း အသာချပြီး...

"ကျွန်မလည်း ကူရှာပါ့မယ်၊ သူ အဝေးကြီး မရောက်နိုင် သေးပါဘူး၊ ကဲ...ကျွန်မ သွားတော့မယ်"

ရှမ်းချင်က ပြောပြီးသည်နှင့် သစ်တောအုပ် အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

❋ ❖ ❋



## အယောင်ဆောင်

ရှမ်းချင်း ထွက်သွားပြီးနောက် ရှောက်လုံက နေရာတွင်ပင် ရပ်လျက် စဉ်းစားနေမိသည်။

ထိုစဉ်...

"ဒီမှာဟေ့...တွေ့ပြီ မလွတ်စေနဲ့"

ရုတ်တရက်...

ကြားလိုက်ရသော အသံကြောင့် ရှောက်လုံ ရင်ထိတ်သွား မိလေ၏။

မရှေးမနှောင်းမှာပင် နောက်ထပ် အသံတစ်သံက ထွက်ပေါ် လာ၏။

"ဒီကောင်မကို ဝိုင်းထား မလွတ်စေနဲ့"

"ဟော့...ရပ်လိုက်"

ရှောက်လုံက နှုတ်မှ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါငါ့ကို ပြောနေတာ မဟုတ်ဘူး၊ ရှမ်းချင် ခုနကမှ ထွက်သွားတာဆိုတော့ ဧကန္တ ရှမ်းချင်ကိုများ အန္တရာယ် ပြုနေကြပြီလား"

ထိုသို့...

တွေးမိရင်း ရှောက်လုံ စိတ်ထဲတွင် နိုးရိမ်စိတ်ကလည်း လွမ်းမိုးလာ၏။

ထို့ကြောင့်...

အသံလာရာဆီသို့ တစ်ဟုန်ထိုးပြေးထွက်လာခဲ့လေတော့သည်။

❋ ❖ ❋

ရှောက်လုံ ရောက်လာချိန်၌ ရှမ်းချင်မှာ မင်းမှုထမ်းငါးဦး၏ အဝိုင်းကို ခံနေရ၏။

မင်းမှုထမ်း တစ်ဦးက ကျယ်လောင်သော အသံဖြင့်...

"မနေ့က ဆိုင်ထဲမှာ လူသတ်သွားတာ ဒီမိန်းကလေးပဲ"

"ဟုတ်တယ် ကျွန်မပဲ"

မင်းမှုထမ်း တစ်ဦးက ဝင်၍ မေးသည်။

"ဘာဖြစ်လို့ လူသတ်တာလဲ"

ရှမ်းချင်က မထီတရီ ပုံစံမျိုးဖြင့်...

"အို...လူသတ်ပါတယ်ဆိုမှ သတ်ချင်လို့ပေါ့"



ထိုမင်းမှုထမ်း ဒေါသတကြီးဖြင့်...

"အသားနာချင်ပြီ ထင်တယ်"

ပြောပြောဆိုဆို ထိုမင်းမှုထမ်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ဤတွင်...

ရှမ်းချင်က လျှပ်တစ်ပြက် လှုပ်ရှားလိုက်ပြီး မင်းမှုထမ်း၏ လည်ကုတ်အား ကုတ်ဆွဲချလိုက်၏။

မင်းမှုထမ်းမှာ နောက်သို့ လဲကျသွား၏။

ကျန်မင်းမှုထမ်း လေးဦးမှာ ထိတ်လန့်တကြား ဖြစ်သွားကာ ဓားများကို ဆွဲထုတ်လိုက်ကြ၏။

ထိုရဲမက် လေးဦး၏ အကွက်ယူထားပုံကို ကြည့်ခြင်းဖြင့် တစ်ရာထဲမှ တစ်ယောက် ရွေးထုတ်ထားသည့် အဆင့်မြင့် ပုဂ္ဂိုလ်တွေ ဖြစ်ကြောင်းကို သိနိုင်၏။

သူတို့ တစ်ပြိုင်တည်း ပူးပေါင်း၍ တိုက်ခိုက်လိုက်၏။

သူတို့ ပူးပေါင်းတိုက်ခိုက်ပုံမှာ အလွန်ကြောက်စရာ ကောင်းလှ၏။

ရှမ်းချင်က ဓားလေးလက်ကြားမှ ရှောင်ထွက်ပြီး မင်းမှုထမ်း တစ်ဦး၏ နောက်ဘက်ကို ဝင်ကုပ်လိုက်၏။

"အား"

www.burmeseclassic.com

www.burmeseclassic.com



နာကျင်စွာအော်သည့် အသံတစ်သံ ထွက်ပေါ်လာသည်။

ကျန်ရဲမက်များ ထိတ်လန့်သွား၏။

သို့သော်...

ရှမ်းချင်၏ ခန္ဓာကိုယ်က ရိပ်ခနဲ လှုပ်ရှားသွားပြန်၏။

"အား"

တတိယမြောက် မင်းမှုထမ်းမှာလည်း နာကျင်စွာ အော်ဟစ်လျက် လဲကျသွား၏။

ထိုစဉ်...

အေးစက်မာကျောလှသည့် ရှမ်းချင်၏အသံ ပေါ်လာ၏။

"ရှင်တို့နှစ်ယောက်လည်း သူ့နောက်ကို လိုက်သွားချင်လို့ စောင့်နေဟာလား၊ မသေချင်ရင် မြန်မြန် ထွက်သွားကြစမ်း"

"သတ္တိရှိရင် မင်း နာမည်ပြောပါ"

ရှမ်းချင် ရယ်လိုက်ပြီး...

"မင်း အဆင့်လောက်နဲ့ ငါ့နာမည် ထုတ်ပြောဖို့ မလိုသေးဘူး၊ အဲဒီတော့ မင်း မသေချင်ရင် ဝေးဝေး ပြေးကြစမ်း"

ထိုစဉ်...

ကြည်လင်ပြတ်သားသော ရယ်သံတစ်သံက ပျံ့လွင့်လာ၏။

မိန်းကလေးတစ်ဦး၏ ရယ်သံဖြစ်သည်။

❋ ❖ ❋



ရယ်သံနှင့်အတူ လူရိပ်တစ်ခု ရောက်လာ၏။

ထိုအရိပ်ရှင်မှာ အသက်ငါးဆယ်ခန့် မိန်းမကြီးတစ်ဦး ဖြစ်နေ၏။

သူမ၏ နောက်တွင် မိန်းကလေးတစ်ဦး ပါလာ၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ ရောက်လုံမှာ အကြီးအကျယ် တုန်လှုပ်သွား၏။

မမျှော်လင့်ဘဲ ရောက်ရှိလာသည့် မိန်းမကြီးမှာ မဟာမိုးမြေဂိုဏ်းမှ ဒုတိယဂိုဏ်းချုပ်ကြီး ဖြစ်နေသည်။

ရောက်လုံသည် တစ်ချိန်က အဘိုးကြီးယောင် ဆောင်လျက် ဤမိန်းမကြီးနှင့် ယှဉ်ပြိုင် တိုက်ခိုက်ဖူး၏။

ဤမိန်းမကြီးကို မြင်သည်နှင့် ရှမ်းချင်၏ မျက်နှာသည် အကြီးအကျယ် ပျက်သွား၏။

ကျန်ရှိသော မင်းမှုထမ်း နှစ်ဦးက ထိုမိန်းမကြီးအား အရိုအသေ ပေးကြ၏။

ထို့နောက်...

သေးသို့ ရှဲပေးလိုက်၏။

ထိုမိန်းမကြီးမှာ ရှမ်းချင်၏ ရှေ့သို့ လျှောက်လာပြီး အေးစက်စက် အသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…မိန်းကလေး…မင်းကိုယ်မင်း ဘယ်လိုပုံစံမျိုးနဲ့ သေချင်သလဲဆိုတာ စဉ်းစားလိုက်စမ်း"

ထိုအခါ ရှမ်းချင်က လုံးဝ မကြောက်ရွံ့သော အသွင်ဖြင့်…

"ကျုပ် သေမလား၊ ရှင် သေမလားဆိုတာ ကြည့်ကြသေးတာပေါ့"

"ဟား…ဟား…ဟား မင်းက ဒီအချိန်အထိ အပြောကြီးတုန်းပါလား၊ ကဲ…ပြောစမ်း မင်း နာမည်"

"ရှင့် နာမည်ကော"

"ငါ့နာမည် ဇွေကွမ်းချင်း၊ ငါ့အဆင့်က မဟာမိုးမြေဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်၊ ကဲ…မင်း ဘာသိချင်သေးလဲ"

ရှမ်းချင် အံ့သြသင့်သော မျက်နှာဖြင့်…

"သြော်…မဟာမိုးမြေဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်ကိုး၊ ရှင့်ကို ဒီလို မြေပြန့် ရောက်လာလိမ့်မယ်လို့ ကျွန်မ မထင်မိဘူး"

"မိန်းကလေး မင်းရဲ့ အထင်မဆိုးဘူး၊ ကဲ…ပြောစမ်းပါဦး၊ မင်းရဲ့နာမည်"

"ဒီအတွက် ဝမ်းနည်းပါတယ်၊ ကျုပ် နာမည် မပြောနိုင်ဘူး"

မိန်းမကြီးမျက်နှာ ရုတ်ခြည်း ခက်ထန်မာကျောသွားပြီး…

"ဟော့…ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့၊ ပြောစမ်း မင်း နာမည်"



ရှမ်းချင်က မိန်းမကြီးအား ရဲဝံ့စွာ တစ်ချက် ပြန်ကြည့်လိုက်ပြီး…

"တကယ်လို့ မပြောဘူးဆိုရင်ကော"

"ကျုပ်ရှေ့ ရောက်တဲ့လူ မှန်သမျှ မပြောတာ မရှိစေရဘူး"

ရှမ်းချင်က မနိုးမခန့် ရယ်လိုက်ပြီး…

"အခု…ကျုပ်ကလဲ ရှင့်ရှေ့ ရောက်နေတဲ့လူပဲ"

"ဟင်း…ဟင်း အဲဒါကြောင့် မင်း မပြောရင် သေဖို့သာ ပြင်ထားပေတော့"

ထိုသို့ ပြောပြီးသည်နှင့် မိန်းမကြီးက အင်္ကျီစကို ဖော့ယမ်းကာ…

"ကဲ…ကျုပ်ရဲ့ အဆိပ်ကောင်တွေရဲ့ အရသာကို မြည်းစမ်းကြည့်လိုက်ဦး"

ပြောပြောဆိုဆို မိန်းမကြီးက သူ့ အဆိပ် ပိုးကောင်များအား ပစ်လွှတ် တိုက်ခိုက်ရန် ပြင်လိုက်၏။

ထိုအဆိပ်များကို မိလိုက်လျှင် ဖြေဆေး လုံးဝမရှိ။

ထိုစဉ်…

"ရပ်လိုက်"

မိန်းမကြီးအား အော်ဟစ်တားလိုက်သော အသံကြီးတစ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏

www.burmeseclassic.com



အသံနှင့်အတူ ရှောက်လုံ၏ ခန္ဓာကိုယ်မှာလည်း ခွန်လွှား၍ ရောက်ရှိလာသည်။

ဤတွင်...

မိန်းကလေးတစ်ဦးက ရုတ်တရက် ထအော်လိုက်၏။

"ဟင်...ရှောက်လုံပါလား"

ထိုမိန်းကလေး၏ အော်သံကြောင့် ဇွေကွမ်းချင်းက ရှောက်လုံအား လှည့်ကြည့်လာပြီး...

"အဆိပ်လက်နက်နဲ့ သူတစ်ပါးကို ဒုက္ခပေးမယ် ကြံရင်တော့ ကျုပ်တို့က ကြည့်နေလိမ့်မယ် မဟုတ်ဘူး"

ဇွေကွမ်းချင်းက သဘောကျစွာ တစ်ချက်ရယ်ပြီး...

"တော်တော်ကြီးကျယ်တဲ့ ချာတိတ်ပါလား၊ ဒီမှာ ရှောက်လုံနှင့်ကိုငါ တွေ့ချင်နေတာ ကြာပြီ၊ အခုတော့ မင်းကို မရှာဘဲတွေ့တော့ ဒီပိအဆင်ပြေသွားတာပေါ့၊ ကဲ...ရှောက်လုံ ကျုပ်နဲ့အတူ အေးအေးဆေးဆေး လိုက်မလား၊ အေးအေး ဆေးဆေး မလိုက်ရင်တော့ အကြမ်းဖက်ပြီး ခေါ်သွားရလိမ့်မယ်"

ရှောက်လုံက ဇွမ်းချင်အား တစ်ချက်စောင်း၍ ကြည့်လိုက်ပြီး...

"မိန်ကလေး မင်းသွားတော့လေ"

ဟု ပြောလိုက်၏။



ဤတွင်...

ဇွေကွမ်းချင်းက ကြားဝင်၍ ပြောလာ၏။

"သူ့ကို ဘယ်သူက သွားခွင့်ပြုလို့လဲ"

ရှောက်လုံက ခပ်မာမာဖြင့်...

"ကျုပ်က သွားခွင့်ပြုတယ်လေ"

ဇွေကွမ်းချင်းက ရှောင်လုံအား တစ်ချက် စိုက်ကြည့်လိုက်ပြီး...

"မင်းက ဘာအားကိုးနဲ့ ဒီလောက် လေကျယ်နေရတာလဲ"

ရှောက်လုံက သူ၏ လက်ဝါးနှစ်ဖက်ကို မြှောက်ပြလိုက်ပြီး လျှင်...

"ဒါ အားကိုးနဲ့ပေါ့"

ဇွေကွမ်းချင်း အားရပါးရ ရယ်လိုက်ပြီး...

"အဲဒါကိုရော တကယ်ပဲ အားကိုးနိုင်ပါမလား"

ရှောက်လုံ တစ်ချက် ပြုံးလိုက်ပြီး...

"အားကိုးနိုင် မနိုင် စမ်းကြည့်လေ၊ ခင်ဗျား နည်းနည်းလူပ်တာနဲ့၊ ခေါင်းပြုတ် မသွားဘူးဆိုရင် ပြောချင်သလိုပြော"

ရှောက်လုံက ပြောပြီးသည်နှင့် ဓားကို မြှောက်လိုက်ကာ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်၏။

မျက်လုံးအစုံက လူနှစ်ဦးကို ပြိုင်တူ ကြည့်နေ၏။

ဇွေကွမ်းချင်းမှာ မျက်နှာတစ်ချက် ပျက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

မျက်နှာကို ပြန်ပြင်လိုက်ပြီး အေးစက်စက် လေသံဖြင့်...

"မင်းကို ကျုပ် စမ်းကြည့်တော့မယ်၊ ကိုယ်ထိ လက်ရောက်တော့ မစမ်းကြည့်ဘူး"

ဟု ပြော၏။

ရွှေကွင်းချင်း၏ စကားကြောင့် ရောက်လုံ၏ ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ရွှေကွမ်းချင်း၏ အဆိပ်ပိုးကောင် အစွမ်းကို ကြားဖူးထား၏။

ထို့ကြောင့်...

ရောက်လုံက လက်ဝါးလှိုင်းအားကို မသုံးဘဲ ဓားကိုသုံးရန်ဆုံးဖြတ်လိုက်၏။

ထို့ပြင်...

မိမိက လက်ဦးအောင် တိုက်စစ်ဆင်ပြီး ရွှေကွမ်းချင်းထံမှအဆိပ်ကောင်တွေ မပစ်လွှတ်နိုင်အောင် တိုက်နိုက်မှ ဖြစ်လိမ့်မည်ဟု ရောက်လုံ ကြိုတင်တွက်ဆထားပြီး ဖြစ်၏။

ရုတ်တရက်...

ရှမ်းချင် ရယ်လိုက်ပြီး ရွှေကွမ်းချင်းအား ပြော၏။

"ရွှေကွမ်းချင်း ရှင်သူနဲ့ တိုက်နေစရာ မလိုဘူး၊ ရှင်ဟာမကြာခင် ကျွန်မရဲ့ ဓားဖျားမှာ အသက်ပျောက်သွား စေရမယ်"



ရွှေကွမ်းချင်းက အသံကျယ်ကျယ်ဖြင့်...

"မိန်းကလေး...မင်း သိပ်လည်း လေကြီး မနေစမ်းပါနဲ့"

ရှမ်းချင် ယာလက်ကို မြှောက်လိုက်ပြီး...

"ကြည့်လိုက်စမ်း ဒါ ဘာပစ္စည်းလဲ"

ရှမ်းချင် ပြသောပစ္စည်းကို ရွှေကွမ်းချင်းက လှမ်းကြည့်ရာမျက်နှာပျက်သွားပြီး...

"နင်...နင် ဒီပစ္စည်းကို ဘယ်က ရသလဲ"

ရောက်လုံလည်း ရှမ်းချင် လက်ထဲမှ ပစ္စည်းကို လှမ်းကြည့်လိုက်၏။

ရှမ်းချင်၏ လက်ထဲတွင် ကိုင်ထားသော ပစ္စည်းမှာ အရောင်ငါးမျိုးရှိ ကြွေဘူးကြီး တစ်လုံးဖြစ်၏။

အရှည်မှာ ခြောက်လက်မခန့် ရှိ၏။

ထိုဘူး၏ ခါးလယ်တွင် ကြိုးတစ်ချောင်းကို ချိတ်ဆွဲထား၏။

ထိုကြိုးမှာ နီရဲပြီး မျက်စိစူးလှ၏။

ထိုပစ္စည်းမှာ မည်သည့်ပစ္စည်း ဖြစ်သောကြောင့် ရွှေကွမ်းချင်ထိတ်လန့်သွားရသနည်း။

✻ ❖ ✻

ရှမ်းချင်က အေးစက်သော အမူအရာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ…ရှင့်မှာ သတ္တိ မရှိပါဘူး"

ဈေးကွမ်းချင်းမှာ နောက်သို့ ခြေနစ်လှမ်းခန့် ဆုတ်သွားပြီး လှုပ်ရှားနေသော အသံဖြင့် ဆက်မေးသည်။

"နင်…နင် ဒီပစ္စည်းကို ဘယ်နေရာက ရလာသလဲဟင်"

ရှမ်းချင် မထီတရီ ပြုံးလိုက်ပြီး…

"ဒါကို ရှင်သိစရာ မလိုဘူး"

ဟု ပြော၏။

ထို့နောက်…

ရှောက်လုံဘက် လှည့်ကာ…

"ကျွန်မတို့ သွားကြစို့"

ရုတ်တရက်မို့ ရှောက်လုံက ကြောင်သွား၏။

"ဘယ်ကို သွားကြမှာလဲ"

ရှမ်းချင်းက ရှောက်လုံအား တစ်ချက် ကြည့်ပြီး…

"ဘာလဲ…ရှင်က မသွားချင်သေးလို့လား"

ရှောက်လုံ အခြေအနေကို ချက်ချင်းပင် သဘောပေါက်သွားလေသည်။

ထို့ကြောင့်…

ဓားကို ရုပ်သိမ်းလိုက်ပြီး…

"ကောင်းပြီ…သွားကြစို့"



ဤတွင် ဈေးကွမ်းချင်းမှာ ဒေါသသံဖြင့်…

"ရှောက်လုံ မင်း ဒီနေ့ ကံကောင်းလို့ လွတ်သွားတယ်မှတ်၊ ဒါပေမယ့် နင် ဘယ်ကိုမှလွတ်အောင် မပုန်းရှောင်နိုင်ပါဘူး၊ မကြာခင် ကျူပ်အမြောက်။ သိစေရမယ်၊ မင်းကို ရှင်းပစ်ဖို့အတွက် ဂိုဏ်းချုပ်ကြီးက အမိန့်ပေးပြီးသား၊ မင်းကို ဓားစာခံ တစ်ခုခုရအောင် ဖမ်းမိမှ ရနိုင်မယ်ဆိုတာ သိပါပြီ"

ရှောက်လုံ အေးစက်စွာ ရယ်လိုက်ရင်း…

"ခင်ဗျားကြီးကလည်း အခုလို အသက်ရှင်လျက်နဲ့ ကောင်းကောင်းမွန်မွန် ပြန်သွားနိုင်တာ ကံကောင်းတယ်လို့ မှတ်ပါ"

ပြောပြီးသည်နှင့် ရှောက်လုံက ရှမ်းချင်၏ အနီးသို့ လျှောက်သွားလေသည်။

ထို့နောက်…

နှစ်ယောက်သား သစ်တောအုပ် အတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

❋ ❖ ❋

www.burmeseclassic.com

www.burmeseclassic.com

## အလွဲသုံးစား

နှစ်ဦးသား လျှောက်လာကြရင်း ရှောက်လုံက ရှမ်းချင်အား မေးလိုက်၏။

"နေပါဦး...ကျုပ်ကို ဘာကြောင့် ခေါ်လာရတာလဲ"

ရှမ်းချင်က ရှောက်လုံအား စောင်းငဲ့ ကြည့်လိုက်ပြီး...

"ရှင် အန္တရာယ် ဖြစ်မှာစိုးလို့"

ရှောက်လုံ နားမလည်နိုင်သော အမူအရာဖြင့်...

"ဘာ...ဘယ်လို"

"ဟုတ်တယ်...ရှင်...အဲဒီ မိန်းမကြီးကို တိုက်ခိုက်ဖို့ မလွယ်တော့ဘူး၊ သူ့တစ်ကိုယ်လုံးမှာ အဆိပ်ပစ္စည်းတွေနဲ့ ပြည့်နေပြီ အထူးသဖြင့် အဆိပ်ပိုးကောင်တွေကို လျှပ်တစ်ပြက်အတွင်း လွှတ်လိုက်တာပဲ၊ အဲဒီ အဆိပ်ပိုးကောင် တစ်ကောင် ထိသွားရင် ရှင့်ကို သူက နည်းအမျိုးမျိုးနဲ့ ထိန်းချုပ်တော့မှာပဲ၊ ရှင်ဟာ မိုင်တစ်ရာ အတွင်း သူခိုင်းတာ လုပ်ပေးရလိမ့်မယ်"



ရှောက်လုံက စကားကို ခေတ္တနားပြီး ဆက်ပြောသည်။

"ရှင်သာ သူ့ကို တကယ် သတ်ချင်တယ်ဆိုရင် ရှင့် ထွက်လာကတည်းက သူ့ကို သတ်လိုက်ဖို့ ကောင်းတာ၊ သူ့ကို တိုက်ခိုက်မယ်ဆိုရင် လျှပ်တစ်ပြက်အတွင်း အပြတ်တိုက်ခိုက်နိုင်မှ နို့မဟုတ်ရင် သူ့ရဲ့ အဆိပ်ပိုးကောင်တွေ ပစ်လွှတ်တာနဲ့ ရှင် မလွယ်ဘူး"

သူမ၏ စကားမှာ သဘာဝကျလှသည်။

ရှောက်လုံမှာ ယခုမှပင် ရှမ်းချင်းအား ကျေးဇူးတင်မိတော့လေသည်။

ထိုစဉ် ရှမ်းချင်၏ စကားသံ ထွက်ပေါ်လာ၏။

"တကယ်လို့ သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်တယ်ဆိုရင် အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုယ်ကအရင် လက်ဦးမှုကို ရအောင် လုပ်ရမယ်"

ဤစကားမှာ အနည်းငယ် ရက်စက် ကြမ်းကြုတ်နေသော်လည်း အဓိပ္ပာယ် ရှိနေ၏။

ရှောက်လုံ ခေါင်းတစ်ချက် ညိတ်ပြီး ပြန်မေးသည်။

"ခင်ဗျား စောစောက ထုတ်ပြတဲ့ ပစ္စည်းက ဘာလဲ"

"အဖိုးတန် ပစ္စည်းတစ်ခုပဲ၊ အဖေရလိုက်တဲ့ ပစ္စည်းပဲ"

ရှောက်လုံက သဘောပေါက်ဟန်ဖြင့်...

"ဘယ်လို အဖိုးတန် ပစ္စည်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြေပြန့်က လူတွေဟာ ဒီကြွေဘူးမျိုး မြင်တွေ့ရခဲ့တယ်၊ ဒီဘူးထဲမှာ ထူးဆန်းတဲ့ ဆေးတွေ ရှိတယ်၊ ဘူးဆို့ကို ဖွင့်လိုက်တာနဲ့၊ ဆေးနံ့တွေ ထွက်လာပြီးတော့ အဆိပ်ကောင်တွေဟာ လွင့်ပစ်တဲ့ သူ့သခင်ကို ပြန်ကိုက်ကြတော့တာပဲ အထူးသဖြင့် ဒီအဆိပ်ပိုးကောင်တွေဟာ သခင်ရဲ့ ကိုယ်ပေါ်မှာအမြဲ ကပ်နေတတ်တယ်၊ ဒီဆေးနံ့ ရသွားတာနဲ့ သခင်ကို ပြန်ကိုက်ကြတော့တာပဲ၊ ဒီအချက်ကို သိလို့ ခွေကွမ်းချင်းဟာ လုံးဝမလှုပ်ရှား ရဲတော့တာပါ"

ရှောက်လုံမှာ တစ်ခါမှ မကြားဖူးသေးသော စကားကို ကြားရသဖြင့် အလွန်အံ့သြနေ၏။

ရှောက်လုံက အံ့သြနေသော မျက်နှာဖြင့် မှတ်ချက်ချလိုက်၏။

"သြော်...ဟုတ်ပြီ ဒါကြောင့် ခွေကွမ်းချင်းဟာ ဒီဘူးကို မြင်တာနဲ့ မျက်နှာပျက်သွားတာကိုး"

ရှောက်လုံ၏ မှတ်ချက် စကားအား ရှမ်းချင်က ခေါင်းညိတ်ထောက်ခံလိုက်၏။

"ဟုတ်တယ်"

ရှမ်းချင်က ခေတ္တမျှရပ်ပြီး စဉ်းစားနေလိုက်ပြီး ရှောက်လုံအား နှုတ်ဆက်စကား ဆို၏။

"ကဲ...ကျွန်မလည်း သွားစရာလေးတွေ ရှိသေးလို့ ဒီနေရာကပဲ လမ်းခွဲကြရအောင်"



ပြောပြီးသည်နှင့် ရှမ်းချင်က ရိပ်ခနဲ ခုန်လွှားကာ တောအုပ်အတွင်း တိုးဝင်ပျောက်ကွယ်သွားဟော့လေသည်။

ရှမ်းချင် ထွက်သွားပြီးနောက် ရှောက်လုံမှာ သူ၏ ပစ္စည်းများ ဝှက်ထားသည့် နေရာသို့ လျှောက်လာ၏။

ပစ္စည်းများ ဝှက်ထားသည့်နေရာ ရောက်သောအခါ ဝတ်ရုံရှည်ကိုဝတ်ပြီး မျက်နှာဖုံးစွပ်ကာ အမည်မဲ့အဘိုးအို အသွင်သို့ ပြန်လည် ကူးပြောင်းလိုက်တော့၏။

ထို့နောက် စုကျားမြို့သို့ ဦးတည်၍ ခရီးနှင်ခဲ့၏။

ရှောက်လုံ ခရီးနှင်လာရာ ချယ်ရီပင်တောအုပ်တစ်ခုသို့ ရောက်လာခဲ့၏။

ချယ်ရီပင်များမှာ ထွက်ပြူစ နေမင်းကြီး အရောင်ကဲ့သို့ ရဲရဲနီနေလေသည်။

ချယ်ရီပင်တောကို ဖြတ်လျှောက် လေပြည် လေညင်း တစ်ခုက တိုက်ခတ်လာ၏။ လေပြင်လေညှင်းနှင့်အတူ ရှောက်လုံမှာ သွေးညှီနံ့ကဲ့သို့ အနံ့ တစ်မျိုး ရှူရှိုက်လိုက်၏။

ရှောက်လုံ ချက်ချင်းပင် ထိတ်လန့်တကြီး ဖြစ်သွားကာ လေလာရာဘက်သို့ ရှာဖွေလိုက်ပြီးနောက် သွေးညှီနံ့ လာရာဘက်သို့ လျှောက်လာခဲ့သည်။

ဤတွင်...

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ ဆိုးရွားသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။

လူသေအလောင်း ဆယ်လောင်းမှာ သွေးသံရဲရဲဖြင့် ချယ်ရီပင်များကြား၌ ပြန့်ကျဲနေ၏။ လူတစ်ဦးစီ၏ ခန္ဓာကိုယ်ပေါ်တွင် ဓားဒဏ်ရာများမှာ သုံး လေး နေရာခန့် ရှိနေကြ၏။

ဤအချက်မှာ အနည်းငယ် ထူးဆန်းနေ၏။

ဤလူများအား မည်သူ သတ်လေသနည်း။

လူသတ်သမားသည် မည်သူ ဖြစ်သနည်း။

ရှောက်လုံ ထိုသို့ စဉ်းစားနေရင်း ဂေတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။ ဤတွင် ပြောင်ချောနေသော ကျောက်တုံးကြီးပေါ်တွင် သွေးများဖြင့် ရေးထားသော စာလုံးများကို တွေ့လိုက်ရ၏။

စာလုံးများ၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်လေသည်။

*"တစ်လောကလုံးကို လက်ဝါးကြီး အုပ်မယ့် အရိပ်မဲ့လက်သည်း ရှောက်လုံ"*

ဟူ၍ ဖြစ်သည်။

ရှောက်လုံ၏ တစ်ကိုယ်လုံး သွေးများ ဗလောင်ဆူလာ၏။

မည်သူက မိမိအမည်အား အလွဲသုံးစား လုပ်ကာ မိမိအား ချောက်တွန်းခဲ့လေသနည်း။

ရှောက်လုံမှာ ဒေါသထွက်လွန်း သောကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်သွား၏။



ဤလုပ်ရပ်မှာ အလွန်အောက်တန်းကျ ယုတ်မာလွန်းလှသည်။

လူသတ်သမားသည် မည်သို့သော ရည်ရွယ်ချက်ဖြင့် ဤကဲ့သို့ ပြုလုပ်သွားရလေသနည်း။

ထိုစဉ်...

လူရိပ်တစ်ခုသည် ရှောက်လုံ၏ ရှေ့သို့ ရောက်ရှိလ၏။

ရှောက်လုံက ထိုလူအား ဖြတ်ခနဲ လှမ်းကြည့်၏။

ထိုလူအား တစ်ခါမှ မမြင်ဖူးချေ။

ထိုလူက လက်ဖမိုး နှစ်ခုယှက်၍ အရိုအသေ ပေးရင်း...

"ကျွန်တော်ဟာ ကြိုးကြာဂိုဏ်းက နှစ်ဖက်စား ကျို့ထုံပါ၊ ဆရာကြီးနာမည် ဘယ်လို ခေါ်ပါသလဲ"

"ကျုပ်နာမည် အမည်မဲ့အဘိုးအိုလို့ ခေါ်ပါတယ်"

"ဘယ်လို အမည်မဲ့အဘိုးအို ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ဆရာကြီးဟာ ဝိဉာဉ်အလံရဲ့ ညီပါလား"

"အေး ... ဟုတ်တယ်"

နှစ်ဖက်စား ကျို့ထုံးမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။ ဘာမှ မပြောတော့ဘဲ တစ်ဖက်သို့ လှည့်ထွက်ရန် ဟန်ပြင်၏။ ရှောက်လုံက ဟန့်တားလိုက်၏။

"နေဦး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ဓား ကျို့ထုံ တုန့်ခနဲ ဖြစ်သွားပြီး...

"ဘာကိစ္စ ရှိသေးလို့လဲ"

ရှောက်လုံ ကျောက်တုံးပေါ်မှ သွေးစာလုံးများကို လက်ညှိုး ထိုးပြလိုက်ပြီး...

"ဒါက ဘာသဘောလဲ"

နှစ်ဖက်ဓား ကျို့ထုံက ထစ်တစ် ငေါ့ငေါ့ဖြင့်...

"ဒါ...ဒါတော့ ကျွန်တော်လည်း မသိဘူး၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ"

"အခုသေနေတဲ့ လူတွေအားလုံးဟာ မဟာမိုးမြေဂိုဏ်းသား တွေပဲ၊ ဒါကြောင့် ရှောက်လုံ ကလွဲလို့ သူတို့ကို ခုလို ဘယ်သူမှ တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး၊ ဒီအဖြစ်မျိုးက ဒီတစ်ကြိမ် ဒီနေရာ မှာတွင်မှ မဟုတ်တာ"

ရှောက်လုံ အံ့ဩသင့်သွားသည်။

"ဒီလိုဆို တခြား နေရာတွေမှာလဲ ဒါမျိုး ဖြစ်သေးတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် စုကျားမြို့ တစ်မြို့လုံး ဒီအတွက်နဲ့ လှုပ်လှုပ် ရွရွ ဖြစ်နေတယ်"

"ဒီလိုပဲ ရှောက်လုံ နာမည်ကို ရေးထားခဲ့တာပဲလား"

"ဟုတ်တယ်"



ရှောက်လုံက အံကိုတင်းတင်း ကြိတ်လိုက်သည်။

"အင်း...တော်တော် ယုတ်မာတဲ့ အကြံပါလား"

ရှောက်လုံက ထိုသို့ တွေးနေစဉ်...

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး ဆရာကြီး"

နှစ်ဖက်ဓား ကျို့ထုံက ဤတစ်ကြိမ် နှုတ်ဆက်ပြီးသည်နှင့် လစ်ခနဲ ပြေးထွက်သွားလေတော့သည်။

✲ ❖ ✲

ကျို့ထုံ ထွက်သွား၍ သိပ်မကြာမီမှာပင် အော်ဟစ်တားဆီးသံ တစ်သံကို ကြားလိုက်ရ၏။

"ဟေ့...ရပ်စမ်း"

ထိုအသံ ကြားလိုက်ရသည်နှင့် ရှောက်လုံ အနည်းငယ် ထိတ် လန့်သွားပြီး ဤတောထဲတွင် တတိယမြောက် လူတစ်ဦး ရောက်ရှိ နေကြောင်းလည်း သိလိုက်၏။

ရှောက်လုံက အသံလာရာဆီသို့ ပြေးသွားလိုက်၏။

အနီးသို့ရောက်၍ ကြည့်လိုက်သောအခါ ထိုလူမှာ သူ၏ မိတ်ဆွေ မြင်းဖြူဂိုဏ်းမှ မိုစီတောင်း ဖြစ်နေကြောင်း အံ့ဩစွာ တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုစီတောင်းမှာ ရောက်လုံက အဘိုးအိုတစ်ဦး ပုံသွင် ရုပ်ဖျက်ထားသောကြောင့် မမှတ်မိပါချေ။

မိုစီတောင်းက...

"ကျို့ထုံး...မင်းကို ရှာရတာ မောနေပြီ၊ ကဲ...မင်းနဲ့ငါ စာရင်း ရှင်းရမယ်"

ကျို့ထုံးမှ ရုတ်တရက် ကြောင်သွားပြီးမှ...

"နေပါဦး...ခင်ဗျားနဲ့ ကျုပ်က ဘယ်တုန်းက သိခဲ့ဖူးလို့လဲ"

ပြန်မေးလိုက်သည်။

မိုစီတောင်းက အေးစက်သော အသံဖြင့်...

"ကျို့ထုံး မင်းက ကျုပ်ကို မသိပေမယ့် ကျုပ်က သိတယ်၊ ဒီနေ့ နေမွန်းတည့်ချိန်မှာ ဘာတွေလုပ်ခဲ့သလဲ"

ကျို့ထုံး မျက်နှာမဲ့လိုက်သည်။

"မင်းဟာ မင်းသားလေးဖုံးကို အကူအညီပေးပြီး ဘာပြုလို့ ရှမ်းယွင်ကို နိုင်ထက်စီးနင်း လုပ်ရတာလဲ"

ထိုစကားကြားလျှင်...

ရောက်လုံ၏ တစ်ကိုယ်လုံး တုန်ယင်သွား၏။

ဒေါသတကြီး ကျို့ထုံးအား ကြည့်လိုက်သည်။

ကျို့ထုံးမှာ ရောက်လုံက မိမိအား ဒေါသတကြီး ကြည့်နေသည်ကို မြင်လျှင် ထိတ်လန့်သွား၏။



မျက်လုံးအစုံက ထွက်ပြေးရန် တာရှာနေသည်။

ရောက်လုံက...

"မင်း ထွက်ပြေးဖို့ မကြံနဲ့၊ ငါ့လက်ဝါးစာ မိသွားမယ်"

ကျို့ထုံးမှာ ထိတ်လန့်သွားရ၏။

ထိုစဉ် မိုစီတောင်းက ရောက်လုံအား မေးလိုက်သည်။

"ဒီက ဆရာကြီးက ဘယ်သူပါလဲ"

ရောက်လုံက ပြုံးကာ...

"ကျုပ်က ရောက်လုံရဲ့ မိတ်ဆွေပါ"

ပြောပြီး...

ကျို့ထုံးဘက် လှည့်ကာ သူ့၏ လက်ကောက်ဝတ်အား ဆုပ်ကိုင်လိုက်ပြီး...

"မင်းဟာ ရှမ်းယွင်ကို ဘာကြောင့် ဒုက္ခပေးရတာလဲကွ"

မေးလိုက်သည်။

ကျို့ထုံးက မျက်နှာမဲ့သွားကာ...

"ဒီပြဿနာတွေ အားလုံး ကျုပ်နဲ့ လုံးဝမဆိုင်ပါဘူး"

"မင်း သေသွားချင်သလား၊ သူ အခု ဘယ်မှာလဲ ပြောစမ်း"

"အခု သူ ထွက်သွားပါပြီ"

ရောက်လုံ ထိတ်လန့်သွား၏။

"ဘယ်လို သူ ထွက်သွားပြီ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မင်းသားလေး ဖုံးဟာ သူ့မှ ကိုယ်ဝန် ရှိမှန်းလဲ သိရော လွှတ်ပေးလိုက်တာပဲ"

ရောက်လုံ၏ မျက်လုံးအစုံမှာ ဒေါသရောင် ဝင်းနေ၏။

ကျို့ထုံးအား စိုက်ကြည့်ကာ...

"မင်း သိမ်နေတာ၊ အခု ရှမ်းယွင် ဘယ်မှာလဲ"

ကျို့ထုံးက ကြောက်ကြောက် လန့်လန့်ဖြင့်...

"ကျုပ်...ကျုပ် တကယ် မသိတာပါ"

ရောက်လုံသည် ကျို့ထုံး၏ လက်ကို တစ်ချက်ညှစ်လိုက်ပြီး...

"ဒါဆိုရင် မင်းသားလေး ဖုံးကော ဘယ်မှာလဲ"

ကျို့ထုံးက တစ်ချက် ညည်းညူရင်း...

"စု...စုကျားမြို့မှာပါ"

"ဝုန်း..."

ကျို့ထုံး၏ စကားသံ ဆုံးသည်နှင့် ရောက်လုံက လက်ဝါးဖြင့် ရိုက်ချလိုက်၏။ ထိုအခါ...

"အင့်"

ကျို့ထုံးမှာ တစ်ချက်သာ ညည်းညူကာ အဝေးသို့ လွင့်စင်သွားလေတော့သည်

ဒုတိယပိုင်း ပြီး၏

တက္ကသိုလ် ဝင်းကြွယ်

www.burmeseclassic.com